# သပိတ်အိုင်ဖေတာရဆရာတော်

## ဦးကေါဝိဒ

ထုတ်ဆိုရေးသားအပ်သော

# ရှုဘောဂကမ္ပန်ဖြစ်ကြား

ဓာတ်ကမ္မဋ္ဌာန်း

(၁၃) ကြိမ်မြောက်

ဓမ္မဒါန



သပိတ်အိုင်တောရဆရာတော်ဦးကိတ္တိပုံတော်

ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမက၊ လဇ္ဇီပေသလ၊ သိက္ခာကာမ
သပိတ်အိုင်တောရ-အရညဝါသီ၊ ယောဂီပုဂ္ဂိုလ်ဖြစ်သော

**ဆရာတော်ဦးကိတ္တိ**

သည်

ပါဠိတော်-အဋ္ဌကထာ-ဋီကာတို့မှ

ထုတ်နုတ်စီရင်ရေးသားအပ်သော

# စူဠသောတာပန်ဖြစ်ကြောင်း
# ဓာတ်ကမ္မဋ္ဌာန်း

ရင်းကျမ်းကိုအလိုရှိပါက မည်သူမဆို ရိုက်နှိပ်ကူးယူနိုင်သည်။
၁၃-ကြိမ်နှိပ်ခြင်း-အုပ်ရေ-၂၅၀၀။
ကျောင်းဆရာကြီးဦးဘသန်း (ဝဏ္ဏကျော်ထင်)
ပါဠိဆရာ-ဓမ္မာစရိယ-ဆရာတင်တို့
ကြည့်ကြပ်ပြင်ဆင်သည်။

**ငွေစံလင်းပုံနှိပ်တိုက်**
၄၅-ခေမာလမ်း၊ စမ်းချောင်း၊ရန်ကုန်မြို့ (ဖုံး ၃၀၇၇၈)

ပုံနှိပ်သူ ဦးတင်မြ ငွေစံလင်းပုံနှိပ်တိုက်၊
မှတ်ပုံတင်အမှတ်(၀၇၆၉)။
ထုတ်ဝေသူ ဦးဘလှသိန်း၊ အမှတ် ၂၈/ဘိုးစိန်လမ်း၊
ဘာသာရေးဆိုင်ရာစာပေ၊ ခွင့်ပြုချက်အမှတ် ၁၀၆၄၀
မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့် လက်မှတ် ၂၉၃

# သပိတ်အိုင်တောရ ဆရာတော်ဘုရား

## အတ္ထုပ္ပတ္တိ

သပိတ်အိုင်တောရဆရာတော်သည် တောင်ငူဒိစတြိတ် ရွှေကျွင်မြို့ အနောက်ဘက် ဇာတိဖြစ်၍၊ ပစတ္တိညောင်လေးပင်ဖြစ်သည်။ အဘမှာ ညောင်လေးပင်ဖြစ်၍၊ အမိမှာ ရွှေကျင် ဖြစ်သည်။ ၁၂၅၅-ခုနှစ် ကဆုန်လဆန်း ၃-ရက် တနင်းလာနေ့ ဖွားမြင်သည်။ ၁၂၇၀-ခုနှစ် တပေါင်းလဆုတ် ၄-ရက်နေ့ နံနက် ၈-နာရီခွဲအချိန်တွင် ရွှေကျင်ဂိုဏ်းဝင် သပြေပင်တောရဆရာတော် ဦးဥေယျကို ဥပဇ္ဈာယ်ပြု၍ သပြေပင်တောရခဏ္ဍသိမ်၌ပင်လျှင် ရဟန်းအဖြစ်သို့ ရောက်၏။

စာပေပရိယတ္တိတို့ကို သင်ရိုးပေါက်အောင် သင်ကြားလာခဲ့ပြီးနောက် ၁၂၈၈-ခုနှစ် ကဆုန်လဆန်း ၁၁-ရက်နေ့ညရထားဖြင့်စီးနင်း၍ ဘီလူးကျွန်းရွာလွှတ်ရွာ ဂူကလေးတောရ၌တဝါဆိုခဲ့ပြီးနောက် ၁၂၈၈ ခုနှစ် နတ်တော်လဆန်း ၁၃-ရက်နေ့ သပိတ်အိုင် တောရကျောင်းသို့ ရောက်လာ၏။

## နိမိတ်ကောင်းရပုံ

အထူးမှတ်မိသည်မှာ၊တနေ့သောညအခါ နာရီကို သတိထားပြီးအိပ်ကြရာ ရထားသို့သွားရန် နာရီအချိန်ကျရောက်သော အခါမည်သူမျှအလိုအလျောက်မနိုးကြဘဲ မြေငလျင်ကြီးလှုပ်လိုက်သောအခါ ကျမှသာလျှင် အားလုံးနိုးကြ၍ လိုက်၍ပို့သော ဦးသုနန္ဒနှင့်တကွ ဘူတာသို့လာကြ၏။ ထိုအခါ ဘယ်သူကိုမျှ

တစုံတရာ မပြောဘဲ ငါသည် အကြံအောင်တော့မည်တကားဟု သဘောပိုက်ကာ အထူးဝမ်းမြောက်လေတော့၏။

## တောတိရစ္ဆာန်များ အန္တရာယ်မပြုကြပုံ

သပိတ်အိုင်တောရကျောင်းသို့ ရောက်မှ တွေ့ကြုံ ဖြစ်ပျက်သော အကြောင်းအတ္ထုပ္ပတ္တိတို့ကားဤသို့တည်း။ ၁၂၈၈-ခုနှစ်ပြာသိုလ ည ၈-နာရီအချိန် ဆင်နှင့်ကျောင်းအနီးမှာပင်တွေ့၍ ကျောင်းပေါ်ကနေပြီးလျှင် မီးဖြင့်ပြ၍ "ဒီကိုလာ-ဒီကိုလာ" ဟု လက်ပြ၍ ခေါ်လိုက်သောအခါ ကျောင်းလှေကား အနီးလေးတောင်မျှလောက်သာ ကွာသောအရပ်သို့ ရောက်လာလျက် ၁၅-မိနစ်ခန့်မျှရပ်နေ၏။ ၎င်းနောက် သွားတော့ သွားတော့ဟု လက်နှင့်ပြလိုက်သောအခါမှ ထွက်သွားတော့၏။

၁၂၉၃-ခုနှစ်၊တန်ဆောင်မုန်းလဆန်း ၁၄-ရက်နေ့ဆွမ်းခံထွက်အံသွား လမ်း၌ကျားနှင့် ရင်ဆိုင်တိုးမိ၏။

၁၂၉၅-ခုနှစ်၊တပေါင်းလဆန်း၁၃-ရက်နေ့ရဟန်းခံကိစ္စရှိ၍ အရှေ့ကိုတက်ထလာရာလမ်း၌တောကောင်များကို ထောင်သော ဇကောက်တို မိ၍ဇကောက်သုတ်လိုက်သော်လည်း မမိဘဲ လွတ်သွား၏။ ထိုဇကောက်သည် ဘိုးငွေထောင်သော ဇကောက်ဖြစ်သည်ဟု သိရ၏။

၁၂၉၆-ခုနှစ်၊ ပဋ္ဌမဝါဆိုလဆန်း ၁-ရက်နေ့ တရားအားထုတ်နေစဉ် ည ၆-နာရီခွဲအချိန်တွင် ငှက်တကောင်သည် အခန်းထည်းသို့ဝင်လာပြီးလျှင်လက်ပေါ်သို့ကြာမြင့်စွာ လာ၍နားနေ

သောအခါ ခေါင်း နှုတ်သီး အတောင် စသည်တို့ကို ကိုင်တွယ် ကြည့်ရှုသော်လည်း မကြောက်မရွံ့နှင့်ပင်နေလေ၏။ ထိုအခါ အကြံဖြစ်သည်မှာ ဒီငှက်ဟာ ရိုးရိုးငှက်ဟုတ်မည်မထင်၊ ငါ၏ တရားအားထုတ်မှုကိုလာ၍နှောက်ယှက်သော ငှက်ပင်ဖြစ်ရမည် ဟု သဘောပိုက်၍ အပြင်သို့ထပြီးလျှင် တန်းတခုပေါ်သို့ တင်ထားလိုက်၏။ ၇-နာရီလောက်မှပြန်သွားသည်။ ၎င်းငှက် သည်မြေးပြေးကောင်ငှက်ဖြစ်သည်။

၁၃၀၁-ခုနှစ်၊တပို့တွဲလဆန်း ၈ ရက်နေ့ နံနက် ၄ နာရီခွဲ အချိန် ကျောင်းအောက် လွင်ပြင်၌၊ ရုက္ခမူ အဗ္ဘောကာသိက ဓုတင်ရရန် အလို့ငှါနေထိုင် အားထုတ်နေစဉ် တောဖျံ တ ကောင်သည်လာ၍ ခြေထောက် သင်္ကန်းတို့ကို နမ်းကြည့်ပြီး လျှင် မျက်နှာကို မော့ကြည့်၍ ထွက်သွား၏။

၁၃၀၂ -ခုနှစ် ကဆုန်လဆန်း ၄ ရက်နေ့ ရွာသားများ စရပ်လာမိုးကြရာ ထိုအခါတွင် စရပ်နှင့် လေးတောင်လောက် သာ ကွာဝေးသော ချုံနှင့် တုံးကြီးအောက်၌ ကျားမ တ ကောင်သည် သားဖွားနေဆဲဖြစ်၏။ စရပ်လာ၍ မိုးကြသော ထွန်းလင်း၊ မောင်ပေါ၊ ဖာသုံ၊ စိန်လန်ဘို စသောလူတစုတို့သည် ချုံများကို ခုတ်ထွင် လိုက်သောအခါ ၎င်းကျားမသည် တုံး ကြီးအောက်မှ ထွက်ခွါသွား၍ သားငယ်ကလေး ကျန်နေရာ ၎င်းသားငယ်ကလေးကို လူတစုတို့က ဘုန်းကြီးကို ပင့်ပြီးလျှင် ကြောင်ကလေးလား ကျားကလေးလားမသိဟု ပြောဆိုပြသ၍ ကြည့်ရှုသောအခါ “ဟဲ့ ကောင်တွေ ကြောင်ဟာ နှုတ်သီးလုံး၍

နှုတ်သီးရှည်သည်၊ နားရွက်ချွန်၍ နားရွက်ရှည်သည်၊ ယခုကျွဲ အကောင်ကလေးမှာ နှုတ်သီးတို၍ နှုတ်သီးဝိုင်းသည်။ နားရွက် တို၍ နားရွက်ဝိုင်းသည်။ ထို့ကြောင့်"ကျွဲကလေးဘဲ"ဟုပြော ဆို၍ သိမ်းယူထားလိုက်၏။ "မင်းတို့ စရပ်ကိုသာ ခပ်မြန်မြန် မိုးကြပါ၊ သူ၏သားကို သူလိုချင်လှရော့မယ်" ဟု ပြောဆိုပြီး ဆွမ်းစားနေရင်း ကြည့်ရှုနေစဉ် သူ၏သားကို လိုချင်သော စိတ်ကြောင့် မကြောက်မရွံ့ ၇ ခါတိတိ လူတောထဲသို့ အတင်း တိုး၍ ရှာနေသောကြောင့် ဘုန်းကြီးက ငါ့ သားကလေးကို ယူ၍ပေးမည်ဟု သွားသောအခါ ကိုးတောင် ဆယ်တောင် လောက် အနီးသို့ ရောက်သောအခါ ဘုန်းကြီး လက်ဝယ်သို့ ရောက်နေကြောင်းကို အသေအချာ ကြည့်ရှု၍ သိလျှင် စိတ် ပျက်သော သဘောမျိုးဖြင့် ပေါက်ဆွ ပေါက်ဆွနှင့် ပြေးသွား လေ၏။ စရပ်မိုးသောသူတို့ ပြန်ကြ၍ နေဝင်ပြီးမှ သူ၏ ပဌမ နေရာ၌ တဖန် သွားထားပေးသော အခါကျမှ လာယူသွား သည်။

၁၃၀၂-ခုနှစ် တပေါင်းလဆုတ် ၅– ရက်နေ့ ဆွမ်းခံအပြန် မရှောင်သာသော လမ်းအကြား၌ ဆွယ်စုံဆင်တကောင်နှင့် ရင် ဆိုင် တိုးမိနေရာ ဘေးအနားသို့ အနည်းငယ် တိမ်းပေး လိုက်ရာ ဆင်ကဘဖန်ပြန်၍ ဦးခေါင်းကို ချူ့ထဲသို့ထိုးပြီး တိမ်းပေး သောကြောင့် ဆင်၏ခြေနားက ၂–တောင် ၃–တောင်လောက် သာ ကွာလျက်လာခဲ့ရ၏။

၁၃၀၂-ခုနှစ် တန်ခူးလဆန်း၉ရက်နေ့ လူကို အကြိမ်ကြိမ် သတ်၍ ဆင်ဦးစီးတယောက်ကိုစားပစ်သည်ဟု သတင်းကြီးနေ သော နာမည်ကျော်ချစ်စရာခေါ်အလွန်ဆိုးသောဆင်၏ ပါးစပ် အထဲသို့ အစာခွံ့ကျွေးရာကောင်းစွာစားသောက်၏။ ဆင်ဦးစီး ဖြစ်သော ချစ်လှ၊ညိမ်း၊ ငှင်းပြင် ငစိန်တို့ရှေ့မှာပင်ဖြစ်၏။

၁၃၀၂-ခုနှစ် တန်ခူးလဆန်း ၁၁-ရက်နေ့ငှင်းဆင်ဆိုးကိုပင် ငှင်းအတိုင်း အစာကျွေးပြီး အစွယ်များကို ကိုင်တွယ်ကြည့်ရှု သော်လည်း ရန်မမူကောင်းစွာပင်နေ၏။ထိုအခါ ချစ်လှ ညိမ်း ထွန်းခိုင်စသော ကရင်မလေးတွေအများရှေ့မှာပင်ဖြစ်၏၊

၁၃၀၂-ခုနှစ် တန်ခူးလဆန်း-၁၄-ရက်နေ့ငှင်းဆင်ဆိုးလွတ် ပြီးထွက်ပြေးနေတုန်း လိုက်ဖမ်းကြစဉ် ဆွမ်းခံအပြန် ရင်ဆိုင် တိုးမိပြန်၏။

၁၃၀၂-ခုနှစ် တန်ခူးလဆုတ်၁-ရက်နေ့ ဆင်ဦးစီးနှင့်တကွ ကျောင်းသို့ရောက်လာကြ၍ ငှင်းဆင်ဆိုးနှင့် အခြားတကောင်ပါ နှစ်ကောင်ကို ကိုယ်တိုင်အစာခွံ့ကျွေး၏။ ဆင်ဦးစီးဖြစ်ကြသော ချစ်လှ, မြစိန်, ငှင်းပြင် ထွန်းခိုင်၊ ပိန်တာ, ကျင်ခဲတို့ရှိကြ၏။

၁၃၀၂-ခုနှစ် တန်ခူးလဆုတ်၂-ရက်နေ့ ငှင်းဆင်နှစ်ကောင် ကိုပင် ဆင်ဦးစီးများကိုကျောင်း၌မနေစေဘဲ" ဆင်နှစ်ကောင်ကို သာ ထားပစ်ခဲ့ကြ-မင်းတို့ ပြန်သွားကြတော့= ငါနှင့်ဆင်နှစ်

ကောင်နှင့်ဘာဘဲဖြစ်ဖြစ် ဖြစ်ချင်သလိုဖြစ်ပေစေတော့” ဟုပြော သောအခါ ဆွင်ဦးစီးနှစ်ယောက်ကရယ်မောကြသည်။ ၎င်းတို့ နှစ်ယောက်ပြန်သွားပြီးမှ အသင့်ပြုလုပ်ထားသော ငှက်ပျောပင် ၁၂-ပင်ကို တနာရီခွဲကြာမျှပါးစပ်အတွင်းသို့ ခွံ့ကျွေးပြီးအလိုရှိ ရာသို့သွားစေရာ ထူးမရှိဘဲလျက် ကျောင်းအတွင်းမှာပင် စား လျက်အချိန်ကုန်စေ၏။

၁၃၀၃-ခုနှစ်၊တန်ခူးလဆုတ် ၁၁-ရက်နေ့ ၎င်းချစ်စရာခေါ် ဆင်ဆိုးကို ထူးမပါဘဲ လွှတ်ထားရာ ကျောင်းသို့လာပြီးလျှင် ကျောင်းနှင့် ပေ—၁၀၀မျှလောက်သာ ဝေးကွာသောနတ်မြား တောထဲ၌ စားနေစဉ်“ချစ်စရာ ချစ်စရာ”ဟုပေ၅၀-လောက်က နေ၍ခေါ်လိုက်သောအခါ ၎င်းဆင်ဆိုးချစ်စရာသည် ဦးတိုက်၍ လာ၏။ ထိုအခါကျွေးစရာဘာမျှမရှိဖြစ်နေ၍ မြကြည်နှင့်ထွန်းအုံ ကို“ငါ့ကိုငှက်ပျောပင် တထမ်းစီ သွားထမ်းပေးကြစမ်းပါ”ဟု ခိုင်းလိုက်ပြီးနောက် ရောက်လာသောအခါ ပါးစပ်ထဲသို့ပင် ခွံ့ ကျွေးလိုက်၏။ ကြည့်ရှုနေကြသော လူများမှာ မြကြည် ထွန်းအုံ ဘိုးလွင် စံရွှေ ကျော်တင် စံဖေ အညို စသော လူပေါင်း ၅၁-ယောက်လောက် ရှေ့မှာပင်ဖြစ်ကြ၏။ ပိုက်လိုက်တို့သား အဖ နှစ်ယောက်လည်းရှိ၏။ ထိုအခါ အစွယ်ကိုလည်း ကိုင်တွယ်ပြသေး၏။

၁၃၀၃-ခုနှစ်၊ ကဆုန်လဆန်း ၁-ရက်နေ့လမ်းပေါ်မှာ၎င်း ဆင်ဆိုးပိုတ်နေ၍ ဆွမ်းခံအပြန် သပိတ်ထဲ၌ ပါလာသော

ငှက်ပျော သီးသုံးလုံးကိုပြ၍ လမ်းဘေးတခုသို့ခေါ်သွားပြီးလျှင် ကျွေးမွေးလာခဲ့ရ၏။ ၎င်းနေ့ နေ့လယ် ကျောင်းအတွင်းသို့လာ ပြန်၍ သစ်တိုသီးသရက်သီးတို့ကို ကျွေးမွေးလိုက်ရသေး၏။

၁၃၀၃-ခုနှစ် ကဆုန်လဆန်း၃-ရက်နေ့ ၎င်းဆင်ဆိုးကိုပင် နှတ် မြားတော၌ စားသောက်နေသော နေရာသို့ သွားပြီးလျှင် မင်းဘောပင်ငှက်ပျောသီး ဒူရင်းသီးတို့ကိုခွံ့ကျွေးပြီး အစွယ် ဖျား ကိုကိုင်တွယ်သောအခါမခံချင်၍အနည်းငယ်အသံဟိန်း၏။ အစွယ်ကလေးကို ကိုင်တာတောင်မှ မခံချင်ဘူးလားဟုပြောဆို ပြီး ဖ ဖန်ထင်၍ ကိုင်တွယ်ပွတ်သပ်သောအခါငြိမ်လျက်နေ၏။ ကြည့်ရှု နေကြသောသူတို့မှာ အပို့ ထွန်းအုံ အလိန်အောင်သန်း တို့ဖြစ် ၏။

၁၃၀၃ -ခုနှစ်၊ကဆုန်လဆန်း၅—ရက်နေ့ဆင်ဦးစီးတို့သည် ကျောင်းသို့လိုက်၍ဖမ်းရတောပျင်းရှိ၍ မလာအောင်ထူးခပ်ပြီး တနေရာ၌လွှတ်ထားသော်လည်း လာမြဲလာတော့၏။ ထိုအခါ အသင့်လုပ်ထားပြီးဖြစ်သော ငှက်ပျောပင်မငဲ့ဘောပင်သစ်တို သီးတို့ကိုခွံ့ကျွေးရင်း အစွယ်ကိုကိုင်တွယ်သေး၏။ ထိုအခါ တင်အောင်ဆိုသောသူငယ်ကလေးကို "မင်းဆင်စွယ်ကိုကိုင်ဘူး ရဲ့လား၊လာ ငါနှင့်အတူတူ ကိုင်တွယ်ရအောင်ဟု ပြောဆိုပြီး တင်အောင်၏လက်ကိုကိုင်၍ အစွယ်ကို ကိုင်ခိုင်းသော အခါ လက်လေးလုံးလောက် ကွာမှဝူးကနဲ မြည်ကာ ခေါင်းကိုငုံ့ပစ် လိုက်သည် ။ သူငယ်ကလေးအကိုင်ကို မခံ။

၁၃၀၃-ခု၊ ကဆုန်လဆန်း ၄-ရက်နေ့ ကျောင်းအတွင်းသို့ ရောက်လာသောကြောင့်ကျောင်းအရှေ့ကိုခေါ်ယူလာပြီးလျှင် မင်းဘောင်ပင်ထမင်းခြောက်သံစည်ပုံး ၂-ပုံးကျွေးလိုက်သေး၏။ ထိုအခါဆရာကူးငင်း၏ဇနီးအောင်တင်၊ ထွန်းငွေ စသော လူ အများလည်းရှိ၏။ ဘအုန်းတို့လူတစုနှင့်ငမူး ဘရွှေ ဘကျား ၎င်း၏ဇနီးတို့လည်းရှိကြ၏။

၁၃၁၂-ခုနှစ်ပြာသိုလဆုတ်၇-ရက်နေ့ ဆွမ်းခံအပြန် ဒင်္ဂါး ဆိုသော ဆင်ဆိုးအား ငှက်ပျောသီး ၃-လုံး ကျွေးလိုက်၏။ ညာဘက်က အစွယ်တချောင်းသာရှိသောတ ယ်ဆင်မျိုးဖြစ်၏။ ကျွေးသောအခါ အစွယ်မရှိသော ဘယ်ဘက်ကိုလှည့်ပေး၏။

၁၃၀၇-ခုနှစ်၊ တော်လင်းလဆုတ် ၆-ရက်နေ့ည ဘုရားကစ် ခေါ်သောဆင်တကောင်လာပြီးလျှင် ကျောင်းအောက်ကနေ၍ ဘုန်းကြီးခြေထောက်ကို လာ၍နမ်းကြည့်၏။

၁၃၀၇- ခုနှစ်၊တန်ဆောင်မုန်းလဆန်း ၃-ရက်နေ့ဆင်ဆိုး သိန်းတန်ရောက်လာ၏။ ၎င်း ၅-ရက်နေ့ ဟိုင်းကြီးတကောင် ရောက်လာပြန်၍ ခေါ်သောအခါတည့်တည့်လာ၏။

၁၃၀၇ - ခုနှစ်၊တန်ဆောင်မုန်းလဆုတ် ၁-ရက်နေ့တုတ်ကြီး ခေါ်ဆင်တယ်တကောင် ကျောင်းသို့ရောက်လာ၏။ ၎င်း-၆ ရက်နေ့ဆင်မကြီးနှင့်တုတ်ကြီးလာပြန်၏။ ၎င်းသူငွေးဆင်၇- ကောင်တို့နှင့် အမျိုးမျိုးတွေကြုံခဲ့ရသေး၏။ ၎င်း သူဌေးဆင် ၇-ကောင်အနက် သိန်းတန် တကောင်သာလျှင် ဆင်ဆိုးဖြစ် သည်။

၁၃၀၇–ခုနှစ်၊ တပေါင်းလဆန်း ၂–ရက်နေ့ညနေ ၄-နာရီအချိန်တွင် ဆင်ဆိုးသိန်းတန်သည် ကျောင်းသို့အထူး လာပြီး လျှင်ကျောင်းသို့ တပတ်လှည့်ပြီး သက်န်းကိုနမ်းကြည့်ကာ ဘိနပ်ကိုနမ်းကြည့်ပြီးထွက်သွား၏။

## ကိုယ်တွေ့ပုဂ္ဂိုလ်များ၏လျှောက်ထားချက်

၁၃၁၃–ခုနှစ်တွင်ကျုံ့ကရွာ ဦးရွှေရင်ကတကြိမ်၊ သောင်းစိန်ကတကြိမ် လာရောက် လျှောက်ကြသည်မှာ "သပိတ်အိုင်ဘုန်းကြီးကို မော်လမြိုင်မီးလောင်ပြင်၌ ဆွမ်းလာ၍ခံသည်ကို လူအများတွေ့မြင်ပါသည်ဘုရား" ဟု လျှောက်သွား၏။

၁၃၁၄–ခုနှစ်တွင်ကျုံ့ကရွာ မောင်ထွန်းအောင် လာ၍ လျှောက်သည်မှာ ရွာထဲက လူအများပြောဆိုနေကြသည်မှာ "သပိတ်အိုင်ဘုန်းကြီးကို သကုံ၌ ဆွမ်းခံကြွလာသည်ကို တွေ့မြင်သူက အသေအချာတွေ့မြင်ရပါ၏။" ဟုလျှောက်သွား၏။ တွေ့မြင်သူဆိုသူမှာ ကုံ့ကရွာသားအသက် ၁၆–နှစ်ရှိ ကိုရင်ကလေးအာလောက လူအမည် မောင်အောင်ဖြစ်သည်။ မောင်ခင်မနန်းပိုက်၏သားဖြစ်၏။ ကိုရင်ဝတ်နှင့် သထုံမှန်ကျောင်း၌ နေ၏။

၁၃၁၇–ခုနှစ်၊သီတင်းကျွတ်လက လူဝတ်နှင့် ကျောင်းသို့ ရောက်လာ၍ "ငါသထုံကို ဆွမ်းခံကြွလာသည်ကိုမင်း မြင်သဆို" ဟု မေးသောအခါ "မြင်ပါသည်ဘုရား" ဟု လျှောက်သွား၏။

၁၃၁၅-ခုနှစ်တွင်ဦးပဋ္ဌင်းထွန်းရေးလျှောက်သွားသည်မှာ "ရွာထဲ၌ ပြောသံ ဆိုသံကြားရသည်မှာသပိတ်အိုင်ဘုန်းကြီးကို ဘီလူးကျွန်းသို့ ဆွမ်းခံကြွလာသည်ကို ဥတ္တမကျော်ကိုယ်တိုင် တွေ့မြင်ရပါ၏" ဟု လျှောက်သွား၏။

၁၃၂၀ ခုနှစ်၊တော်သလင်းလဆန်း၁၅-ရက်နေ့ကကျုံ့က ရွာ မောင်အေးတို့လာကြရာမောင်အေးလျှောက်သွားသည်မှာ "မိုးဦး ကျအခါတုန်းက ဘီလူးကျွန်းက မောင်ကျော် ပြော ပြသွားသည်မှာ ဘီလူးကျွန်းသို့ သပိတ်အိုင်ဆရာတော် ဆွမ်း ခံကြွလာ၍ သပိတ်အတွင်း၌မုံ့နှင့်သစ်သီးများတောင် တွေ့မြင် လိုက်ရပါသေး၏"ဟုလျှောက်သွား၏။

၁၃၁၆-ခုနှစ်၊ ကဆုန်လဆန်းက စန်းမောင်အား သပိတ် အိုင် ဆရာတော်ကမေးသည်မှာ "ငါသတင်းကို မင်းတို့ရွာထဲ၌ ဘာများ ပြောဆိုသံကြားရသလဲ" ဟု မေးသောအခါ ယခင် ၂-နှစ်လောက်ကအမေ့ကို မုတ္တမလူအများကမေးကြ၏။သပိတ် အိုင်ဘုန်းကြီးဟာ ကျုံ့ကရွာမှာရှိရဲ့လားဟုမေးလျှင်"ရှိတယ် လေ၊ ဘယ်ကိုမှမသွားဘူး။နေ့စဉ် ဆွမ်းခံလာသည်ကို မပျက် မကွက်တွေ့မြင်ရ၏" ဟု အမေကပြန်ပြောရာ"ဒီမှာလည်း ဆွမ်း ခံကြွလာသည်ကိုတွေ့မြင်ရ၏"ဟုမုတ္တမက လူများကအမေ့ကို ပြောပြကြောင်းစန်းမောင်လျှောကသွား၏။

၁၃၁၆-ခုနှစ်၊ ဝါဆိုလဆုတ် ၁၄-ရက်နေ့"ကျွဲခြံရွာသို့ သပိတ်အိုင်တောရဆရာတော် ဆွမ်းခံကြွလာသည်ကို တွေ့မြင်

ရ၏''ဟု ကျွဲခြံရွာက လူအများပြောဆိုသံကိုကျုံကရွာသုံးအိမ်စုနေ ကိုညွန့်က လျှောက်သွား၏။

၁၃၁၆-ခုနှစ်၊တန်ခူးလဆန်း၁၀-ရက်နေ့၊ဦးပဥ္စင်းအောင်ချစ်နှင့်ဦးပဥ္စင်းမောင်ငေ လူမောင်တော့ အကန်တော့လာကြရာလူမောင်ငေလျှောက်သွားသည်မှာ ''ကဒါက ဈေးကြိုဒါယိကာမကြီးများ ပြောပြသွားသည်မှာ သပိတ်အိုင် ဆရာတော်သည်ကဒါရွာကိုမကြာမကြာ ဆွမ်းခံကြွလာသည်ကို တွေ့မြင်ရ၏''ဟု လျှောက်သွား၏။

၁၃၁၇-ခုနှစ်၊ ကဆုန်လနှင့် နယုန်လ တော်သလင်းလအတွင်း သာယာကုန်း ပန်းကုန်းကလူအများ အဖူးအမျှော်လာရောက်ကြသည်မှာငါးကြိမ်ရှိသွား၏၊ ရင်းနှစ်ပဋ္ဌမဝါဆိုလဆန်း ၄-ရက်နေ့က ကျုံကရွာနေ မောင်ပွ မစန်းတင်တို့ လျှောက်သွားသည်မှာ''ပန်းကုံးက လူအများတို့ ပြောပြသွားပါသည်၊ ပန်းကုံးရွာသို့မကြာမကြာဆွမ်းခံကြွလာသည်ကို တွေ့မြင်ရ၏''ဟု လျှောက်သွား၏။

၁၃၁၇-ခုနှစ်၊တန်ဆောင်မုန်းလဆုတ် ၈-ရက်နေ့ လက်ပံက လူအများ လာကန်တော့ကြ၏။ ''ဝါတွင်းက လက်ပံသို့ဆွမ်းခံ ကြွလာသည်ကို တွေ့မြင်သူက တွေ့မြင်ရပါ၏'' ဟုလျှောက်သွား၏။

၁၃၁၈-ခုနှစ်၊ ဝါဆိုလဆန်း ၁၅-ရက်နေ့တွင် ကျွဲခြံရွာစေိန်စသောလူတစုတို့ လာရောက်ကန်တော့ကြရာတွင် စေိန်က

၁၄–ရက်နေ့ကတပည့်တော်တို့အိမ်မှာ ဆွမ်းကျွေးမွေးပြုလုပ်ရာ သူအချို့ပြောဆိုကြသည်မှာ''သပိတ်အိုင်ဘုန်းကြီးကိုအလံတရာဘုရားမှာ ဆွမ်းခံလာသည်ကိုတွေ့မြင်ရ၏''ဟုပြောကြဆိုကြသံကို ကြားရပါ၏ဟု လျှောက်သွား၏။

၁၃၁၉–ခုနှစ်၊ နတ်တော်လဆုတ် ၁-ရက်နေ့၊ မော်လမြိုင် မုပွန်ကျောက်တန်းက ဦးသူရိယနှင့် ဦးတေဇနိယတို့ လာကြရာ ဦးတေဇနိယက ပြောသွားသည်မှာ သပိတ်အိုင် ဆရာတော် ရန်ကုန်သို့ ဆွမ်းလာခံ၍ မုံ့နှင့်သစ်သီးလောင်းလှူလိုက်ပါ၏ဟု လောင်းလှူလိုက်ရသော ဒါယကာများက ပြောသောအခါ ဒိုကဒါယကာများကို စုံစမ်းကြည့်ရှုရာ ဒီမှာလည်းအမြဲမပြတ်ရှိနေကြောင်းကိုသိရ၏ဟုပြောသွား၏။ သပိတ်အိုင် ဆရာတော်က အသည်အခါတုန်းကတော့ မုံ့နှင့်သစ်သီးစားရပါ၏ ဟု ပြောပြလိုက်၏။စားရပုံကတော့ လူတယောက်က "သုံးအိမ်စုရွာနေ မောင်ထွန်းရှိန် မဖွားတင့်တို့၏အိမ်သို့ ရန်ကုန်ကပို့လိုက်ပါသည်၊ သပိတ်အိုင်ဆရာတော် ဆွမ်းခံကြွလာသော အခါ လောင်းလိုက်ပါ"ဟု ပြောဆိုပြီး ပြန်လှည့်သွား၏။ မုံ့ကားချိုဇာကိတ် ၈–လုံး သစ်တော်သီး၃–လုံး သပျက်သီးမှည့်အတွဲကြီးတတွဲ"လာပို့သောသူကို မှတ်မိရဲ့လား"ဟု မေးသောအခါ "မမှတ်မိဘူး"ဟု ပြောဆို၏။

၁၃၁၆-ခုနှစ်၊ ကဆုန်လကွယ်နေ့က ကတ္တွန်က ဦးထွန်းကြိုင်နှင့် ဦးဘိုးကြော့တို့အပြင် ကျုံ့ကရွာနေ ကျောင်းဆရာဦးဂျာငေ

တို့ တရားလာနာကြရင်း လျှောက်သွားသည်မှာ "ဒေးပရိမ်း သရက်တော တောရ ကျောင်းသို့ သကြ်န်အခါ ဥပုသ် သွားစောင့်ကြရာ တောရကျောင်း ဘုန်းကြီးက ဘုန်းကြီးကို နတ်ကြီးများက သပိတ်အိုင်ဘုန်းကြီးဟာ ရဟန္တာ ဖြစ်နေပြီဟု ပြောသွားသည့် အကြောင်းကို တပည့်တော်တို့ကို ပြောပြပါ သည်ဘုရား"ဟု လျှောက်သွား၏။

သရက်တောဘုန်းကြီးက သပိတ်အိုင်ကို ဘုန်းကြီးလဲသွား ချင်သည်ဟု ပြောဆိုသော စကားများတို့ကိုလည်း လျှောက် သွား၏။ဒါယကာကြီးတို့ ပြန်သွားသောအခါ လျှောက်လိုက်ပါ အရေးတကြီး မလာပါနှင့်၊ နောင်ကို တွေ့မြင်ရပါလိမ့်မည် ဟု ပြောပြသည့် အကြောင်းကိုသာ လျှောက်လိုက်ပါဟု မှာကြား လိုက်ပြီးသည့် နောက် ၃-ရက် ကြာသောအခါ "သပိတ်အိုင် ဆရာတော်ကို ကျောင်းအတွင်းမှာပင်လျှင် ဖူးတွေ့ရပြီးပါပြီ" ဟု သတင်း ပြန်ပို့လိုက်၏။

၁၃၁၈-ခုနှစ်၊ကဆုန်လဆန်း ၉-ရက်နေ့တွင် သရက်တော ဘုန်းတော်ကြီး ရောက်လာ၍ ဘုန်းကြီးတပည့်တော်ကို ဖူးတွေ့ရ ပြီးပါပြီဟု သတင်းပြန်ပို့တာတော့ မှန်ပါပြီ "ဘုန်းကြီးဖူးတွေ့ ရသောဘုန်းကြီးဟာ တပည့်တော် ဟုတ်ရဲ့လား"ဟု မေးသော အခါ "ဟုတ်ပါတယ် ဒီအတိုင်းပါဘဲ နဲနဲမှ မလွဲပါဘူး" ဟု ပြောသွား၏။ဘုန်းကြီးကို နတ်ကြီးများက ပြောသွားသည်ဟု

ဆိုသည်မှာ ဘုန်းကြီး ဘာလုပ်နေတုန်းလဲ ဘယ်နှစ်ကလဲ ဘယ်လကလဲ ဘယ်ရက်ကလဲ ဟု မေးသောအခါ–

၁၃၁၅–ခုနှစ်၊သီတင်းကျွတ်လဆန်း ၆–ရက်နေ့ည ၇-နာရီ အချိန်တရားအားထုတ်နေစဉ်''အောက်နတ်ကလေးများတောင် မဟုတ်ပါဘူး၊ နတ်ကြီးများက ကောင်းကင်မှ လာပြီးလျှင် ကြိုးစား အားထုတ်ပါ၊ စိတ်မလျှော့လိုက်ပါနှင့်၊ သပိတ်အိုင် ဆရာတော်ဖြင့် ရဟန္တာဖြစ်သွားပြီ''ဟု ပြောသွား၏။

၁၃၁၇–ခုနှစ်၊သီတင်းကျွတ်လဆုတ်၌ ကျုံ့ကတောတောင် တို့၌ ကေစာ ဒွိကစာ နေကြသော တောရကျောင်းဘုန်းကြီး ၇–ပါးတို့သည် အကန်တော့လာကြရာတွင် သပိတ်အိုင်ဆရာ တော်က မေးမြန်းလိုက်၏။ ''ကိလေသာ ထကြွသောအခါ နတ်များ သိနိုင်မလား မသိနိုင်ဘူးလား''ဟု မေးသောအခါ သိနိုင်မှာပေါ့ဘုရားဟု ပြောဆို၏။ ''ကိလေသာစိတ် ဖြစ်ပေါ် လာသောအခါလည်း နတ်များသိနိုင်မလား မသိနိုင်ဘူးလား'' ဟုမေးသောအခါသိနိုင်မှာပေါ့ဘုရားဟု ပြောဆို၏။ဒါကြောင့် လားဖြင့်မသိဘူး။၁၃၁၂–ခုနှစ်ကစပြီးယခု၁၃၂၁–ခုနှစ်အထိ ကိလေသာ ထကြွလာသောအခါ တခါမျှ မရှိဘူးဘူး၊ ကိလေ သာစိတ်ဖြစ်ပေါ်လာသောအခါလည်းတခါဘူးမျှ မရှိဘူးဘူး၊ ဤကဲ့သို့သော အကြောင်းတို့ကို နတ်ကြီးများတို့က သိရှိ၍ ဒေးပရိမ်း သရက်တောက တောရကျောင်းဘုန်းကြီးဦးသုန္ဒရကို

သွားပြောတာလားမသိဘူး၊ ၎င်းဦးသုန္ဒရသည် ရန်ကုန် ကန်ဘဲ့သား ဇာတိဖြစ်၏။

၁၃၂၂- ခုနှစ် တန်ခူးလဆုတ် ၇ ရက်နေ့၌ အလယ်ရွာနေ အဒေါ်ဆိုသူလာ၍ လျှောက်သွားသည်မှာ "တပည့်တော်တို့၏ ရွာက သီလရှင်ကြီး တယောက် မုဂ္ဂိုပေါ်တော်မူဘုရား၏ စရပ်ကချဉ်၌ နေ၍ နံနက်အရုဏ် ဆွမ်းတော်တင် ကပ်လျက် နေလာရာ တပေါင်းလဆုတ်ကစ၍ တန်ခူးလပြည့်ခါနီးအထိ နေ့စဉ် ဆွမ်းတော် တင်သောအချိန်ကျရောက်သောအခါ သပိတ်အိုင် ဆရာတော်သည် နေ့စဉ်ကြွရောက်၍ လာသည်။ သင်္ကြန်ကျခါနီး၍ အလယ်ရွာသို့ တန်ခူးလ မပြည့်ခင် ပြန်လာသောအခါ အဒေါ်ကို ပြောပြသည်" ဟုလျှောက်သွား၏။

၁၃၂၂-ခုနှစ်၊ ပြာသိုလ်လတွင် အုတ်ဈံတားက မောင်ထွန်းအုံး လျှောက်သွားသည်မှာ ဇင်းကျိုက်က ဒေါ်ထားခင် ပြောသည်မှာ "သပိတ်အိုင်ဆရာတော်ကို ငါတို့အိမ်၌ သေသေချာချာဖူးတွေ့ရ၏" ဟုပြောသောအခါ ထွန်းအုံးက "ကျွန်တော်တို့ တော့ဖြင့် ကျောင်းကိုအရောက်သွားမှ ဖူးတွေ့ရတာဘဲ၊ ခင်ဗျားတို့လိုတော့ အိမ်၌သေသေချာချာ မတွေ့ရဘူး"ဟု ပြန်ပြောလိုက်ရ၏ ဟု လျှောက်သွား၏။ ထိုအခါ သပိတ်အိုင်ဆရာတော်က အာရုံ အထားကောင်းလျှင် တွေ့ဘတ် သည်ဟု ပြောသောအခါ တပည့်တော်တို့လည်း အာရုံ ထားတာပါဘဲ ဟု လျှောက်ပြန်၏။ မင်းတို့ထားပုံမျိုးနှင့်မတူဘဲ ဖြစ်လိမ့်မည် ဟု မြွေလိုက်၏၊

၁၃၂၂–ခုနှစ်၊ တပေါင်းလဆန်း ၅–ရက်နေ့တွင် ဆီဆုံရွာက ဒါယိကာမကြီး လျှောက်သွားသည်မှာ "တပည့်တော်တို့၏ ဆီဆုံရွာကို ဆွမ်းလာခံ၍ဆွမ်းလောင်းလိုက်ရပါသည်" ဟု လျှောက်သွား၏။

၁၃၂၄-ခုနှစ်၊ နှစ်ဆန်း ၁-ရက်နေ့ဖြစ်သော တန်ခူးလဆန်း ၁၃–ရက်နေ့တွင် ပုသိမ်ကွင်း မောင်စံတင် လျှောက်သွားသည်မှာ "ဆီဆုံက ဒါယိကာမကြီးများ လောင်းလှူ လိုက်ရသည်ဆိုသော တပေါင်းလဆန်း ၅–ရက်နေ့တွင် တပည့်တော်လည်း လောင်းလှူ လိုက်ရပါသေးသည်" ဟုလျှောက်သွား၏။

၁၃၂၃ –ခုနှစ်၊ပြာသိုလဆုတ် ၈ –ရက်နေ့တွင် ကညာ က ဒါယိကာမကြီးများ လျှောက်သွားသည်မှာ "ကျွန်ုပ်တော်သို့ သပိတ်အိုင်ဆရာတော် ဆွမ်းခံကြွလာသည်ကို တပည့်တော်တို့ တွေ့မြင်ရပါသည်ဘုရား" ဟု လျှောက်သွား၏။

၁၃၂၄–ခုနှစ်၊ သီတင်းကျွတ် လကွယ်နေ့၊ အောင်ရွှေ လျှောက်သွားသည်မှာ "ဒေါ်ပုဆေးလိပ်ရုံပိုင်ရှင် ဦးဖေသိန်းက ပြောပါသည်။ တနေ့သောအခါ သပိတ်အိုင်ဆရာတော် ဆွမ်းခံကြွလာ၍ဆွမ်းလောင်းလှူလိုက်ရပါ၏။ အကယ်၍များနောက် တနေ့ကြွလာလျှင် သက်နီးဒွိစုံပါလောင်းလိုက်ရဦးမည်ဟု နှလုံးပိုက်လျက်နေလာရာ တကယ်ပင်ကြွလာသောကြောင့် သက်နီးဒွိစုံနှင့် ဆွမ်း လောင်းလှူလိုက်ရပါသည်" ဟု အောင်ရွှေကို ပြောသည့်အကြောင်း အောင်ရွှေလျှောက်သွား၏။

ဤကဲ့သို့သော သတင်းအမျိုးမျိုးတို့သည် ရန်ကုန်သို့ရောက်နေပြီ ဖြစ်သောကြောင့် ရန်ကုန်က လူအများတို့ ဖူးမျှော်ရန်အလို့ငှါ ဘင်ဝက်က မေခင်ကြွယ်ကို အပင့်ခိုင်းလိုက်၏။ လေယာဉ်ပျံနှင့်အသွားအပြန်ပို့ပေးပါမည် ကြွနိုင်ပါမည်လားဟု လျှောက်ကြားသောအခါ သပိတ်အိုင်ဆရာတော်က "ဒီလိုသာ ငါ့ကို လူတောထဲသို့ပင့်လျှင် ငါ မလိုက်နိုင်။ လူတောထဲသို့ပင့်တိုင်းပင့်တိုင်း လိုက်ချေကငါမှာ အကျိုးဆုတ်ယုတ်လိမ့်မည်။ တရားဆိုသည်ကား သဒ္ဓါရယ် ဝီရိယရယ် ပညာရယ်သမာဓိရယ် ဤတရားလေးပါးနှင့်ညီညွတ်လျှင် တရားအထူးကို ရနိုင်သည်။ ဤတရား လေးပါးမညီညွတ်လျှင် တရား အထူးကို မရနိုင်။ ညီတော် အာနန္ဒာ တရားရပုံကို ကြည့်ပါလား လူတောထဲသို့လိုက်၍ လူများ၏ အကြည်အညိုကို လိုက်ခံနေက ဤတရားလေးပါးနှင့်ညီညွတ်နိုင်ပါမည်လော။

အပင့်ရောက်လာကြသူတို့ကား— မောင်ကြွယ်နှင့်ဗန်စိုင်း။ ၁၃၁၆-ခုနှစ်၊ ကဆုန်လဆန်း၁၀—ရက်နေ့ဘင်ဝက်၏ဦးလေးတော်သူ ဦးဟော့ဟင်းကလည်း ၁၃၂၁—ခုနှစ်၊ နတ်တော်လဆန်း ၃—ရက်နေ့ကတဖန် ထပ်မံပင့်ပြန်၏။

ဝဏ္ဏကျော်ထင်-ဦးဘသန်း

# ပဋ္ဌာန

ကျေးဇူးရှင် သပိတ်အိုင်တောရဆရာတော်ဘုရားကြီးဦးကိတ္တိ ကိုယ်တော်တိုင် စီရင်တော်မူခဲ့သော 'စူဠသောတာပန်ဖြစ်ခဏ်း ခေတ်ကမ္မဋ္ဌာန်းကျမ်း'ကို ဝိပဿနာလုပ်ငန်းအားထုတ်ပွားများ ကြသော ဓမ္မမိတ်ဆွေယောဂီပုဂ္ဂိုလ်များ မှတ်သားကြည့်ရှု သတိပြုလျက် ဉာဏ်စဉ်တိုးပွားပြီး နိဗ္ဗာန်တိုင် အကျိုးများစေ ရန် ရည်သန်ရိုးမှင်း နှလုံးသွင်း၍ ဓမ္မမိတ်ဆွေများ ဖြစ်ကြသော ဦးဘလှသိန်း၊ ဦးတင်ဝင်း၊ ဦးသိန်းဟန်၊ ဦးသိန်းလွင်၊ ဦးလှ သိန်းနှင့် ငွေစံလင်းပုံနှိပ်တိုက်ပိုင်ရှင် ဦးတင်မြဇနီးဒေါ်လှကြည် နှင့် မိသားစုတို့မှ ကမ္မကတပြုလုပ်ခါ ဓမ္မဒါနအဖြစ် ပြန်လည် ဆင့်ပွားလျက်ပုံနှိပ်ဖြန့်ဝေပါသည်၊ ဤကျမ်းစာအုပ်ကိုရှိသေ လေးမြတ်စွာဖတ်ရှုပြီးလျှင် အကျင့်တရား ပွားများအားထုတ် နိုင်ကြပါစေဟု လိုက်လှည်းစွာဖြင့် နိဗ္ဗာန်ကို ရည်စူးလျက် ဆုတောင်းပဋ္ဌာနာပြုလိုက်ရပါသည်။

# နိဒါန်း

သထုံဒိစတြိတ် ပေါင်မြို့အပိုင်၊ ကျုံ့ကရွာ၊ သပိတ်ဆိုင်တောရကျောင်း၌ နေစဉ်၊ တရားနာရောက်လာ ရောက်လာကြကုန်သော ဒါယကာ-ဒါယိကာမ တစုတို့က ဘုန်းတော်ကြီးဟောပြောပြသသော တရားတော်တို့ကို အကုန်အစင်လိုက်၍ သိနိုင်ရန် လွန်စွာခဲယဉ်းသည့်အတွက် တရားလမ်းကြောင်းလည်းမရှုပ်လျှော့ဘဲ၊ လိုရင်းကျကျနှင့် ဥာဏ်လည်းမရှုပ်ထွေးစေမူ၍ ကျမ်းဂန်နှင့်လည်းအညီ၊ ကွယ်ဝှက်သော စကားအခိပ္ပါယ်မျိုး တို့ကိုလည်း မရှိစေဘဲ၊ ပေါ်ပေါ် လွင်လွင်နှင့်ကြည့်ရှုသူတို့၏စိတ်နှလုံး၌၊ ရှင်းလင်း၍လည်း သွားလေအောင်ဝေငှလှူဒါန်းနိုင်လောက်သော၊ကျမ်းစာကလေးတခုရေးသားပြုပြင်စီရင်၍ ကယ်မ ပေးသနားတော်မူပါ ဟု လျှောက်ထားလာကြသောကြောင့် ဤမည်သော ကျမ်းငယ် စာစောင်လေးတခုကို ရေးသားအပ်ပေသတည်း။

ကျမ်းကြီးကြီးရေးမည်ဆိုသော်လည်း ဝန်မလေး။ များများရေးလိုက်ရရုံသာဖြစ်သည်၊ ကျမ်းကြီးကြီး ရေးလိုက်သော် ဗဟုသုတအလွန့်ငှါသာလျှင်များလိမ့်မည်။ဝေငှလှူဒါန်းနိုင်ရန်ခဲယဉ်းသွားလိမ့်မည်။ဗဟုသုတအလို့ငှာ ရေးသားထားကြသောကျမ်းကြီးမျိုးတို့ကား—များကုန်၏။ နောက်ထပ်ရေးရန်မလို။

ဤကျမ်းကလေးမှာကား စာကြောင်းအတိုင်း ဗဟုသုတအလို့ငှာ ရေးသားသောကျမ်းကြီးမျိုးမဟုတ်။ ခန္ဓာကိုယ်၌သာလျှင်၊ အကျိုးကျေးဇူး များရန်အတွက်၊ ပဓာနထား၍၊ ကျဉ်းကျဉ်းနှင့် ကျယ်ကျယ်ကိုလည်း သိနိုင်ရပြီးသည် နောက်တရားအပေါ်၌ မတွေဝေရစေဘဲ ရှင်းရှင်းလင်းလင်းနှင့် **အစ**အဆုံး၊ အကြောင်းအကျိုးနှင့် တကွ ပြသ ရေးသားထားသောကျမ်းကလေးဖြစ်သည်။ ဤသို့ပြဆိုအပ်သည်အတိုင်း နှလုံးသွင်းအားထုတ်ခဲ့ပါလျှင်၊ စူဠသောတာပန်အဖြစ်ကို ကေန်ဖြစ်စေနိုင်သောကြောင့်၊ ယောဂီပုဂ္ဂိုလ်တို့ နှစ်သက် အပ်သည့်အတွက် **ယောဂီနန္ဒီ**အမည်ရှိသော ဤကျမ်းကို၊ **စူဠသောတာပန်ဖြစ်ခဏ်းစာတ်ကမ္မဋ္ဌာန်း** ဟူ၍ခေါ်ဆိုအပ်ပေသတည်း။

# ရူဋ္ဌသောတာပန်ဖြစ်ခဏ်း ဓာတ်ကမ္မဋ္ဌာန်း

## မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁ | ပဏ္ဍာမကိုပြဆိုချက် .... .... .... | ၁ |
| | **၁-သမထဝိပဿနာအခဏ်း** | |
| ၂ | နိဗ္ဗာန်သို့စံဝင်တော်မူကြပုံ .... .... | ၃ |
| ၃ | ပကတိသာဝကဆုတောင်းပုံ .... .... | ၄ |
| ၄ | နိဗ္ဗာန်သို့ရောက်လိုသောပုဂ္ဂိုလ်တို့ကောင်းစွာသိအပ်ပုံ | ၅ |
| ၅ | ပါရမီဖြည့်ကျင့်တော်မူရပုံ .... .... | ၆ |
| ၆ | ခုနစ်ရက်၊ ခုနစ်လစသည်အတွင်း မဂ်ဖိုလ်ရနိုင်ပုံ | ၉ |
| ၇ | သောတာပန်ဖြစ်ကြောင်းအင်္ဂါလေးပါး .... | ၁၁ |
| ၈ | ပုဂ္ဂိုလ်လေးမျိုးကိုပြဆိုချက် .... .... | ၁၂ |
| ၉ | စူဠသောတာပန်နှင့် ကလျာဏပုထုဇ္ဇန် .... | ၁၃ |
| ၁၀ | ပညတ်ကြီးလေးပါးကဖုံးအုပ်ပုံ .... .... | ၁၄ |
| ၁၁ | သညာသိ ဝိညာဏ်သိ ပညာသိကိုပြဆိုချက် .... | ၁၅ |
| ၁၂ | သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိယူပုံ .... .... | ၁၆ |
| ၁၃ | ပရမတ္ထရုပ်ဓာတ်ကိုပညတ်ကြီးလေးပါးကဖုံးအုပ်ပုံ | ၁၈ |
| ၁၄ | ပရမတ္ထရုပ်ဓာတ်တို့အသစ်အဟောင်းပြောင်းလဲခြင်းနူးညံ့သိမ်မွေ့ပုံ .... .... .... | ၂၁ |
| ၁၅ | ရုပ်တရားများဖြစ်နေပုံကိုဓာတ်မီးဥပမာဖြင့်ပြခြင်း | ၂၂ |
| ၁၆ | ဓာတ်ကြီးလေးပါးကိုပြဆိုချက် .... .... | ၂၄ |
| ၁၇ | နာမ်တရားငါးမျိုးဦးစီးဦးကိုင်ဖြစ်ပုံ .... | ၂၆ |

| ဦးခရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၈ | ဉာဏ်ငါးပါးကိုသညာသိ ပညာသိ နှဲ့ပြပုံ .... | ၂၇ |
| ၁၉ | အန္ဓပုထုဇ္ဇန်နှင့် ကလျာဏ ပုထုဇ္ဇန် .... | ၂၈ |
| ၂၀ | ဒါနတခုနှင့် နိဗ္ဗာန်သို့ ရောက်နိုင် မရောက်နိုင်.... | ၃၁ |
| ၂၁ | သက္ကာယဒိဋ္ဌိပယ်ရန် ဥပမာကိုပြခြင်း .... | ၃၅ |
| ၂၂ | သက္ကာယခေါ်ပုံ .... .... .... | ၃၆ |
| ၂၃ | (က) သံယောဇဉ် ၁၀ပါး။ (ခ)အနုသယ ၇-ပါး။ (ဂ) ဒုစရိုက် ၁၀-ပါး။(ဃ) ကိလေသာ ၁၀-ပါး။ (င)အာသဝေါတရား၄-ပါးကိုမဂ်၄-ပါးပယ်ပုံ | ၃၉-၄၁ |
| ၂၄ | သက္ကာယဒိဋ္ဌိ ၂၀-စွဲလမ်းပုံ .... .... | ၄၁ |
| ၂၅ | သက္ကာယဒိဋ္ဌိမစွဲလမ်းပုံ .... .... | ၄၃ |
| ၂၆ | သက္ကာယဒိဋ္ဌိခွါနည်း-သတ်နည်း-ပယ်နည်း.... | ၄၅ |
| ၂၇ | သာသနာပအခါ အနိစ္စနှင့်ဒုက္ခထင်ပုံ .... | ၄၆ |
| ၂၈ | သာသနာတွင်းအခါ အနိစ္စနှင့် အနတ္တထင်ပုံ | ၄၇ |
| ၂၉ | လူ့အန္ဓ လူ့ဗာလ တို့၏စကားကို ရှင်းပြချက် | ၄၇ |
| ၃၀ | ပညာသိ သိပုံကို ရှင်းပြချက် .... .... | ၅၀ |
| ၃၁ | ပဋိသမ္ဘိဒါလေးပါး .... .... | ၅၁ |
| ၃၂ | နာမ်ဓာတ်များဖြစ်ပေါ်ပုံ .... .... | ၅၉ |
| ၃၃ | ဉာဏ်လေးသောသူတို့ သိနိုင်ရန်အမေးအဖြေများ | ၆၂ |
| ၃၄ | မျက်လုံးအိမ်အတွင်းက ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊သစ္စာ၊ဣန္ဒြေ၊ပဋိစ္စသမုပ္ပါဒ်တရားတို့ဖြစ်ပေါ်ပုံ | ၆၄ |
| ၃၅ | နားအိမ်အတွင်းကလည်းဖြစ်ပေါ်ပုံ .... | ၇၁ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၃၆ | နှာခေါင်းအိမ်အတွင်းကလည်းဖြစ်ပေါ်ပုံ .... | ၇၂ |
| ၃၇ | လျှာလယ်၏အတွင်းကလည်းဖြစ်ပေါ်ပုံ .... | ၇၃ |
| ၃၈ | ကိုယ်၏အတွင်းကလည်းဖြစ်ပေါ်ပုံ .... | ၇၄ |
| ၃၉ | နှလုံးအိမ်၏အတွင်းကလည်းဖြစ်ပေါ်ပုံ .... | ၇၅ |
| ၄၀ | ရုပ်နာမ်တရားတို့ကိုလက္ခဏာတင်၍သုံးသပ်ပုံ | ၇၉ |
| ၄၁ | လက္ခဏာတပါးထင်မြင်လျှင် အားလုံးထင်မြင်ပုံ | ၈၀ |


## ၂-သမထ သက်သက်အခဏ်း


| | | |
|---|---|---|
| ၁ | အာနာပါနသမထသက်သက်အားထုတ်ပုံ .... | ၈၄ |
| ၂ | ကမ္မဋ္ဌာန်းထိုင်နည်း .... .... .... | ၈၆ |
| ၃ | နိမိတ်ထင်ပုံ .... .... .... | ၈၈ |
| ၄ | ဘာဝနာသုံးပါး .... — .... | ၈၉ |
| ၅ | ဈာန်ဟုခေါ်ပုံ — .... .... | ၉၀ |
| ၆ | ပျံနိုင်သောဈာန် မပျံနိုင်သောဈာန် .... | ၉၁ |
| ၇ | ဈာန်ပျံခြင်းနှစ်မျိုး .... .... .... | ၉၀ |
| ၈ | ကမ္ဘာမီးသည် သတ္တဝါကိုမလောင်နိုင် .... | ၉၁ |


## ၃-ဝိပဿနာအခဏ်း


| | | |
|---|---|---|
| ၁ | ဝိပဿနာအလုပ်တည်ထောင်ပုံ .... .... | ၉၃ |
| ၂ | အာနာပါနဝါယောဓာတ်ဝိပဿနာအားထုတ်ပုံ | ၉၁ |
| ၃ | သမထနှင့်ဝိပဿနာ လက္ခဏာ .... .... | ၉၅ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၄ | ရုပ်နာမ်ဖမ်းပုံ .... .... .... | ၉၇ |
| ၅ | ဝိပဿနာအားထုတ်ပုံလိုရင်းအချက် .... | ၉၉ |
| ၆ | ကမ္မဋ္ဌာန်းလမ်းခွဲပြချက် .... .... | ၁၀၁ |
| ၇ | ဝေဒနာကမ္မဋ္ဌာန်း .... .... .... | ၁၀၁ |
| ၈ | ဝေဒနာကမ္မဋ္ဌာန်းလိုရင်းအားထုတ်ပုံ .... | ၁၀၅ |
| ၉ | ဝိပဿနာသုံးမျိုး .... .... .... | ၁၀၅ |
| ၁၀ | ရုပ်တရားဝေဒနာတို့ဖြစ်ပေါ်ပုံဥပမာ .... | ၁၀၆ |
| ၁၁ | ဝေဒနာကိုရှုရာအမျိုးမျိုးထင်တတ်ပုံ .... | ၁၀၇ |
| ၁၂ | ဗောဓိပက္ခိယတရား ၃၇-ပါး ပါဝင်ပုံ .... | ၁၁၀ |
| ၁၃ | ပဋိပတ်ကျင့်စဉ်ဝိသုဒ္ဓိ ၇-ပါး ရှင်းပြချက် .... | ၁၁၃ |
| ၁၄ | ဝိပဿနာဉာဏ်၁၀—ပါးတို့သည်ပါဝင်ပုံ .... | ၁၁၆ |
| ၁၅ | ပရိညာ ၃ - ပါးဖြင့်ပိုင်းခြားပုံ .... .... | ၁၁၈ |
| ၁၆ | စူဠသောတာပန်ဖြစ်ပုံ .... .... | ၁၂၀ |
| ၁၇ | တခဏချင်းမဂ်တရားဖိုလ်တရားရနိုင်ပုံ .... | ၁၂၁ |
| ၁၈ | ကျင့်ကြံက ရဟန္တာဖြစ်နိုင်ကြောင်း .... | ၁၂၅ |
| ၁၉ | သောတာပန်စမ်းနည်း .... .... | ၁၂၆ |
| ၂၀ | နိဗ္ဗာန်သည်အနားမှာကပ်နေပုံ .... .... | ၁၂၈ |
| ၂၁ | နိဂုံးကိုပြဆိုချက် .... .... .... | ၁၂၉ |
| | သံပေါက်—လင်္ကာများ .... .... | ၁၃၁ |

# ရုဋ္ဌသောဒတာပန်ဖြစ်ခဏ်း
# ဓာတ်ကမ္မဋ္ဌာန်း

---

## ကျမ်းဦးပဏာမ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အရဟံတော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်သက္ကာရ ဝိသေသ အထူးကို ခံတော်မူထိုက်ထသော။

တနည်းကား– အရဟတော၊ တထောင့်ငါးရာ ကိလေသာစက် သုံးထောင်ဝက်ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင်အောင်မြင်တော်မူပြီးထသော။

သမ္မာသမ္ဗုဒ္ဓဿ၊ သင်္ခါရ·ဝိကာရ·လက္ခဏ-နိဗ္ဗာန်-ပညတ်ဟု ဆိုအပ်သော ဉေယျငါးတန် တရားမှန်ကို အကြွင်းမရှိ ကုန်စင်အောင် သိတော်မူထသော။

F.1 ( ဒုတိယအကြိမ် ) ( ၁၃– )

တနည်းကား-ဆမ္မာသမ္ဗုဒ္ဓဿ၊ ပရိညေယျံ ပဟာတဗ္ဗ သစ္ဆိကာတဗ္ဗ-ဘာဝေတဗ္ဗ-တည်းဟူသော သစ္စာလေးပါး မြတ်တရားကို မဖောက်မပြန် သယံမ္ဘုဉာဏ်ဖြင့် ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူထသော။

တဿ ဘဂဝတော၊ ဒေဝပုတ္တမာရ်-ကိလေသမာရ် အဘိသင်္ခါရမာရ် ခန္ဓမာရ်မစ္စုမာရ် တည်းဟူသော မာရ်ငါးချက်ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ချိုးဖျက်ခုတ်ထွင် သုတ်သင်အောင်မြင်တော် မူပြီးထသော။

တနည်းကား—တဿ ဘဂဝတော၊ ဣဿရိယ ဓမ္မ ယသ သီရိ ကာမ ပယတ္တ-တည်းဟူသော ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား။

နမော၊ လေး၀ မဂ်ဉာဏ်၊ အမြင်သန့်လို ဆုပန်ဆိုလျက် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

ပဏာမပြီး၏။

# ၁-သမထ ဝိပဿနာအခန်း

## ၂-နိဗ္ဗာန် စံဝင်တော်မူကြပုံ

၂။ ဌပေတွာ အဂ္ဂသာဝကေ မဟာသာဝကေ
ဝုတ္တာဝသေသာ ပကတိသာဝကာ။

ဝိသုဒ္ဓိမဂ်-မဟာဋီကာ။

အဂ္ဂသာဝကေ မဟာသာဝကေ၊ နှစ်ပါးသော အဂ္ဂသာဝက ရှစ်ကျိပ်သော မဟာသာဝကတို့ကို။ ဌပေတွာ၊ ထား၍။ ဝုတ္တာဝသေသာ၊ အဂ္ဂသာဝက မဟာသာဝက-မှ တပါးကုန်သော။ သတ္ထု သာဝကာ၊ ဘုရားတပည့်သား သာဝကတို့သည်။ ပကတိ သာဝကာ၊ ပကတိသာဝက-မည်ကုန်၏။

(၁) နိဗ္ဗာန်သို့ စံဝင်တော်မူကြကုန်သော အရှင်ကောင်း အရှင် မြတ်တို့သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းသော ပါရမီ တို့ကို ဖြည့်ကျင့်တော်မူ၍ မြတ်စွာဘုရား အဖြစ်ဖြင့်လည်း စံဝင်တော်မူကြကုန်၏။

(၂) နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းသော ပါရမီတို့ကို ဖြည့်ကျင့် တော်မူ၍ ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့်လည်း စံဝင်တော်မူကြ ကုန်၏။

(၃) တသင်္ချေနှင့် ကမ္ဘာတသိန်းသော ပါရမီတို့ကို ဖြည့်ကျင့် တော်မူ၍ အဂ္ဂသာဝက အဖြစ်ဖြင့်လည်း စံဝင်တော် မူကြကုန်၏။

(၄) ကမ္ဘာ တည်န်းသော ပါရမီတို့ကို ဖြည့်ကျင့် တော်မူ၍ မဟာသာဝက အဖြစ်ဖြင့်လည်း စံဝင်တော်မူကြကုန်၏။

(၅) ပါရမီ အပိုင်းအခြား မရှိဘဲ ပကတိသာဝက အဖြစ်ဖြင့် လည်း စံဝင်တော်မူကြကုန်၏။

အဂ္ဂသာဝက မဟာသာဝကမှ တပါးကုန်သော နိဗ္ဗာန်သို့ စံဝင်တော်မူကြကုန်သော အလုံးစုံသော သာဝက တို့သည် ပကတိ သာဝကတို့ ၁၁ ဖြစ်ကုန်၏။

နိဗ္ဗာန်ကို ဖြ ာ်လမ်းက သွားလိုကြသော ပုဂ္ဂိုလ်တို့သည် ပကတိ သာဝကဆုဂို တောင်းရာ၏။ ထို့ထက် မြင့်မြတ်လို သျှင် အထက်က ဆိုထားသောအတိုင်း သဒ္ဓါတရား အား ခေျာ်စွာ ကြည့်ရှု၍ တောင်းရာ၏။

## ၃-ပကတိသာဝက ဆုတောင်းပုံ

ဣမိနာ ပုညကမ္မေန၊ အဇ္ဈေနကုသလေန စ။
ဒသမမေ့ ပူရယိတွာ၊ လဒ္ဓံ ပကတိသာဝကံ။

ဣမိနာ ပုညကမ္မေန စ၊ ဤသို့ ယခုပြုအပ်သော ကုသိုလ်ကံ ကြောင့်ရင်း။ အဇ္ဈေန၊ တပါးသော။ ကုသလေန စ၊ သိကြား လိမ္မာသော အဖြစ်မှစ၍ ပြုပြုသမျှသော ကုသိုလ်ကံကြောင့် ရင်း။ ဒသမမေ့၊ ပါရမီဆယ်ပါး ကုသိုလ်တရားတို့ကို။ ပူရယိတွာ၊

ဖြည့်ကျင့်ပြီး၍။ ပကတိသာဝက၊ ပကတိသာဝက အဖြစ်ကို။ လဒ္ဓံ ၊ ရလိုပါ၏။

တနည်း။ ။ဤသို့ ယခု၊ ကျွန်ုပ်ပြုကြွား၊ ကုသိုလ်အာကြောင့်၊ ယောကျ်ားကောင်း စင်စစ်၊ ဆက်တိုင်းဖြစ်လျက်၊ လေးချက်ပင်္ဂသမ္ဘိဒါဉာဏ်၊ ခြောက်တန်အဘိညာဉ်၊ ရှစ်ခွင်သမာပတ်၊ ပြည့်စုံလတ်၍၊ ပိဋကတ်သုံးပုံ၊ ကျမ်းအလုံးစုံကို၊ အာဂုံဆောင်ကာ၊ ခိပ္ပါဘိညာ, ပကတိသာဝက, အဖြစ်မျှကို၊ မုချကေန် ရပါစေသော်။

# ၄–နိဗ္ဗာန်ရောက်လိုသူတို့ ကောင်းစွာ သိအပ်ပုံ

၄။ နိဗ္ဗာန်သို့ ရောက်လိုသော ပုဂ္ဂိုလ်တို့သည် မိမိတို့ ကိုယ်တိုင်မည်သည့်အဖြစ် မည်သည့်ဆုနှင့် ရောက်လိုသည်ကို ရှေးဦးစွာ သိအပ်ကုန်၏။ ရောက်လိုသူမှန်က ဆုတပါးပါးရှိစေရမည်။ ဆုတပါးပါးမှ မရှိသေးလျှင် ရောက်လိုသူဟု မဆိုအပ်။

ဥပမာကား။ ။မီးရထားကို စီးနင်းလိုက်ပါလိုလျှင် မိမိတို့၏ ကိုယ်ကို မည်သည့်အတန်းက စီးမည်ကို ရှေးဦးစွာသိရာ၏။ ပဌမတန်းက စီးနင်းလိုလျှင် ပိုက်ဆံအများဆုံးပေးရ၍ ဂုဏ်အများဆုံးရသည်။ ဒုတိယတန်းက စီးနင်းလိုလျှင် ပိုက်ဆံအလတ်စားပေးရ၍ ဂုဏ်အလတ်စား ရသည်။ တတိယတန်းက စီးနင်းလိုလျှင် ပိုက်ဆံအနည်းဆုံး ပေးရ၍ဂုဏ်အနဲဆုံးရသည်။ ဂုဏ်သာလျှင်ကွာသည်၊ ရောက်သောအခါ အတူတူပင်ရောက်သည်။

(၁) ထို့အတူ မဂ္ဂင်ရှစ်ပါးတည်းဟူသော ယာဉ်ရထားကြီးကို စီးနင်း၍ သမ္မာသမ္ဗုဒ္ဓဆုနှင့်ရောက်လိုလျှင် ပါရမီအများဆုံး ဖြည့်ကျင့်ရ၍ ဂုဏ်အများဆုံး ရသည်။

(၂) ပစ္စေကဗုဒ္ဓါဆုနှင့် ရောက်လိုလျှင် ပါရမီ အနည်းငယ်နဲအောင် ဖြည့်ကျင့်ရ၍ ဂုဏ်အနည်းငယ် နဲသည်။

(၃) အဂ္ဂသာဝကဆုနှင့် ရောက်လိုလျှင် ပါရမီ ထို့ထက်နဲအောင် ဖြည့်ကျင့်ရ၍ ဂုဏ်ထို့ထက် နဲသည်။

(၄) မဟာသာဝကဆုနှင့် ရောက်လိုလျှင် ပါရမီကို ထို့ထက်ပင် နဲအောင်ဖြည့်ကျင့်ရ၍ ဂုဏ်ထို့ထက်ပင်နဲသေးသည်။

(၅) ပကတိသာဝကဆုနှင့်ရောက်လိုလျှင် ပါရမီ အနဲဆုံးဖြည့်ကျင့်ရ၍ ဂုဏ်အနဲဆုံးဖြစ်သည်၊ ဂုဏ်သာလျှင် ကွာသည်၊ နိဗ္ဗာန်သို့ ရောက်သောအခါ အတူတူပင်ရောက်ကြသည်။

ဤဆုငါးပါးမှ လွတ်ကင်း၍ နိဗ္ဗာန်သို့ရောက်သည်မည်သည် မရှိ။ရောက်ကြကုန်ပြီးသော ပုဂ္ဂိုလ်တို့ သည်လည်း နောက်နောက်သော ဘဝတို့၌ရင်းရောက်သော ဘဝတို့၌ရင်း ဆုပန်ပြီးဖြစ်သည်။တခါမျှ မပန်ဘူးသေးလျှင် မရောက်နိုင်။

## ၅-ပါရမီတော် ဖြည့်ကျင့်တော်မူရပုံ

၅။ သမ္မာသမ္ဗုဒ္ဓဆုနှင့် ရောက်လိုလျှင် ပါရမီ ဆယ်ပါး အပြားသုံးဆယ်ကို ကမ္ဘာပေါင်း လေးသင်္ချေနှင့် တသိန်းဖြည့်ကျင့်ပြီးမှ နိဗ္ဗာန်သို့ ရောက်သည်။

ပစ္စေကဗုဒ္ဓါဆုနှင့် ရောက်လိုလျှင် ပါရမီဆယ်ပါး အပြား နှစ်ဆယ်ကို ကမ္ဘာပေါင်းနှစ်သင်္ချေနှင့် တသိန်း ဖြည့်ကျင့်ပြီးမှ နိဗ္ဗာန်သို့ ရောက်မည်။

အဂ္ဂသာဝကဆုနှင့်ရောက်လိုလျှင် ပါရမီဆယ်ပါးကို ကမ္ဘာ ပေါင်း တသင်္ချေနှင့်တသိန်းဖြည့်ကျင့်ပြီးမှ နိဗ္ဗာန်သို့ရောက်မည်။

မဟာသာဝကဆုနှင့် ရောက်လိုလျှင် ပါရမီ ဆယ်ပါးကို ကမ္ဘာတသိန်း ဖြည့်ကျင့်ပြီးမှ နိဗ္ဗာန်သို့ ရောက်မည်။

ပကတိသာဝကဆုနှင့် ရောက်လိုလျှင် ပါရမီ ဆယ်ပါးကို ဖြည့်ကျင့်၍ ယခုဘဝ၌ ပင်လျှင် နိဗ္ဗာန်သို့ ရောက်နိုင်၏။
သို့ အတွက်ကြောင့် ဤပကတိ သာဝကဆုနှင့် သွားသော လမ်းထက်ပိုမို၍တိုသောလမ်း နီးသောလမ်းဟူ၍မရှိ၊ ထို့ကြောင့် ဖြတ်လမ်းဟု ဆိုသတည်း။

ပါရမီဆယ်ပါးမှာလည်း မြတ်စွာဘုရားစသည် ဖြည့်ကျင့် တော်မူအပ်သော ပါရမီမျိုးမဟုတ်။ ဒါနတခုကိုပြုလျှင်ပင် ပါရမီ ဆယ်ပါးကို ဖြည့်ကျင့်သည်မည်၏၊ သီလကိုဆောက်တည်လျှင်ပင် ပါရမီဆယ်ပါးကို ဖြည့်ကျင့်သည်မည်၏။ အထူးတလယ်လိုက်၍ ဖြည့်ကျင့်ရသည် မဟုတ်။ ကုသိုလ်အမှုကို ပြုလုပ်လျှင် ဖြည့်ကျင့် ပြီးသားဖြစ်သည်။ တရားကိုသာ မြန်မြန်အားထုတ်ဘို့ လိုသည်။
ဤကဲ့သို့ သာဝကဆုကို တောင်းသော ပုဂ္ဂိုလ် တို့သည် အကြောင်းနှစ်ပါးနှင့် ညီညွတ်မှ မချွတ် ပြည့်စုံမည့်အကြောင်း။

ယဿ ပဉ္စဓမ္မာ အတ္ထိ၊ နပတ္တနာ၊ တဿ ဂတိ အနိဗဒ္ဓါ။ ယဿ ပတ္တနာ အတ္ထိ၊ နပဉ္စ ဓမ္မာ၊ တဿာပိ အနိဗဒ္ဓါ။ ယေသံ ဥဘယမတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါ။

ဥပရိပဏ္ဏာသ အဋ္ဌကထာ။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ပဉ္စဓမ္မာ၊ သဒ္ဓါ-သီလ—သုတ-စာဂ-ပညာ ဟုဆိုအပ်ကုန်သော ငါးပါးသော တရားတို့သည်။ အတ္ထိ—သန္တိ၊ ရှိကုန်၏။ ပတ္တနာ၊ ဆုတောင်းခြင်းသည်။ နအတ္ထိ၊ မရှိ။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဂတိ၊ ဖြစ်ရာသည်၊ အနိဗဒ္ဓါ၊ မမြဲ၊ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ပတ္တနာ၊ ဆုတောင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ပဉ္စဓမ္မာ၊ သဒ္ဓါ-သီလ—သုတ-စာဂ—ပညာဟု ဆိုအပ်သော ငါးပါးသော တရားတို့သည်။ န အတ္ထိ၊ မရှိကုန်၊ တဿာပိ၊ ထိုပုဂ္ဂိုလ်အားလည်း။ ဂတိ၊ ဖြစ်ရာသည်။ အနိဗဒ္ဓါ၊ မမြဲ၊ ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့အား။ ဥဘယံ၊ ငါးပါးသောတရား, ဆုတောင်းခြင်းနှစ်ပါးသည်။ အတ္ထိ၊ ရှိ၏။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ဂတိ၊ ဖြစ်ရာသည်။ နိဗဒ္ဓါ၊ မြဲ၏။

နိဗ္ဗာန်သို့ရောက်လိုသော ပုဂ္ဂိုလ်တို့သည် မိမိတို့ နှစ်သက်သော ဆုကိုတောင်း၍ တောင်းပြီးလျှင် သဒ္ဓါ-သီလ- သုတ—စာဂ—ပညာ တို့နှင့်လည်း ပြည့်စုံပါမှ တောင်းသည့်အတိုင်း ပြည့်စုံနိုင်မည်။ ငါးပါးသော တရားတို့သည်ရှိ၍ ဆုတောင်းခြင်း မရှိပါမူ ထိုသူ၏ ဖြစ်ရာဂတိသည် အမြဲမရှိ။ ဆုတောင်းခြင်း ရှိ၍ ငါးပါးသော တရားတို့ မရှိပါမူလည်း ထိုသူ၏ဖြစ်ရာ

ဂတိသည် ထို့အတူ အမြဲမရှိ။ငါးပါးသော တရားတို့လည်းရှိ၏။ ဆုတောင်းခြင်းလည်းရှိ၏။ ထိုသူ၏ ဖြစ်ရာဂတိသည် မကောင်းသောဒုဂ္ဂတိဘဝသို့ မလားရဘဲ ကောင်းမြတ်သော သုဂတိဘဝသို့သာ အမြဲလားရလေ၏။ထို့ကြောင့် ဆုကိုလည်းတောင်း၍ ငါးပါးသော တရားတို့နှင့်လည်းပြည့်စုံအောင် နေထိုင်ကြပါမူကားကောင်းမြတ်လှတော့သည်သာ။

## ၆–ခုနစ်ရက် ခုနစ်လ-စသည့်အတွင်း မဂ်ဖိုလ်ရနိုင်ပုံ

၆။ ပကတိ သာဝကဆိုကို တောင်းလျှင် ခုနစ်ရက်အတွင်း၌ရှင်း ခုနစ်လ အတွင်း၌ရှင်း ဒုတိယ ဘဝ၌ရှင်း တတိယ ဘဝ၌ရှင်း မဂ်ဖိုလ်ကို ရနိုင်၏။ ထို့ကြောင့်-

ပကတိသာဝကာနံ ယထာဆန္ဒံ သတ္တမာသေနဝါ သတ္တဒိဝသေနဝါ ဒုတိယ တတိယ အတ္တဘာဝေနဝါ ဝိကာသတိ။ တတော ပရံ ယထာသဒ္ဓံ ယထာဗလံ ဒါရုစိရိယ သန္တတိ မဟာမတ္တာဒယော ဝိယ ယထာပါရမီ ဝိကာသတိ။

ပကတိ သာဝကာနံ ပါရမီ ပန အခုဝါ၊ယထာ နာဝါ ယထာ အာစရိယာ မုဟုတ္တေနဝါ စိရေနဝါ သာမညေနဝါ ဝိသေသေနဝါ နိဗ္ဗာနံ ပတ္တော။

ဗုဒ္ဓဝင်ဋီကာ ၁၁—ကြောင်း ပေ ဥ၁း ချုပ်။

ပကတိသာဝကာနံ၊ ပကတိ သာဝကပုဂ္ဂိုလ်တို့အား။ယထာဆန္ဒံ၊ ဆန္ဒအားလျော်စွာ။ သတ္တမာသေနဝါ၊ ခုနစ်လပြည့်ရှင်း။

သတ္တဒိဝသေန ဝါ၊ ခုနစ်ရက်ဖြင့်ရင်း။ ဒုတိယ တတိယ အတ္တဘာဝေန ဝါ၊ နှစ်ခုမြောက်သော ကိုယ်၏အဖြစ် သုံးခုမြောက်သောကိုယ်၏အဖြစ်ဖြင့်ရင်း။မဂ္ဂဖလဉာဏံ၊မဂ်ဉာဏ် ဖိုလ်ဉာဏ်သည်။ဝိကသတိ၊ပွင့်၏။ တတော၊ ထိုဆိုအပ်ခဲ့ပြီးသော အပိုင်းအခြားထက်။ ပရံ၊အလွန်"ယထာသတ္တိ၊ ပွါရမီသတ္တိအားလျော်စွာ။ ယထာဗလံ၊ပညာစွမ်းအားလျော်စွာ။ ဒါရုစိရိယ သန္တတိမဟာမတ္တာဒယော၊ ဒါရုစိရိယပရိဗိုဇ်၊ သန္တတိ အမတ်ကြီးအစရှိသော သူမြတ်တို့သည်။ ကိလေသခေပနေ၊ ကိလေသာကိုကုန်စေခြင်း၌။သိဃံ၊လျင်စွာ။ ဟောန္တိဝိယ၊ ဖြစ်ကုန်သကဲ့သို့။ ယထာ ပါရမီ၊ ပါရမီအားလျော်စွာ။ ပကတိသာဝက ဗောဓိဉာဏံ၊ ပကတိသာဝက ဗောဓိဉာဏ်သည်။ဝိကသတိ၊ပွင့်၏။

ပန၊ အထူးကိုဆိုဦးအံ့။ ပကတိသာဝကာနံ၊ ပကတိသာဝကပုဂ္ဂိုလ်တို့၏။ပါရမီ၊ပါရမီသည်၊အဓုဝါ၊အမြဲမရှိ။ နာဝါ၊ လှေတို့သည်။ သီဃသဏိကဘာဝေန၊ လျင်သောအဖြစ် နှေးသောအဖြစ်ဖြင့်။ ဂစ္ဆန္တိယထာ၊ သွားကုန်သကဲ့သို့ရင်း။ အာစရိယာ၊ အတတ်သင်သောဆရာတို့သည်။ သီဃသဏိကဘာဝေန၊ လျင်သောအဖြစ် နှေးသောအဖြစ်ဖြင့်။သိက္ခန္တိ ယထာ၊ အတတ်သင်ကုန်သကဲ့သို့ရင်း။ တထာ၊ ထို့အတူ။မုဟုတ္တေန ဝါ၊ လျင်သဖြင့်ရင်း။စိရေန ဝါ၊ ကြာမြင့်သဖြင့်ရင်း။ သာမညေန ဝါ၊မထင်ရှားသဖြင့်ရင်း။ဝိသေသေန ဝါ၊ ထင်ရှားသဖြင့်ရင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပတ္တော၊ ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ပကတိသာဝကဆုသည်အမြဲမရှိ။တရားနှင့်တွေ့၍ ယခုဘဝက စ၍ အားထုတ်သွားပါလျှင် ခုနစ်ရက်အတွင်း၌လည်းရနိုင်၏။ ထို့ထက် ပညာအစွမ်းရှိပါမူ အားထုတ်သောနေ့၌လည်း ရနိုင်ပါ၏။ ပညာအစွမ်းနုံ့နှေးပါမူ ခုနစ်လအတွင်း၌ သော်၎င်း ဒုတိယဘဝ၌သော်၎င်း တတိယဘဝ၌သော်၎င်း ရနိုင်ပါ၏။

ဆုကိုသာတောင်း၍ ပျင်းရိသောစိတ်ဝင်ပြီး တခါဘူးမျှ အားထုတ်လေ့ မရှိကြကုန်သောသူတို့သည် မဟာသာဝကဆု အဂ္ဂသာဝကဆု ပစ္စေကဗုဒ္ဓါဆု မြတ်စွာဘုရား၏ ဆုထက်ပင် နောက်ကျနိုင်သေး၏။ သို့အတွက်ကြောင့် ပကတိသာဝကဆုသည် အမြဲမရှိဟု ဆိုသတည်း။

## ၇—သောတာပန်ဖြစ်ကြောင်းအင်္ဂါလေးပါး

၇။ နိဗ္ဗာန်ကို ရလို၍ ပဌမ သောတာပန်ဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးနှင့် ပြည့်စုံရာသည်။ ထိုကြောင့်—

စတ္တာရိ သောတာပတ္တိယင်္ဂါနိ၊ သပ္ပုရိသသံသေဝေါ၊
သဒ္ဓမ္မဿဝနံ၊ယောနိသော မနသိကာရော၊ဓမ္မာနုဓမ္မပဋိပတ္တိ။
(ပါထေယျပါဠိတော်)

သောတာပတ္တိယင်္ဂါနိ၊သောတာပန် ဖြစ်ကြောင်း အင်္ဂါတို့သည်။ သပ္ပုရိသ သံသေဝေါ၊ မဂ်နှင့်စပ် ဖိုလ်နှင့်စပ်သော တရားတို့ကိုပြောဟောလေ့ရှိသော သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်း၎င်း။ သဒ္ဓမ္မဿဝနံ၊ မဂ်နှင့်စပ် ဖိုလ်နှင့်စပ်သော

တရားတို့ကိုကြားနာရခြင်းရင်း။ ယောနိသော မနသိကာရော၊ ကြားနာရသည့် အတိုင်း နှလုံးသွင်း အားထုတ်ရခြင်းရင်း။ ဓမ္မာနုဓမ္မပဋိပတ္တိ မဂ်တရား ဖိုလ်တရား အားလျော်သော အကျင့်ကိုကျင့်ရခြင်းရင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါး အပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၈-ပုဂ္ဂိုလ် လေးမျိုး

၈။ သို့အတွက်ကြောင့် သောတာပန်ဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် ဤအင်္ဂါလေးပါးနှင့် ညီညွတ်မှ ဖြစ်နိုင်မည်။ မဂ်ဖိုလ်တရားတို့ကို ပညာပါရမီ အားလျော်စွာ ရကြသော ပုဂ္ဂိုလ်တို့သည် ဥဂ္ဃဋိတညူပုဂ္ဂိုလ် ဝိပဉ္စိတညူပုဂ္ဂိုလ် နေယျပုဂ္ဂိုလ် ပဒပရမပုဂ္ဂိုလ်ဟူ၍ လေးမျိုးရှိကုန်၏။

(၁) မြတ်စွာဘုရားသည် တရားတော်ကို အကျဉ်းဟောပြရုံနှင့် မဂ် ဖိုလ် တရားတို့ကို ရကြသော ပုဂ္ဂိုလ်တို့သည် ဥဂ္ဃဋိတညူပုဂ္ဂိုလ် တို့သာ ဖြစ်ကြကုန်၏။

(၂) ဝိပဉ္စိတညူပုဂ္ဂိုလ်မှာ အကျယ်ဝေဘန်၍ ဟောပြမှ မဂ်ဖိုလ် တရားကို ရသည်။

(၃) နေယျပုဂ္ဂိုလ်မှာ အကျယ်ဝေဘန်၍ဟောပြပြီးနောက် နည်းနာနယနှင့်တကွ လက်ကိုင်ပြမှ မဂ်ဖိုလ်တရားကိုရသည်။

(၄) ပဒပရမ ပုဂ္ဂိုလ်မှာကား အကျဉ်း အကျယ်နည်းနာ နယနှင့်တကွ လက်ကိုင် ပြသော်လည်း ယခုဘဝ၌ မဂ်ဖိုလ်ကို မရ၊ ဒုတိယဘဝ–စသည်ကျမှ ရနိုင်၏။

မဂ်ဖိုလ်တရားကို ရကြသောအခါ အစဉ်အတိုင်းသာ ရရာ၏။ ပဌမသောတာပတ္တိမဂ်တရားကို ရရာ၏။ ဒုတိယ သကဒါဂါမိမဂ် တရားကို ရရာ၏။ တတိယ အနာဂါမိ မဂ်တရားကို ရရာ၏။ စတုတ္ထ အရဟတ္တမဂ်တရားကို ရရာ၏။ ဤကဲ့သို့ မဂ်အစဉ်တို့ကို ရရာ၏။ ခုန်ကျော်၍ ရောက်ရသည်မရှိ။

သို့အတွက်ကြောင့် ပဌမ သောတာပတ္တိ မဂ် တရားကို ရဘို့ သောတာပတ္တိမဂ် အခြေဖြစ်ဘို့ သောတာပတ္တိမဂ် လမ်းစကို တွေ့မြင်ဘို့ သောတာပတ္တိ မဂ်ကို ကေန် မရသေးသော်လည်း စူဠသောတာပန်နှင့် ကလျာဏ ပုထုဇ္ဇန် အဖြစ်ကို ကေန်ရအောင် အားထုတ်ဘို့ အလိုဆုံး ဖြစ်သည်။

## ၉-စူဠသောတာပန်နှင့် ကလျာဏပုထုဇ္ဇန်

၉။ စူဠသောတာပန်နှင့် ကလျာဏပုထုဇ္ဇန်ဖြစ်ကျောင်း အပါယ်သို့ မကျရတော့ဘဲ ဒုတိယဘဝ စသည်တို့၌ မဟာသောတာပန်ကြီး အစစ်ဖြစ်ကြပေလိမ့်မည်။ စူဠသောတာပန်ဆိုတာသည် သောတာပန်ကလေး သောတာပန်လောင်းဟု ဆိုလိုသည်။ ထို့ကြောင့်—

သောတံ အာဒိတော ပဇ္ဇိံသု ပါပုဏိံ သုတိ—
သောတာပန္နာ၊ စူဠာ သောတာပန္နာ စူဠသောတာပန္နာ။
မဂ္ဂသံယုတ် အဋ္ဌကထာ။

ယေ၊ အကြင် နာမရူပ, ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်။ သောတံ၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေအယဉ်သို့။ အာဒိတော၊ အစစွာ။ အာပဇ္ဇိံသု

ပါပုဏ်ိ သု၊ရောက်ကုန်ပြီ။ ဣတိ– တသ္မာ၊ ထိုကြောင့်။ဝေ၊ ထို ဉာဏ်နှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်။ သောတာပန္နာ၊ သောတာပန်မည်ကုန်၏။စူဠာ၊ ငယ်ကုန်သော။ သောတာပန္နာ၊ သောတာပန် ပုဂ္ဂိုလ်တို့တည်း။ စူဠသောတာပန္နာ၊ ငယ် ကုန်သော သောတာပန်ပုဂ္ဂိုလ်တို့။

စူဠသောတာပန်နှင့် ကလျာဏပုထုဇ္ဇန် ဆိုတာသည် သဘော မှာ အတူတူပင် ဖြစ်သည်။ ကလျာဏ ပုထုဇ္ဇန်ပုဂ္ဂိုလ်သည် သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်ထည်းသို့ ဝင်နိုင်၏။ ထို့ကြောင့်-

ကလျာဏပုထုဇ္ဇနေန သဒ္ဓိံ သတ္တသေက္ခာ အဓိပ္ပေတာ။

ပါရာဇိကဏ် အဋ္ဌကထာ။

ကလျာဏပုထုဇ္ဇနောပိ သောတာပန္နေနေဝ သင်္ဂဟိတော။

အင်္ဂုတ္တိုရ် အဋ္ဌကထာ။

ကလျာဏပုထုဇ္ဇန်နှင့် စူဠသောတာပန်တို့သည် အစစ် အတု ဟု ခွေးချယ်ရမည်။အစစ်ကား နောင်အပါယ်လေးပါးသို့ မကျ နိုင်။ အတုကား ကျနိုင်သေး၏။ ဤကား–အထူး။

## ၁၀-ပညတ်ကြီးလေးပါးက ဖုံးအုပ်ထားပုံ

၁၀။ မဂ်–ဖိုလ် တရားတို့ကို မရနိုင်ခြင်းသည် ပရမတ် တရားတို့ကို ပညာမျက်စိဖြင့် မမြင်နိုင်၍သာဖြစ်သည်။ ပရမတ် တရားတို့ကို မမြင်နိုင်ခြင်းသည် ပညတ်ကြီးလေးပါး ဖုံးအုပ် ၍သာ ဖြစ်သည်။ ပညတ်ကြီး လေးပါးကား သမူဟပညတ်၊ သန္တတိပညတ်၊ သဏ္ဌာနပညတ်၊ဃနပညတ် ဖြစ်သည်။

(၁) ရုပ်နာမ်တို့၏ အပေါင်းအစုဖြစ်သော ဤခန္ဓာကိုယ်ကောင်ကြီးကို မျက်မြင်အားဖြင့် တွေ့မြင်နေရသောကြောင့်ရုပ်နာမ်တို့၏သဘော လက္ခဏာကို မသိခြင်းသည် သမူဟပညတ် ဖုံးအုပ်၍သာ ဖြစ်သည်။

(၂) ပဋိသန္ဓေကလလရေကြည်မှ လူကလေးဖြစ်လာသည်။ လူကလေးမှ လူကြီးဖြစ်လာသည် - စသည်ဖြင့် ရုပ်နာမ်တို့၏ အစဉ်သဘောကို မသိနိုင်ခြင်းသည် သန္တတိ ပညတ် ဖုံးအုပ်၍သာ ဖြစ်သည်။

(၃) လူကောင်သဏ္ဌာန်ကြီးကို မျက်မြင်အားဖြင့် တွေ့မြင်နေရသောကြောင့် ရုပ်နာမ်တို့၏ သဘောကို မသိနိုင်ခြင်းသည် သဏ္ဌာနပညတ် ဖုံးအုပ်၍သာ ဖြစ်သည်။

(၄) ဤသို့ ရုပ်နာမ်တရားတို့ ပေါင်းစုပြီး ဖြစ်၍ နေသော လူကောင် အစိုင်အခဲကြီးကို မျက်မြင်အားဖြင့် တွေ့မြင်နေရသောကြောင့် ရုပ်-နာမ်တို့၏ သဘောကို မသိနိုင်ခြင်းသည် ဃနပညတ် ဖုံးအုပ်၍သာ ဖြစ်သည်။

## ၁၁-သညာ-ဝိညာဏ်-ပညာ-သုံးမျိုးတို့ သိပုံ

၁၁။ ရုပ်နာမ်၊ ရုပ်နာမ်နှင့် အခေါ် အပြောကား အလွန်လွယ်၏။ အဟုတ်သိဘို့ဆိုလျှင် လွယ်သလိုလိုနှင့်ခက်၏။ နီးသလိုလိုနှင့် ဝေး၏။ တိမ်သလိုလိုနှင့်နက်၏။ သို့ဖြစ်၍ ရုပ်နာမ်တရားတို့၏ သဘောလက္ခဏာကို ရမိနားလည်အောင် ကောင်းစွာ သိအပ်ကုန်၏။ တိမ်-ဆိုသည်ကား သညာသိအစွမ်းအားဖြင့်

တိမ်သည်။နက်-ဆိုသည်ကား မဂ်ပညာဖြင့် သိဘို့ အစွမ်းအား ဖြင့် နက်သည်။

သညာသိ—ဆိုသည်ကား သင်ကြားပြသ ဟောပြော၍ ကောင်းစွာ မှတ်ယူပြီး သိသောအသိကို ဆိုသည်။

ဝိညာဏ်သိ—မှာ သညာသိ အခြေခံဖြစ်၍ မိမိဘို့အလိုလို ကြံစည်စဉ်းစား၍ သိသောအသိကို ဆိုသည်။

ပညာသိ-မှာ လောကီပညာသိ လောကုတ္တရာပညာသိ-ဟူ၍ နှစ်မျိုးရှိ၏။လောကီပညာသိ မှာ ဝိပဿနာ ဘာဝနာဉာဏ် ဖြင့် သိသောအသိကို ဆိုသည်။ လောကုတ္တရာ ပညာသိ—မှာ အကြွင်းအကျန် မရှိ မဂ်ခိုက် ဖိုလ်ခိုက်အောင် ဖောက်ခွဲ၍ သိသောအသိကို ဆိုသည်။

ပညတ်ကြီးလေးပါးဖုံးအုပ်၍ နေသည်ရှိသော် သဿတဒိဋ္ဌိ အယူနှင့် ဥစ္ဆေဒဒိဋ္ဌိ အယူကိုလည်း ယူတတ်၏။

## ၁၂–သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိယူပုံ

သဿတဒိဋ္ဌိယူပုံမှာ-

ယထာ ဂါမတော နိက္ခမ္မ အညံ ဂါမံ ပဝိသတိ၊
ဧဝမေဝစ သော ဇီဝေါ၊ အညံ ကာယံ ပဝိသတိ။

ပေတဝတ္ထု ပါဠိတော်။

ယထာ၊ဥပမာဆိုသည်ရှိသော်။ပုရိသော၊ ယောကျ်ားသည်။ ဂါမတော၊ရွာတရွာမှ။ နိက္ခမ္မ၊ထွက်သွား၍။ အညံဂါမံ၊တပါး သောရွာတခုသို့။ပဝိသတိ ယထာ၊ဝင်လေဘိသကဲ့သို့။ဧဝမေဝစ၊

ဤအတူပင်လျှင်။သော ဇီဝေါ၊ထိုငါ့ကိုယ်ဟုခေါ် ဆိုအပ်သော အသက်ကောင်ကလေးသည်။မရဏကာလေ၊ သေသောအခါ၌။ ဣတော၊ဤခန္ဓာကိုယ်ထဲမှ။နိက္ခမ္မ၊ထွက်သွား၍။ အညံ့ ကာယံ၊ တပါးသော အမိကိုယ်ထဲသို့။ ပဝိသတိ၊ ဝင်စားလေ၏။

ဥပမာ အားဖြင့် ယောက်ျားတယောက်သည် ဤရွာမှ ထွက်သွားပြီး ထိုရွာသို့ဝင်လေဘိသကဲ့သို့ ထို့အတူ သေသောအခါ၌ ငါ၏ ဝိညာဏ်စိတ်ကလေးသည် တပါးသော ခန္ဓာကိုယ်ထဲသို့ ဝင်စားလေ၏ဟု ယူသော် သဿတဒိဋ္ဌိ အယူဖြစ်၏။ ဤကဲ့သို့ အယူမစင်ကြယ်သမျှ ကာလပတ်လုံး တရားလမ်းမဖြောင့်၊ ငါ၏ ဝိညာဏ်စိတ်မဟုတ်၊သူ့ဘာသာသူ ဖြစ်သည် ဟု ယူပြန်သော် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပြန်၏။ ဥစ္ဆေဒဒိဋ္ဌိ ယူပုံကား-

> ယတော ကိရ ဘော အယံ၊ အတ္တာ ကာယဿ ဘေဒါ၊
> ဥစ္ဆိဇ္ဇတိ ဝိနဿတိ နဟောတိ ပရံမရဏာ။
>
> ဣတိဝုတ်ပါဠိတော်။

ဘော၊အိုအချင်းတို့။အယံ အတ္တာ၊ဤကိုယ်ကောင် သတ္တဝါကလေးသည်။ယတော ကာယဿ ဘေဒါ၊ဤခန္ဓာကိုယ် ပျက်စီးသောအခါ၌၊ ဥစ္ဆိဇ္ဇတိ၊ပြတ်တောက်၏၊ဝိနဿတိ၊ပျက်စီးလေ၏။ ပရံမရဏာ၊သေသည်မှနောက်၌။ နဟောတိ၊ဘာတခုမှမဖြစ်။

ခန္ဓာကိုယ် ဟု ခေါ်ဆိုအပ်သော ဝိညာဏ်စိတ်ကလေးသည် သေသည်မှနောက်၌ ဘာမျှမဖြစ် ပျောက်ပျက် ပြတ်တောက်၍ သွားလေ၏ဟု ယူသော် ဥစ္ဆေဒဒိဋ္ဌိ အယူဖြစ်၏။ ဤကဲ့သို့ အယူ

မစင်ကြယ်ရင်လည်း တရားလမ်းမဖြောင့်၊ ထို့ကြောင့် ရုပ်နာမ်တို့၏ အပေါ်၌ ဤဒိဋ္ဌိနှစ်ပါး အယူစင်ကြယ်ဖြောင့်မတ်ပါမှ တရားလမ်းဖြောင့်မည်။

ဥပမာအားဖြင့်သိသာရန်မှာကား - သရက်စေ့ တစေ့ ကို စိုက်ပျိုး၍ အသီးသီးသောအခါ အသစ်ဖြစ်သော သရက်စေ့ကို တွေ့မြင်ရလေ၏။ ဤအသစ်ဖြစ်သောသရက်စေ့သည်အဟောင်းဖြစ်သော သရက်စေ့လားဟု မေးသော် အဟောင်းဖြစ်သော သရက်စေ့မဟုတ်၊ အဟောင်းဖြစ်သောသရက်စေ့နှင့်အကြောင်းကင်း၍ သူ့ဘာသာသူဖြစ်သော သရက်စေ့လားဟု မေးသော် သူ့ဘာသာသူဖြစ်သော သရက်စေ့လည်းမဟုတ်။ အဟောင်းသရက်စေ့နှင့် အသစ်သရက်စေ့တို့သည် အကြောင်းမကင်းရှိမျှသာ ဖြစ်ကြကုန်၏။

ထို့အတူ ဤခန္ဓာကိုယ်မှဖြစ်သော ဝိညာဏ်စိတ်ကလေးသည် သေသည်မှ နောင်၌ တပါးသော ခန္ဓာကိုယ်ထဲသို့ ဝင်သည်ဟူ၍လည်း မဆိုရာ၊ တပါးသော ခန္ဓာကိုယ်၌လည်း အလိုလိုဖြစ်သည်ဟူ၍လည်း မဆိုရာ။ တဘဝနှင့် တဘဝ အကြောင်းမကင်းရှိမျှသာဖြစ်သည်။ ဤကဲ့သို့ယူပါမှ သဿတဒိဋ္ဌိအယူနှင့် ဥစ္ဆေဒဒိဋ္ဌိအယူနှစ်ပါး စင်ကြယ်၍ တရားလမ်းဖြောင့်ကြမည်။

## ၁၃-ပရမတ္ထရုပ်ကို ပညတ်ကြီးလေးပါး ဖုံးအုပ်ပုံ

၁၃၊ ဤကဲ့သို့ ပြဆိုအပ်ပြီးသော ပညတ်ကြီး လေးပါးတို့ကို ခွါလှန်နိုင်ပါမှ ပရမတ်အစစ် အနှစ်တို့ကို မြင်မည်။ ရုပ်၏ဖြစ်ပုံ

**နာမ်၏**ဖြစ်ပုံတို့ကို သညာ အစွမ်းဖြင့်သော်လည်း ကောင်းစွာ သိမြင်ပါမူ သညာအစွမ်းဖြင့် ပဌမ ခွံ့ါလှန်ခြင်းဖြစ်သည်။ ထိုရုပ် ထိုနာမ် တို့၏ ဥဒယဗ္ဗယ - အဖြစ်အပျက်တို့ကို ထင်မြင်အောင် ဝိပဿနာ သုံးသပ်၍ ပညာအစွမ်းဖြင့် ကောင်းစွာသိမြင်ပါမူ ဒုတိယခွံ့ါလှန်ခြင်း ဖြစ်သည်။ မဂ်ကိစ္စ ပြီးပေပြီ။ ဝိပဿနာ အားထုတ်ပုံ နှလုံးသွင်းပုံ ဘမ်းပုံတို့ကိုအာနာပါနဝါယောခါတ် ဝိပဿနာ အားထုတ်ပုံအခဏ်း ဝေဒနာ ဝိပဿနာ အားထုတ်ပုံ အခဏ်းတို့၌ ပြဆိုထားလတ္တံ့။

ရထရေဏုမြူသည် ရထားသွားသောအခါ ထသောမြူမှုန့် တမှုန့်ဖြစ်သည်။ ၎င်းကို ၃၆-စိတ်စိတ်၊ တစိတ်သည် တဇ္ဇာရီမြူ တခု ဖြစ်သည်။ ၎င်းသည် နေပြောက်ထည်း၌ ပါလာသောမြူ ဖြစ်သည်။ ၎င်းကို ၃၆-စိတ်စိတ်၊ တစိတ်သည် အဏုမြူတခု ဖြစ်သည်။ ၎င်းကို မျက်စိအမြင်သန်လျှင် မြင်နိုင်၏။ ၎င်းကို ၃၆-စိတ်စိတ်၊ တစိတ်သည် ပရမာဏုမြူတခုဖြစ်သည်။ ၎င်းကို သာမည လူတို့မမြင်နိုင်။ နတ်တို့သည် မြင်နိုင်သေး၏၊ ၎င်းမြူ၌ ရုပ်အင်္ဂ ကလာပ်ပေါင်း ၅၀၊ ရုပ်ပေါင်း ၄၀၀-ရှိ၏။ ၎င်းရုပ်တခုသည် ပထဝီဓာတ် ရုပ်ဘခု သက်သက်ပင်တည်း။ အာပေါ 'တေဇော ဝါယော-စသည်တို့ မပါကုန်။ ထို့ ထက်ပိုလွန်၍ဖြစ်မူ ပါကုန်၏။

ထိုပရမတ္ထ သဘာဝ ရုပ်တခုကို လူဖြစ်စေ နတ်ဖြစ်စေ မျက်စိ ဖြင့်မမြင်နိုင်ကုန်။ ဉာဏ်ဖြင့်သာမြင်နိုင်ကုန်၏၊ ထိုရုပ်သေးရုပ်မွှား ကလေး တခုတည်းသာ ဖြစ်ပါမူ ကိုယ်လည်းမဖြစ်နိုင်။ ခေါင်း

လည်းမဖြစ်နိုင်။ လက်လည်းမဖြစ်နိုင်၊ ခြေလည်း မဖြစ်နိုင်။ယခု မူအား ထိုရုပ်သေးရုပ်မွှားကလေးတို့ မရေ မတွက်နိုင်အောင် ပေါင်းစု၍ပေါင်းစု၍ဖြစ်နေကြသောကြောင့်မျက်မြင်အားဖြင့် လည်းမြင်ကုန်၏။ဤကဲ့သို့မျက်မြင်အားဖြင့်မြင်နေသောကြောင့် ပရမတ္ထရုပ်သေးကလေးတခုကို ဉာဏ်၌မထင်နိုင်ကုန်။ ဤကဲ့သို့ ဉာဏ်၌မထင်နိုင်ခြင်းသည် သမူဟပညတ်ခေါ်သော ရုပ်ကလာပ် တို့ များစွာစုပေါင်း၍စုပေါင်း၍ဖြစ်ကြသောကြောင့်ပင်တည်း။ ဤကား သမူဟပညတ် ဖုံးအုပ်ပုံကို ပြဆိုခြင်း တရပ်။

ထိုသမူဟပညတ်မှ မဖြစ်လျှင် သဏ္ဌာနပညတ်လည်းမဖြစ်နိုင်။

သဏ္ဌာနပညတ်ဆိုသည်ကား-မြင့်သည် နိမ့်သည် ဝသည် ပိန်သည်ဟု ဆိုသော ဒြပ်သဏ္ဌာန်ကို ဆိုသည်။

ဃနပညတ် ဆိုသည်ကား ထိုသမူဟပညတ် သဏ္ဌာနပညတ် ခေါ်သော ရုပ်အစိုင်အခဲကြီးကို ဆိုသည်။

ထိုပညတ်သုံးပါးကား မခဲယဉ်းလှပေ။

သန္တတိပညတ် ဆိုသည်ကား ရုပ်နာမ် တရားတို့၏ ပရမတ္ထ သဘာဝအစဉ်အတိုင်း ပြောင်းလဲ၍ ပြောင်းလဲ၍နေသည်ကိုမသိ မမြင်နိုင်ဘဲ ထိုအစဉ်ကို အထင်လွဲ၍ မှတ်ယူခြင်းဖြစ်သည်။ ရုပ် ခေတ် နာမ်ခေတ်တို့၏ ကြိယာအသစ်အဟောင်း ပြောင်းလဲ၍ ပြောင်းလဲ၍ ဆက်လက်နေသည်ကိုပင် ရုပ်အစဉ် နာမ်အစဉ်ဟု ခေါ်သည်။

အစဉ်သန္တတိကြီးကို ခွဲစိတ်၍ မမြင်နိုင်လျှင် ကြိယာအသစ် အဟောင်းပြောင်းလဲမှုတို့ကို ထင်မြင်နိုင်မည်မဟုတ်။ ထိုသို့မထင် မမြင်ပါလျှင် အနိစ္စအချက်ကို ကျနစွာ မမြင်နိုင်ချေ။ ထိုသန္တတိ **အ**စဉ်အတန်းကြီးသည် အနိစ္စ လက်**နက်**ကို ခုခံသော ခံတပ်ကြီး ပေတည်း။ ထိုကြောင့် အနိစ္စကို သန္တတိ ဖုံးလွှမ်းသည်ဟူ၍ အဋ္ဌကထာ၌ ဆို၏။

## ၁၄-ပရမတ္ထရုပ်ဓာတ်တို့ အသစ်အဟောင်း ပြောင်းခြင်း နှုန်းညှိသိမ်မွေ့ပုံ

၁၄။ ဤခန္ဓာကိုယ်ကြီးသည် ပဋိသန္ဓေကလလ ရေကြည် တည်နေစက ကြိယာသဘော ဓာတ်ဟောင်းတွေမချုပ်ပျောက်၍ ဓာတ်သစ်တွေ မဖြစ်ပေါ်ဘဲ နေခဲ့လျှင် ကလလရေကြည်က မတက်နိုင်။ ကလလရေကြည်က ကြိယာသဘော ဓာတ်ဟောင်း တွေ ချုပ်ပျောက်ပြီး အမြှုပ်-စသည်ဖြစ်သော ဓာတ်သစ်တွေ ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ **အ**စဉ်အတိုင်းပြောင်းလဲ၍လာသည်ကာ ယခုအခါတိုင်တွင်ပင် ဖြစ်လေသည်။

ဤနေရာ၌ကား အလွန့်အလွန် ခက်ခဲ၍ အလွန့်အလွန် နက်နဲသည်။ အလွန်သိမ်မွေ့၏။ သိမ်မွေ့ နက်နဲ ခက်ခဲ သလောက် ကုန်စင်အောင် မရေးနိုင်။

ဤနေရာကိုရိပ်မိလျှင် ဓာတ်သဘာဝတို့၏ ကြိယာသဘော အဖြစ်အပျက်တို့ကို သဘောကျနိုင်လိမ့်မည်။

ရှေ့အဆင်းနှင့်နောက်အဆင်း ရှေ့သဏ္ဌာန်နှင့်နောက်သဏ္ဌာန်၊ ရှေ့ဖြစ်ပုံနှင့်နောက်ဖြစ်ပုံ မတူ ကွဲပြားသည်ကိုပင်လျှင် ကြိယာ အသစ် ပြောင်းလဲသည်၊ ချုပ်ပျောက်သည်၊ ဖြစ်ပေါ်သည်။ အဟောင်းအသစ်ဟုဆို၏။ ထို့ကြောင့်ဤခန္ဓာကိုယ် တကိုယ်လုံး၌ ဖြစ်ပျက်ကြကုန်သော ခေတ်တရားအစုတို့သည် မျက်စိတမှိတ် လျှပ်တပြက်မျှ ရပ်တည်၍ မနေဘဲ ယခု တကိုယ်လုံးဖြင်၍ ယခု တကိုယ်လုံးချုပ်ပျောက်ကုန်၏။ မျက်မြင်အားဖြင့်မသိနိုင်၊ ဉာဏ် အမြင်အားဖြင့် သိနိုင်၏။

ဤကဲ့သို့ပဋိသန္ဓေကလလရေကြည်တည်နေစက အစပြု၍ယခု အခါတိုင်း ရှေ့အဆင်းနှင့် နောက်အဆင်း၊ရှေ့ဖြစ်ပုံနှင့်နောက် ဖြစ်ပုံတို့သည် အစဉ်အတိုင်း ပြောင်းလဲ၍ လာသည်ကိုသဘော မကျနိုင်ဘဲ ပဋိသန္ဓေကလူက လေးဖြစ်လာသည်။ လူကလေးက လူကြီးဖြစ်လာသည်ဟု ရုပ်အစဉ်သန္တတိကို တစပ်တည်း ပညတ် အမြင်ဖြင့် မြင်ခြင်း ထင်ခြင်းသည် သန္တတိပညတ်ဖုံးအုပ်၍သာ ဖြစ်သည်။ ဤကား သန္တတိပညတ်ကို ပြဆိုခြင်းပင်တည်း။

## ၁၅-ရုပ်တရားများဖြစ်ပေါ်နေကြပုံ ခေတ်မီး ဉပမာဖြင့် ပြခြင်း

၁၅။ တနည်း-ဉပမာဖြင့် ကောင်းစွာသိအပ်၏။ လေနှင့်တကွ ခေတ်ဆီနှင့် ညီထွန်းကြကုန်သော ခေတ်မီးကြီးတို့သည် ထိုခေတ် ဆီကို လေက ယူဆောင်၍ မီးရှိရာသို့လာ၍ မှုတ်ပေးလေသော ကြောင့် မီးလုံးကြီးတို့သည် ဖြစ်ပေါ်၍နေလေ၏၊ ထိုခေတ်ဆီ၏

အစက်ကလေးတစက်သည် နှင်းပေါက်ကလေးမျှမက သေးသိမ်သေး၏။ အစက်ပေါင်းရေတွက်၍ မရလောက်အောင် ပေါင်းစု၍ မီးအထည်းသို့ ကျရောက်လေသောကြောင့် မီးအလုံးကြီးတို့သည် မျက်မြင်အားဖြင့်တွေ့မြင်ရလေ၏။ ညဥ့်ဦးကညို၍ ထွန်းထားသောမီးအတိုင်းပင်နံ့နက်ကျသောအခါ တွေ့မြင်ရသေး၏။

ဤမီးသည် ညဥ့်ဦးကမီးအမှန်ဟုတ်ကဲ့လားဟုမေးသော်ညဥ့်ဦးက မီးအမှန်မဟုတ်။ညဥ့်ဦးက မီးသည် ညဥ့်ဦးအခါကပင် ချုပ်ငြိမ်းပြီးပြီ။ယခုမီးကား ယခုအသစ်ထပ်၍ဖြစ်သောမီးပင်တည်း။

နှင်းပေါက်ကလေးမျှမက သေးသိမ်သော ဓာတ်ဆီအစက်ကလေးတို့သည် မီးအထည်းသို့ ကျရောက်သည်နှင့် တပြိုင်နက် ဟုန်းကနဲ ဟုန်းကနဲမီးဖြစ်ပြီးလျှင် ပြီးချင်းချုပ်ငြိမ်းလေကုန်၏။ နောက်က နောက်က အသင်အသစ် အမျှင်မပြတ် ထပ်၍ထပ်၍ လာကြလေသောကြောင့် မီးလုံးကြီးတို့သည်ယခုဟုန်းကနဲဖြစ်၍ ယခု ဟုန်းကနဲ ချုပ်ပျောက်ကြပြီးလျှင် ယခု ဟုန်းကနဲ ဟုန်းကနဲ တဖန် အသစ် အသစ်ဖြစ်ပေါ်၍ နေကြသည်တို့ကို မျက်မြင်အားဖြင့် မသိ နိုင်ကြကုန်။ ဉာဏ်အမြင်ဖြင့်သာ သိနိုင်ကြကုန်သကဲ့သို့ ထို့ အတူ ယခုမျက်မြင်အားဖြင့် တွေ့မြင်၍ နေရသော ခန္ဓာကိုယ်ကြီးနှင့် မီးလုံးကြီးနှင့်တူပေ၏။

ကံ စိတ် ဥတု အာဟာရ-ဟု ဆိုအပ်သော အကြောင်းတရားလေးပါးနှင့် လေနှင့်တူပေ၏။ ရုပ်သေးရုပ်မွှား ဟူသမျှတို့နှင့် ဓာတ်ဆီပေါက်ကလေးတို့နှင့် တူပေ၏၊ ခန္ဓာကိုယ်ကြီးကို

တေဇောသည် ပညတ်အမည်သာဖြစ်သည်။ ပရမတ်ကား ပူမှု–မှု သဘော ကြိယာလေးမျှသာ။

လေဓာတ်သည်ကား မျက်စိဖြင့် မြင်သကဲ့သို့လည်းဖြစ်သည်။ ကိုယ်ဖြင့် တွေ့ထိ၍လည်း ရသည်။ဤကဲ့သို့ တွေ့မြင်၍ ရလျှင် ပညတ်ဝါယောသာ ဖြစ်သည်။ ပရမတ်ဝါယောမှာ တွေ့မြင်၍ မရ၊ ဝါယောသည် ပညတ်အမည်သာ ဖြစ်သည်။ ပရမတ်ကား ထောက်ကန်ခြင်း လှုပ်ရှားခြင်းသဘော ကြိယာကလေးမျှသာ။

ထို့အတူ ရုပ်ဟူသမျှတို့၌ ဤသို့မှတ်ယူရာ၏။ မည်သည့် ရုပ်မျိုးမဆိုထိုဓာတ်တရားလေးပါးတို့သာ ပေါင်းစု၍ပေါင်းစု၍ ဖြစ်ကြကုန်၏ အမည်ပညတ်သာ ကွာခြားသည်။

နာမ်တရားတို့တွင်လည်း–

စိတ်သည် ပညတ်အမည်သာဖြစ်သည်။ ပရမတ်ကား ညွှတ် တတ် ကိုင်းရှိုင်းတတ်သော သဘော ကြိယာကလေးမျှသာ။

ဝေဒနာသည် ပညတ်အမည်သာ ဖြစ်သည်။ ပရမတ်ကား ခံစားခြင်းသဘောကြိယာ ကလေးမျှသာ။

သညာသည် ပညတ်အမည်သာဖြစ်သည်။ ပရမတ်ကား မှတ်သားခြင်းသဘော ကြိယာလေးမျှသာ။

စေတနာသည် ပညတ်အမည်သာ ဖြစ်သည်။ ပရမတ်ကား စေ့ဆော်ခြင်း သဘောကြိယာ ကလေးမျှသာ။

တေဇောသည် ပညတ်အမည်သာဖြစ်သည်။ ပရမတ်ကား ပူမှု-ဧမှု သဘော ကြိယာလေးမျှသာ။

လေဓာတ်သည်ကား မျက်စိဖြင့် မြင်သကဲ့သို့လည်းဖြစ်သည်။ ကိုယ်ဖြင့် တွေ့ထိ၍လည်း ရသည်။ ဤကဲ့သို့ တွေ့မြင်၍ ရလျှင် ပညတ်ဝါယောသာ ဖြစ်သည်။ ပရမတ်ဝါယောမှာ တွေ့မြင်၍ မရ၊ ဝါယောသည် ပညတ်အမည်သာ ဖြစ်သည်။ ပရမတ်ကား ထောက်ကန်ခြင်း လှုပ်ရှားခြင်းသဘော ကြိယာကလေးမျှသာ။

ထိုအတူ ရုပ်ဟူသမျှတို့၌ ဤသို့မှတ်ယူရာ၏။ မည်သည့် ရုပ်မျိုးမဆိုထိုဓာတ်တရားလေးပါးတို့သာ ပေါင်းစု၍ပေါင်းစု၍ ဖြစ်ကြကုန်၏ အမည်ပညတ်သာ ကွာခြားသည်။

နာမ်တရားတို့တွင်လည်း-

စိတ်သည် ပညတ်အမည်သာဖြစ်သည်။ ပရမတ်ကား ညွတ်တတ် ကိုင်းရှိုင်းတတ်သော သဘော ကြိယာကလေးမျှသာ။

ဝေဒနာသည် ပညတ်အမည်သာ ဖြစ်သည်။ ပရမတ်ကား ခံစားခြင်းသဘောကြိယာ ကလေးမျှသာ။

သညာသည် ပညတ်အမည်သာဖြစ်သည်။ ပရမတ်ကား မှတ်သားခြင်းသဘော ကြိယာလေးမျှသာ။

စေတနာသည် ပညတ်အမည်သာ ဖြစ်သည်။ ပရမတ်ကား စေ့ဆော်ခြင်း သဘောကြိယာ ကလေးမျှသာ။

ဖဿသည် ပညတ်အမည်သာဖြစ်သည်။ ပရမတ်ကား တွေ့ထိခြင်း သဘော ကြိယာကလေးမျှသာ။

မနသိကာရသည် ပညတ်အမည်သာ ဖြစ်သည်။ ပရမတ်ကား နှလုံးသွင်းခြင်း သဘောကြိယာကလေးမျှသာ။ ထို့အတူကြွင်းသော နာမ်တရားဟူသမျှတို့၌လည်း ဤသို့သာ မှတ်ယူရာ၏။

## ၁၇- နာမ်တရားငါးမျိုးဦးစီးဦးကိုင် ဖြစ်ပုံ

၁၇။ ဝိဘင်းပါဠိတော်၌ ဝေဒနာ-သညာ-စေတနာ-ဖဿ-မနသိကာရ၊ဤငါးလုံးကိုသာ နာမ်ဟူ၍ ဟောတော်မူသည်။ ဤ ငါးလုံးသော နာမ်တရားတို့သည်သာ ဦးစီးဦးကိုင် ဖြစ်၍ ဟောတော်မူခြင်းဖြစ်သည်။ ကြွင်းကျန်သော နာမ်တရားအလုံးစုံကိုလည်း လိုက်၍သိနိုင်လျှင် ဆိုဘွယ်မရှိ ကောင်းသည်ထက် ကောင်းမြတ်လှတော့သည်သာ။

အားထုတ် နှလုံးသွင်းသောအခါ ထိုနာမ်တရား ငါးလုံးတို့သည်သာ အထင်အရှားဆုံး အသိလွယ်ဆုံး အမြင်လွယ်ဆုံး ဖြစ်သည်။ ထိုငါးလုံးတို့တွင် တလုံးလုံး၏ ကြိယာသဘော ဥဒယဗ္ဗယ အဖြစ်အပျက် အနိစ္စ–အချက်ကြီးကို ကောင်းစွာ ထင်မြင် သိရှိသော် ကြွင်းကျန်သော နာမ်တရားဟူသမျှတို့သည်လည်း ကြိယာသဘော ဥဒယဗ္ဗယ အဖြစ်အပျက်ချင်း တူကြသောကြောင့် ထင်မြင်ပြီး၊သိရှိပြီးတော့သည်သာ။

ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် တို့သည်လည်း တလုံးလုံး၏ ကြိယာသဘော ဥဒယဗ္ဗယအဖြစ် အပျက် အနိစ္စအချက်ကြီးကို ကောင်းစွာ ထင်မြင် သိရှိသော် ကြွင်းကျန်သော ရုပ်ဓာတ်ဟူသမျှတို့သည်လည်း ကြိယာသဘော ဥဒယဗ္ဗယ အဖြစ်အပျက်ချင်း တူကြသောကြောင့် ထင်မြင်ပြီး သိရှိပြီး ဖြစ်တော့သည်သာ။

## ၁၈-ဉာဏ်ငါးပါးကို သညာသိ သညာသိ-ခွဲပြပုံ

၁၈။ သိ—ဆိုသည်ကား သုတမယ ဉာဏ်ဖြင့် သိခြင်း စိန္တာမယဉာဏ်ဖြင့်သိခြင်း ယထာဘူတဉာဏ်ဖြင့်သိခြင်းတို့သည် သညာသိသာ ဖြစ်ကုန်၏။ ဝိပဿနာ ဘာဝနာမယဉာဏ်ဖြင့် သိခြင်းသည် လောကီပညာ သိသာ ဖြစ်သေး၏။ ပဋိဝေဓဉာဏ် ဖြင့်သိမှသာ လောကုတ္တရာ မဂ်ပညာ ဖိုလ်ပညာ အစစ်ကြီး ဖြစ်ပေ၏။သို့အတွက်ကြောင့် သညာသိနှင့် သိရုံမျှဖြင့် မဂ်ကိစ္စ ဖိုလ်ကိစ္စကိုမပြီးစီးနိုင်။မဂ်ပညာ ဖိုလ်ပညာဖြင့် သိမှသာ မဂ်ကိစ္စ ဖိုလ်ကိစ္စကို ပြီးစီးနိုင်သည်။

အလွန်သိမ်မွေ့နက်နဲ ခက်ခဲသည်။ သို့သော် မသိခင်မမြင် ခင် မသင်ခင်သာ ခက်ခဲသည်။သိမြင်ထင်သောအခါ လွယ်ကူ သည်။ စိတ်မလျှော့ရာ။

သို့အတွက်ကြောင့်အဘိဓမ္မာတရားတို့ကိုများများကြီးသိလျှင် များများကြီးခက်သည်၊အလယ်အလတ်လောက်သိလျှင် အလယ်

အလတ်လောက် ခက်သည်၊ နဲနဲကလေးလောက် သိလျှင် နဲနဲကလေးလောက် ခက်သည်။ ဘာမျှမသိလျှင် ဘာမျှမခက်၍ လွယ်၏။

## ၁၉- အန္ဓပုထုဇ္ဇန်နှင့် ကလျာဏပုထုဇ္ဇန်

၁၉။ ကလျာဏပုထုဇ္ဇန်နှင့် စူဠသောတာပန် အဖြစ်ကို ကောင်းရအောင် အားထုတ်သင့်ပေ၏ ဟု နောက်၌ ပြဆိုထားခဲ့၏။ ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စသမုပ္ပါဒ်အစရှိသည်တို့ကို သင်ခြင်း မေးမြန်းခြင်း အသင့်အားဖြင့် နှလုံးသွင်းခြင်း မရှိသော ပုဂ္ဂိုလ်ကို အန္ဓပုထုဇ္ဇန်၊ သင်ခြင်း မေးမြန်းခြင်း အသင့်အားဖြင့် နှလုံးသွင်းခြင်း ရှိသော ပုဂ္ဂိုလ်ကို ကလျာဏပုထုဇ္ဇန်ဟု ခေါ်သည်။

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာ ဒိစ္စဗန္ဓုနာ။

အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏပုထုဇ္ဇနကောတိ။

တတ္ထ ယဿ ခန္ဓာယတန ဓာတု သစ္စ ဣန္ဒြိယ ပဋိစ္စသမုပ္ပါဒါဒိဘေဒေသု ဓမ္မေသု ဥဂ္ဂဟ ပရိပုစ္ဆ ယောနိသော မနသိကာရော နတ္ထိ၊ သော အန္ဓပုထုဇ္ဇနော။ ယဿ တာနိ အတ္ထိ၊ သော ကလျာဏပုထုဇ္ဇနော။

မူလပဏ္ဏာသ၊ ပဋိသမ္ဘိဒါမဂ်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာများ။

ဒုဝေ၊ နှစ်ယောက်ကုန်သော။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန်တို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အဆွေ ဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ အန္ဓပုထုဇ္ဇနော စ၊

အန္ဓပုထုဇ္ဇန်လည်း။ ဧကော၊ တယောက်။ ကလျာဏပုထုဇ္ဇနော စ၊ ကလျာဏပုထုဇ္ဇန်လည်း။ ဧကော၊ တယောက်၊ ဣတိ၊ ဤသို့။ ဒုဝေ၊ နှစ်ယောက်တို့တည်း။

တတ္ထ၊ ထိုနှစ်ယောက်သော ပုထုဇ္ဇန်တို့တွင်။ ယဿ၊ အကြင် ပုထုဇ္ဇန်အား။ ခန္ဓာယတန ဓာတု သစ္စ ဣန္ဒြိယ ပဋိစ္စသမုပ္ပါဒါဒိ ဘေဒေသု၊ ခန္ဓာ အာယတန ဓာတ် သစ္စာ ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ် အစရှိသည် အပြားရှိကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဥဂ္ဂဟ ပရိပုစ္ဆ ယောနိသော မနသိကာရော၊ သင်ခြင်း မေးမြန်းခြင်း အသင့်အားဖြင့်နှလုံးသွင်းခြင်းသည်။ နတ္ထိ၊ မရှိ။ သော ပုထုဇ္ဇနော၊ ထိုပုထုဇ္ဇန်သည်။ အန္ဓပုထုဇ္ဇနော၊ အန္ဓပုထုဇ္ဇန်မည်၏။ ယဿ၊ အကြင် ပုထုဇ္ဇန်အား။ တာနိ၊ ထိုခန္ဓာ အာယတန ဓာတ် သစ္စာ ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ်တို့ကို။ ဥဂ္ဂဟ ပရိပုစ္ဆ ယောနိသော မနသိကာရော၊ သင်ခြင်း မေးမြန်းခြင်း အသင့်အားဖြင့် နှလုံးသွင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော ပုထုဇ္ဇနော၊ ထိုပုထုဇ္ဇန်သည်။ ကလျာဏပုထုဇ္ဇနော၊ ကလျာဏပုထုဇ္ဇန်မည်၏။

အန္ဓပုထုဇ္ဇန်အဖြစ်မှ လွတ်ကင်း၍ ကလျာဏ ပုထုဇ္ဇန်အဖြစ်သို့ ရောက်ရလေအောင် ရုပ်နာမ် ခန္ဓာ အာယတန ဓာတ် သစ္စာ ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ် တရားတို့ကို ကောင်းစွာ ကြည့်ရှု မှတ်သားရာ၏။ အန္ဓပုထုဇ္ဇန်ဆိုဒါသည် ပညာမျက်စိ မမြင်သော ကြောင့် ပုထုဇ္ဇန်အကန်း ပုထုဇ္ဇန် အမိုက် မကျွတ်ထိုက်သော

ပုထုဇ္ဇန်ဟုဆိုလိုသည်။ ကလျာဏပုထုဇ္ဇန်ဆိုဒါသည် ပညာ မျက်စိဖြင့် မြင်သောကြောင့်ကောင်းသော ပုထုဇ္ဇန်လိမ္မာသောပုထုဇ္ဇန် ကျွတ်ထိုက်သော ပုထုဇ္ဇန် ဟု ဆိုလိုသည်။

ခန္ဓာ အာယတန ဓာတ် သစ္စာ ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ် အစရှိသည် ဟု အာဒိ-သဒ္ဒါဖြင့် ပြဆိုထားသောကြောင့် ဤမျှတွင် မကသေး ဟု ယူရမည်။ ယူပင် ယူသော်လည်း တရားသဘောမှာ အတူတူပင် ဖြစ်သောကြောင့် အလုံးစုံ အကုန်လိုက်၍သိတို့မလို၊ တလုံးလုံးကိုသာ သိဘို့လိုသည်။ အားထုတ်နှလုံးသွင်းသောအခါ တလုံးကိုသာ အားထုတ်နှလုံးသွင်းရာ၏။ ထိုတလုံးကို မဂ်ကိစ္စဖြင့် ပြီးမြောက်သော် ကြွင်းသောတရားဟူသမျှတို့သည်လည်း သဘောအတူတူပင် ဖြစ်သောကြောင့် ကိစ္စပြီးပြီးသား ဖြစ်လေတော့သည်သာ။

သင်ခြင်း မေးမြန်းခြင်း အသင့်အားဖြင့် နှလုံးသွင်းခြင်း ဟု ပြဆိုထားသောကြောင့် တလုံးလုံးကို သိအောင်သင်ရမည်။ မေးမြန်းရမည်။ သင်သည့်အတိုင်းမေးမြန်း၍ သိသည့်အတိုင်း ဉာဏ်၌ ထင်မြင်အောင် နှလုံးသွင်း အားထုတ်ရမည်။ ဤကဲ့သို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရအောင် နှလုံးသွင်း အားထုတ်လျက်ကနှင့် မိမိတို့၏ ပဋိသန္ဓေက ဒွိဟိတ်နှင့် ပဋိသန္ဓေ နေခဲ့ပါမူ ဤအဝဌ်မဂ်ဖိုလ်ကို မရသော်လည်း ကလျာဏပုထုဇ္ဇန် အဖြစ်ကိုကေန်ရနိုင်ပါ၏။ ဤကဲ့သို့ ကလျာဏပုထုဇ္ဇန် အဖြစ်ကို ရလျှင်ပင် အပယ်လေးပါး တည်းဟူသော အောက်သံသရာကြီးကို

လွန်မြောက်နိုင်၏၊ ဒုတိယဘဝ တတိယဘဝတို့၌ မဂ်ဖိုလ်ကို ရတော့မည်ကားကေန်သာ။ ဤကဲ့သို့သော အထစ်မျိုးကိုမကုတ် မိ-ကုတ်မိအောင် ကြံဆောင်ရာသည်။

## ၂၆- ဒါနတခုဖြင့် နိဗ္ဗာန်ရောက် မရောက်

၂၀။ အလွယ်အားဖြင့်ပြောဆိုတတ်ကြသည်ကား- အချို့သော သူတို့သည် ဒါတခုတည်းနှင့်ပင် နိဗ္ဗာန်သို့ ရောက်နိုင်၏ ဟု ပြောဆိုတတ်ကြကုန်၏။ အချို့သောသူတို့သည် ဒါနဟာ နိဗ္ဗာန်ရောက်ထာလား ဟု ပြောဆိုတတ်ကြကုန်၏။ ထိုစကားနှစ်ရပ်တို့တွင် မည်သည့်စကားမျှ အနှောင့်အသွား မလွတ်။ ဒါနတခုတည်းနှင့်ပင် နိဗ္ဗာန်သို့ ကေန်ရောက်နိုင်သော် သီလနှင့် ဘာဝနာများတို့ကို ပင်ပင်ပန်းပန်းနှင့် အဆင်းရဲခံ၍ အားထုတ်နေရန်မလို ဖြစ်လိမ့်မည်။

ဒါနဟာ နိဗ္ဗာန်ရောက်ထာလား ဟု ပြောဆိုသော စကားသည် ဒါနကို ပစ်ပယ်ရာ ရောက်နေသည်။

## ကုသိုလ်သုံးမျိုး

ကုသိုလ်သည် ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ဟူ၍ သုံးပါး အပြားရှိသည် တို့တွင် ဒါနကုသိုလ်သည် အပြုရ အလွယ်ကူဆုံး ကုသိုလ်ဖြစ်သည်။ မည်သူမဆို ဆရာမရှိဘဲနှင့် ပြုတတ်ကြသည်။ သီလကုသိုလ်နှင့် ဘာဝနာကုသိုလ် တို့ကား

ဒါနကုသိုလ်မျိုးလိုမလွယ်။ထိုကဲ့သို့သော အလွယ်ကူဆုံးကုသိုလ်မျိုးကိုမျှ မပြုလုပ်ဘဲနေချင်လျှင် ထို့ထက်ခက်သော ကုသိုလ်မျိုးကိုသာ၍ မပြုမလုပ်ဘဲ နေလိမ့်မည်။

ဒါနအကျိုး ပေးပုံ၊သီလအကျိုးပေးပုံ၊ ဘာဝနာအကျိုးပေးပုံတို့ကို သေချာစွာသိလျှင် ဤကဲ့သို့ ပြောကြမည်မဟုတ်ကုန်။ ဒါနအကျိုးနှင့် သီလအကျိုးသည် ကာမသုဂတိ ခုနစ်ဘုံသို့သာ ရောက်အောင် အကျိုးပေးနိုင်၏။ ထိုခုနစ်ဘုံ၌ ဒါနအကျိုးကို ဒါနအားလျော်စွာ မည်၍ မည်မျှဟု ပိုင်းခြား၍ရသည်၊ သီလအကျိုးကိုကား ပိုင်းခြား၍ မရ။ဒါနတခုကို ပြုဆဲအခါမှာပင် သီလသည် လိုက်၍ ပါလာ၏။

## ဘာဝနာနှစ်မျိုး

ဘာဝနာသည် သမထ ဘာဝနာ ဝိပဿနာ ဘာဝနာဟူ၍ နှစ်မျိုးရှိ၏။သမထ ဘာဝနာအကျိုးသည် ရူပဘုံနှင့် အရူပဘုံသို့သာ ရောက်အောင် အကျိုးပေးနိုင်၏။ ရောက်ပုံကား–တခုခုသော သမထ တရားကို အားထုတ်သောအခါ ပဌမစျာန်ကို ရသည်ဖြစ်အံ့၊ ထိုရပြီးသောစျာန်ကို မပျက်မစီးစေဘဲ စျာန်ကို လက်ကိုင်ထားလျက် စုတိစိတ်ကျမှသာလျှင် ရူပ ပဌမစျာန်ဘုံသို့ ရောက်နိုင်သည်။ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဉ္စမ စျာန်တို့သည်လည်းထို့နည်းတူစွာကောင်းစွာသိအပ်ကုန်၏။

ထိုကဲ့သို့ အားထုတ်၍ ဈာန်ကို ရပြီးမှ ပျက်စီးသည်ဖြစ်အံ့၊ ဈာန်ကို လုံးလုံးသား မရဘဲ နေသည်ဖြစ်အံ့၊ စုတိစိတ်ကျ၍ အကျိုးပေးလျှင် ကာမသုဂတိ ခုနစ်ဘုံ သို့သာပြန်၍အကျိုးပေး လေ၏။ သမထတရား အားထုတ်ဆဲ အခါ၌လည်း သီလသည် လိုက်၍ ပါလာ၏။

ဝိပဿနာဘာဝနာ အကျိုးသည် ထိုကာမဘုံ ရူပဘုံ အရူပဘုံ တို့မှ တဆင့် မဂ်ဖိုလ်နိဗ္ဗာန်တရားကို ရအောင် ရောက်အောင် အကျိုးပေးနိုင်၏။ အကယ်၍ မရမရောက်ခဲ့လျှင် ကာမသုဂတိ ခုနစ်ဘုံ သို့သာ ပြန်၍ အကျိုးပေးလေ၏။ ဝိပဿနာ ဘာဝနာ တရားအားထုတ်ဆဲအခါ၌လည်း သီလသည်လိုက်၍ ပါလာ၏။ သီလမရှိလျှင် ကုသိုလ်ပြု၍ မရ။ ကုသိုလ်ပြုဆဲအခါ၌ အကုသိုလ် မဖြစ်၊ အကုသိုလ်မဖြစ်လျှင် သီလဖြစ်သည်။ ကောင်းကောင်း သတိထားအပ်၏။

ဤကဲ့သို့ အကျိုးအသီးသီး ပေးကြသောကြောင့် ဒါန တခု တည်းနှင့်ပင် နိဗ္ဗာန် သို့ရောက်နိုင်၏ဟုပြောဆိုသောစကားသည် နိဗ္ဗာန်ကိုအသာထား ပါဦး၊ ရူပ-ပဉ္စမဈာန်ကိုရအောင်မည်သည့် ဒါနကိုပြုရမည်နည်းဟု မေးလျှင် နဲနဲမျှ ပြောတတ်တော့မည် မဟုတ်။ ထို့အတူ သောတာပတ္တိမဂ်ကို ရအောင်မည်သည့် ဒါန ကို ပြုမည်နည်းဟု မေးသော်လည်း နဲနဲမျှ ပြောတတ်တော့မည် မဟုတ်၊ သို့အတွက်ကြောင့် အပြောကိုဆင်ခြင်ရာသည်။

ဒါနဟာနိဗ္ဗာန်သို့ရောက်ထာလားဟု ပြောဆိုသောစကားသည် သဒ္ဓါတရား နည်းပါးသောသူတို့၏ စကားသာဖြစ်လိမ့်မည်။နိဗ္ဗာန်သို့ တိုက်ရိုက်ကြီး မရောက်သော်လည်း ကောင်းရာသုဂတိဖြစ်သော ဘုံတို့၌ ဖြစ်နိုင် နေ့ကိနိုင်လေသောကြောင့် အကျိုးကျေးဇူးကိုသာ ပြောဆိုရာ၏။ အောက်ဆုံး အထစ်ဖြစ်သော လူ့ဘုံ၌ လူဖြစ်ဘို့ကား–လွယ်ကူသည်မဟုတ်။မလွယ်ကြောင်းကိုလည်းဒုလ္လဘ တရားများကိုကြည့်ရှုက သိနိုင်၏။

ကျမ်းစာကို ရေးသားသော အခါ၌ဖြစ်စေ၊ တရားကိုဟောပြောသောအခါ၌ဖြစ်စေ၊ အနုသန္ဓေ အချိတ်အဆက်အဆင်ပြေအောင်သာ ရေးသားရခြင်း၊ ဟောပြောရခြင်း ဓမ္မတာသဘော ဖြစ်သည်။

ဒါနနှင့်ပင်နိဗ္ဗာန်ရောက်နိုင်၏ ဟု ပြောဆိုသောစကားကိုလည်း လုံးလုံးသားမှားသည်ဟူ၍ မဆိုနိုင်ရာ၊ ဒါနအကျိုးသည် နိဗ္ဗာန်သို့ရောက်သောအကြောင်းတရား ဖြစ်သည်။ မဂ် ဖိုလ် နိဗ္ဗာန်တို့ကား အကျိုးတရားများ ဖြစ်သည်။ အကျိုးတရား ဟူလည် အကြောင်းတရားနှင့် ကင်း၍ မဖြစ်နိုင်၊ ထို့ကြောင့်–

ဒါနံ သဂ္ဂဿ သောပါနံ၊ ဒါနံ ပါထေယျမုတ္တမံ။
ဒါနံ ဥဇုဂတံ မဂ္ဂံ၊ ဒါနံ မောက္ခပဒံ ဝရံ။

သံယုတ်ပါဠိတော်။

ဒါနံ၊ ဒါနသည်ကား။ သဂ္ဂဿ၊ နတ်ပြည်၏။ သောပါနံ၊ စောင်းတန်းလှေကားသဖွယ်လည်း ဖြစ်ပေ၏။ ဒါနံ၊ ဒါနသည်ကား။ ဥတ္တမံ၊ မြတ်သော၊ ပါထေယျံ၊ ရိက္ခာထုပ်ကြီးလည်းဖြစ်ပေ၏။ ဒါနံ၊ ဒါနသည်ကား။ ဥဇုဂတံ မဂ္ဂံ၊ ဖြောင့်မတ်စွာသော လမ်းခရီးနှင့်လည်းတူပေ၏။ ဒါနံ၊ ဒါနသည်ကား။ ဝရံ၊ မြတ်သော။ မောက္ခပဒံ၊ မဂ်ဖိုလ်နိဗ္ဗာန်၏ အကြောင်းရင်းဖြစ်ပေ၏။

## ၂၁-သက္ကာယဒိဋ္ဌိပယ်ရန် ဥပမာ ပြခြင်း

၂၁။ ဤမျှလောက် မဂ်ဖိုလ်တရားတို့နှင့် ဝေးကွာပြီး နေရခြင်းသည် သက္ကာယဒိဋ္ဌိ တရားကြီး လွှမ်းမိုးနှိပ်စက် ဘိစီး၍ နေသောကြောင့်သာဖြစ်သည်။ သို့အတွက်ကြောင့် သက္ကာယဒိဋ္ဌိ တရားကို အမြန်ပယ်ဘို့ အလိုဆုံးဖြစ်သည်။ ထို့ကြောင့်

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိံ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

ပဋိသမ္ဘိဒါမဂ်၊ သံယုတ်၊ နေတ္တိပါဠိတော်များ။

သတ္တိယာ၊ လှံဖြင့်။ ဩမဋ္ဌော ဝိယ စ၊ ထိုးမိသောသူကဲ့သို့ရင်း။ မတ္ထကေ၊ ဦးခေါင်း၌။ ဒယှမာနောဝ၊ မီးလောင်သော သူကဲ့သို့ရင်း။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ သတော၊ သတိနှင့် ပြည့်စုံသော။ ဘိက္ခု၊ သံသရာဘေးကို ကြောက်လေ့ရှိသော သူသည်။ ပရိဗ္ဗဇေ၊ ကျင့်၍နေရာ၏။

လှုံ့ဖြင့် ရင်ဝသို့ ထိုးမိသောသူသည် ၎င်းလှံကို တအောင့်ကလေးမျှကြာအောင် မထားချင်ဘဲ လျင်မြန်စွာ နုတ်ပယ်လိုသော စိတ်ရှိမည်ကဲ့သို့၎င်း။ ဦးခေါင်းပေါ်၌ ရဲရဲညီးပြောင်မီးလောင်၍ နေသောအခါ၌လည်းလျင်လျင်မြန်မြန်ကြီး ငြိမ်းစေလိုသောစိတ် ရှိမည်ကဲ့သို့၎င်း သက္ကာယဒိဋ္ဌိကို ပယ်ရန်မှာလည်း ထို့နည်းတူစွာ လျင်လျင်မြန်မြန်ကြီးပယ်ရမည်ဖြစ်သည်၊ သံသာရဘာယဘီရုက ဖြစ်ကြကုန်သော ပုဂ္ဂိုလ်တို့သည် ကြပ်ကြပ်ကြီး သတိထားသင့်၏။ ပြထားသောဥပမာဖြင့် ၎င်းထက်ပို၍ အရေးကြီးသော အရာဟူသမျှ မရှိလောက်အောင်ပင် ဖြစ်သည်။

## ၂၂-သက္ကာယ ခေါ်ပုံ

၂၂။ သို့အတွက်ကြောင့် သက္ကာယဒိဋ္ဌိကို သိဘို့လိုသည်။ မြတ်စွာဘုရားကို ဒါယကာ ဝိသာခက လျှောက်ထားသည်မှာ သက္ကာယ သက္ကာယဟု တပည့်တော်ကြားဘူးပါသည်၊ အဘယ်တရားကို သက္ကာယ ခေါ်ပါသနည်း မြတ်စွာဘုရား ဟု လျှောက်ကြားသောအခါ—

ပဉ္စ ခေါ ဣမေ အာဝုသော ဝိသာခ ဥပါဒါနက္ခန္ဓာ
သက္ကာယော ဝုတ္တော ဘဂဝတာ။

မူလပဏ္ဏာသပါဠိတော်။

အာဝုသော ဝိသာခ၊ ငါ့ရှင်ဝိသာခ။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါန်စွဲကပ်၍ဖြစ်ကုန်သောခန္ဓာတို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ ဣမေ

ခေါ်ပဋ္ဌ၊ ဤငါးပါးတို့ကို။ သက္ကာယော၊သက္ကာယ–ဟူ၍။ဘဂဝတာ၊မြတ်စွာဘုရားသည်။ဝုတ္တော၊ဟောတော်မူအပ်၏။

ဤကဲ့သို့ ဟောတော်မူသောကြောင့် ကေန်အမှန် အားဖြင့် ထင်ရှားရှိသောခန္ဓာငါးပါးတရားကို သက္ကာယ–ဟုခေါ်သည်။

သန္တော သံဝိဇ္ဇမာနော ကာယော သက္ကာယော၊
တေဘူမိက ခန္ဓပဥ္စကဿေတံ နာမံ။ သက္ကာယေ
မိစ္ဆာဝသေန ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။

သန္တော–သံဝိဇ္ဇမာနော၊ပရမတ်အားဖြင့် ထင်ရှားရှိသော။ ကာယော၊ရုပ်နာမ်နှစ်ခုတို့၏ အပေါင်းအစုသည်။သက္ကာယော၊ သက္ကာယမည်၏။တေံ၊ထိုသက္ကာယ–ဟူသော အမည်သည်။တေဘူမိက ခန္ဓပဥ္စကဿ၊ ဘုံသုံးပါး၌ ထင်ရှားရှိသော ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ပရမတ်တရား၏။ နာမံ၊အမည်ပေတည်း။ သက္ကာယေ၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးပရမတ်တရားဖြစ်သော ကိုယ်ကြီး၌။မိစ္ဆာဝသေန၊ ချွတ်ယွင်းဖောက်ပြန်သည်၏ အစွမ်းအားဖြင့်။ ဒိဋ္ဌိ၊မှားသောအားဖြင့် ထင်ခြင်း မြင်ခြင်းသည်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ မည်၏။

ကေန်အမှန်အားဖြင့် ထင်ရှားရှိသော သက္ကာယ–ဟုခေါ်ဆိုအပ်သော ခန္ဓာငါးပါး တရားအပေါ်၌ ကေန်အမှန်အားဖြင့် ထင်ရှားမရှိသော ပုဂ္ဂိုလ် သတ္တဝါစသောအားဖြင့် ထင်မြင်ပြီး စွဲလမ်း၍ယူခြင်းကို ဒိဋ္ဌိဆိုသည်။ သက္ကာယ အပေါ်၌ စွဲလမ်း၍

ဖြစ်သောကြောင့် သက္ကာယဒိဋ္ဌိဟု ခေါ်ဆိုသည်။ ၎င်းသက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်နိုင်လျှင် သောတာပတ္တိမဂ်ကို ရပေ၏။ ထို့ကြောင့်—

သောတာပတ္တိမဂ္ဂေန သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသော ဣမာနိ တီဏိ သံယောဇနာနိ ပဟီယန္တိ၊ ဒိဋ္ဌာနုသယော ဝိစိကိစ္ဆာနုသယော၊ ဣမေ ဒွေ အနုသယာ ဗျန္တိ ဟောန္တိ။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်။

သကဒါဂါမိမဂ္ဂေန ဩဠာရိကံ ကာမရာဂသံယောဇနံ ပဋိဃသံယောဇနံ၊ ဣမာနိ ဒွေ သံယောဇနာနိ ပဟီယန္တိ၊ ဩဠာရိကော ကာမရာဂါနုသယော ပဋိဃာနုသယော ဣမေ ဒွေ အနုသယာ ဗျန္တိ ဟောန္တိ။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်။

အနာဂါမိမဂ္ဂေန အနုသဟဂတံ ကာမရာဂ သံယောဇနံ ပဋိဃသံယောဇနံ၊ ဣမာနိ ဒွေသံယောဇနာနိ ပဟီယန္တိ၊ အနုသဟဂတော ကာမရာဂါနုသယော ပဋိဃာနုသယော၊ ဣမေ ဒွေ အနုသယာ ဗျန္တိ ဟောန္တိ။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

အရဟတ္တမဂ္ဂေန ရူပရာဂေါ အရူပရာဂေါ မာနော ဥဒ္ဓစ္စံ အဝိဇ္ဇာ၊ ဣမာနိ ပဉ္စ သံယောဇနာနိ ပဟီယန္တိ မာနာနုသယော ဘဝရာဂါနုသယော အဝိဇ္ဇာနုသယော၊ ဣမေ တယော အနုသယာ ဗျန္တိံ ဟောန္တိ။ ဧဝံ သံယောဇနာနိ ပဟီယန္တိ၊အနုသယာ ဗျန္တိံ ဟောန္တိ။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

အနက်ကား ကျယ်မည်စိုး၍မရေးလိုက်။ အဓိပ္ပါယ်ကိုသာ ရေးပေအံ့။

## ၂၃ (က) သံယောဇဉ် ၁၀-ပါးကိုမဂ်၄-ပါးပယ်ပုံ

၂၃။ ဒိဋ္ဌိသံယောဇဉ် သီလဗ္ဗတပရာမာသ သံယောဇဉ် ဝိစိကိစ္ဆာသံယောဇဉ်၊ ၎င်းသုံးပါးကို သောတာပတ္တိမဂ်ဖြင့် ပယ်၏။ ရုန့်ရင်းသော ကာမရာဂသံယောဇဉ် ပဋိဃ သံယောဇဉ်၊ ၎င်း ၂–ပါးကို သကဒါဂါမိမဂ်ဖြင့်ပယ်၏။ သိမ်မွေ့သော၎င်း ၂–ပါးကို အနာဂါမိမဂ်ဖြင့် ပယ်၏။ ရူပရာဂသံယောဇဉ် အရူပရာဂ သံယောဇဉ် မာနသံယောဇဉ် ဥဒ္ဓစ္စ သံယောဇဉ် အဝိဇ္ဇာသံယောဇဉ်၊ ၎င်း ၅ –ပါးကို အရဟတ္တမဂ်ဖြင့် ပယ်၏။

## (ခ) အနုသယ ၇ ပါးကို မဂ် ၄ ပါး ပယ်ပုံ

ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယ၊ ၎င်း ၂-ပါးကို သောတာပတ္တိမဂ်ဖြင့် ပယ်၏။ ရုန့်ရင်းသော ကာမရာဂါနုသယ ပဋိဃာနုသယ၊၎င်း ၂-ပါးကိုသကဒါဂါမိမဂ်ဖြင့်ပယ်၏။သိမ်မွေ့သော

ၚင်းကို အနာဂါမိမဂ်ဖြင့် ပယ်၏။ မာနာနုသယ ဘဝရာဂါနုသယအဝိဇ္ဇာနုသယ၊ ၎င်း ၃–ပါးကိုအရဟတ္တမဂ်ဖြင့်ပယ်၏။

## (ဂ) ဒုစရိုက် ၁၀ ပါးကို မဂ်လေးပါးပယ်ပုံ

ပါဏာတိပါတာ အဒိန္နာဒါနာ ကာမေသုမိစ္ဆာစာရာ–ဟု ဆိုအပ်သော ကာယဒုစရိုက် ၃–ပါး၊ မုသာဝါဒ–ဟု ဆိုအပ်သော ဝစီဒုစရိုက် ၁–ပါး၊ မိစ္ဆာဒိဋ္ဌိ–ဟုဆိုအပ်သော မနောဒုစရိုက် ၁–ပါး။ ၎င်း ၅–ပါးတို့ကိုသောတာပတ္တိမဂ်ဖြင့်ပယ်၏။ ပိသုဏာဝါစာ ဖရုသဝါစာ-ဟု ဆိုအပ်သော ဝစီဒုစရိုက် ၂–ပါး၊ ဗျာပါဒ-ဟု ဆိုအပ်သော မနောဒုစရိုက် ၁–ပါး၊ ၎င်း-၃-ပါးကို အလယ်မဂ် နှစ်ပါးဖြင့် ပယ်၏။ သမ္ဖပ္ပလာပ ဟု ဆိုအပ်သော ဝစီဒုစရိုက် ၁–ပါး၊ အဘိဇ္ဈာ-ဟု ဆိုအပ်သော မနောဒုစရိုက် ၁–ပါး၊ ၎င်း ၂–ပါးကို အရဟတ္တမဂ်ဖြင့် ပယ်၏။

## (ဃ) ကိလေသာ ၁၀ ပါးကို မဂ်လေးပါးပယ်ပုံ

ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ၎င်း ၂–ပါးကို သောတာပတ္တိမဂ်ဖြင့်ပယ်၏။ သကဒါဂါမိမဂ်ဖြင့် ကိလေသာ အသီးအခြား ပယ်သည် ဟု ကျမ်းဂန်၌မလာ။ သောတာပန်ထက် ပိုမိုခေါင်းပါးသည်သာ ထူးသည်။ ဒေါသတပါးကို အနာဂါမိမဂ်ဖြင့်ပယ်၏။ ကြွင်းသော လောဘ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနော–တ္တပ္ပ၊ ၎င်း ၇-ပါးကို အရဟတ္တမဂ်ဖြင့် ပယ်၏။

ပါဠိကိုအလိုရှိပါမူ အဋ္ဌသာလိနီ အဋ္ဌကထာ၌ ယူပါလေ။

## (င) အာသဝေါတရား ၄-ပါးကို မဂ် ၄-ပါး ပယ်ပုံ

ဒိဋ္ဌာသဝေါ— တပါးကို သောတာပတ္တိမဂ်ဖြင့် ပယ်၏။ သကဒါဂါမိမဂ်ကား ပိုမိုခေါင်းပါးသည်သာ ထူးသည်။ ကာမာသဝေါ-တပါးကို အနာဂါမိမဂ်ဖြင့် ပယ်၏၊ ဘဝါသဝေါ—နှင့် အဝိဇ္ဇာသဝေါ—၎င်း ၂—ပါးကို အရဟတ္တမဂ်ဖြင့် ပယ်၏၊

ပါဠိကိုအလိုရှိပါမူ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ယူပါလေ၊

## ၂၄-သက္ကာယဒိဋ္ဌိ စွဲလမ်းပုံ

၂၄။ သက္ကာယ-ခေါ်ပုံနှင့် သက္ကာယဒိဋ္ဌိ-ခေါ်ပုံကို ပြဆိုခဲ့၏။ သက္ကာယဒိဋ္ဌိ စွဲလမ်းပုံကို မပြဆိုရသေး။ ထို့ကြောင့်—

(၁) ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ။

(၂) ဝေဒနံ အတ္တတော သမနုပဿတိ၊ ဝေဒနာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝေဒနံ၊ ဝေဒနာယ ဝါ အတ္တာနံ။

(၃) သညံ အတ္တတော သမနုပဿတိ၊ သညာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ သညံ၊ သညာယ ဝါ အတ္တာနံ။

(၄) သင်္ခါရေ အတ္တတော သမနုပဿတိ၊ သင်္ခါရဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ သင်္ခါရေ၊ သင်္ခါရေသု ဝါ အတ္တာနံ။

(၅) ဝိညာဏံ အတ္တတော သမနုပဿတိ။ ဝိညာဏဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝိညာဏံ၊ ဝိညာဏသ္မိံ ဝါ အတ္တာနံ။

ဓမ္မသင်္ဂဏီ ပါဠိတော်။

ရူပံ၊ ရူပက္ခန္ဓာကို။ အတ္တတော၊ ကိုယ်ဟူ၍၊ သမနုပဿတိ၊ စွဲပြဲ ထင်မြင်၏။ အတ္တာနံ ဝါ၊ ကိုယ်ကိုမူလည်း။ ရူပဝန္တံ၊ ရူပက္ခန္ဓာဟူ၍။ သမနုပဿတိ၊ စွဲမြဲထင်မြင်၏။ အတ္တနိ ဝါ၊ ကိုယ်၌မူလည်း။ ရူပံ၊ ရူပက္ခန္ဓာရှိ၏ဟူ၍။ သမနုပဿတိ၊ စွဲမြဲထင်မြင်၏။ ရူပသ္မိံ ဝါ၊ ရူပက္ခန္ဓာ၌မူလည်း။ အတ္တာနံ၊ ကိုယ်ရှိ၏ ဟူ၍။ သမနုပဿ တိ၊ စွဲမြဲထင်မြင်၏။

## သက္ကာယဒိဋ္ဌိ ၂၀-ဖြစ်ပုံ

ရူပက္ခန္ဓာတရားကို ကိုယ်ဟူ၍ စွဲလမ်း၏။ ကိုယ်ကိုရူပက္ခန္ဓာဟူ၍ စွဲလမ်း၏။ ကိုယ်ထည်း၌ ရူပက္ခန္ဓာရှိ၏ဟု စွဲလမ်း၏။ ရူပက္ခန္ဓာထည်း၌ ကိုယ်ရှိ၏ ဟူ၍ စွဲလမ်း၏။

ထို့အတူဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့၌လည်း လေးချက်စီ — လေးချက်စီကြီး စွဲလမ်းသောကြောင့်သက္ကာယဒိဋ္ဌိ-နှစ်ဆယ် ဖြစ်သတည်း။

ကိုယ်ဟူ၍သာ စွဲလမ်းတတ်သည်မဟုတ်၊ ငါဟူ၍၎င်း သူဟူ၍၎င်း ယောကျ်ားဟူ၍၎င်း မိန်းမဟူ၍၎င်း ပုဂ္ဂိုလ်ဟူ၍၎င်း သတ္တဝါဟူ၍၎င်း အတ္တဟူ၍၎င်း ဇီဝဟူ၍၎င်း လူဟူ၍၎င်း နတ်ဟူ၍၎င်း ဗြဟ္မာဟူ၍၎င်း စသောအားဖြင့် အမည်ပညတ်ကို အဟုတ်ရှိသည်ဟု ထင်မှတ်ပြီး စွဲလမ်းတတ်ကြကုန်၏။

ထိုရူပက္ခန္ဓာ၌လည်း ၂၈-ပါးသောရုပ် ရှိ၏။ ရုပ်တပါးပါး၌ ဆိုအပ်ပြီးသော နည်းအတိုင်း လေးချက်စီ စွဲလမ်းသော် ရုပ် ၂၈-ပါး၊ သက္ကာဒိဋ္ဌိပေါင်း ၁၁၂-ပါးဖြစ်သဘည်း။

ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့၌ လည်း ထိုအတူစွဲလမ်းသော် သက္ကာယဒိဋ္ဌိတို့သည် များစွာဖြစ်ကုန်၏။ စွဲလမ်းပုံကိုသာ ပြလိုက်သည်။ လိုရင်းမှာ အမှတ်မှားအထင်မှားကို အမှန်အမှတ် အထင်မှန် ဖြစ်ဘို့သာ လိုရင်းဖြစ်သည်။

## ၂၅-သက္ကာယဒိဋ္ဌိ မစွဲလမ်းပုံ

၂၅။ သက္ကာယဒိဋ္ဌိမစွဲလမ်းပုံကိုကား-ပြဆို လတ္တံ့သော ပါဠိဖြင့် သိအပ်၏။

နရူပံ အတ္တတော သမနုပဿတိ၊ နရူပဝန္တံ ဝါ အတ္တာနံ၊ နအတ္တနိ ဝါရူပံ၊ နရူပသ္မိံ ဝါအတ္တာနံ။ နဝေဒနံ၊ န သညံ နသင်္ခါရေ၊ နဝိညာဏံ အတ္တတော သမနုပဿတိ၊ နဝိညာဏဝန္တံ ဝါအတ္တာနံ၊ န အတ္တနိဝါ ဝိညာဏံ၊ န ဝိညာဏသ္မိံ ဝါအတ္တာနံ၊ ဧဝံ ခေါ အာဝုသော ဝိသာခ သက္ကာယဒိဋ္ဌိ န ဟောတိ။

မူလပဏ္ဏာသ၊ စူဠဝေဒလ္လသုတ် ပါဠိတော်။

ရူပံ၊ ရူပက္ခန္ဓာကို။ အတ္တတော၊ ကိုယ်ဟူ၍။ နသမနုပဿတိ၊ မစွဲမြဲ မထင်မြင်။ အတ္တာနံ ဝါ၊ ကိုယ်ကိုမူလည်း။ ရူပဝန္တံ၊ ရူပက္ခန္ဓာ ဟူ၍။ န သမနုပဿတိ၊ မစွဲမြဲ မထင်မြင်။ အတ္တနိ ဝါ၊ ကိုယ်၌မူလည်း။ ရူပံ၊ ရူပက္ခန္ဓာရှိ၏ ဟူ၍။ န သမနုပဿတိ၊ မစွဲမြဲ မထင်မြင်။ ရူပသ္မိံ ဝါ၊ ရူပက္ခန္ဓာ၌မူလည်း။ အတ္တာနံ၊ ကိုယ်ရှိ၏ဟူ၍။ န သမနုပဿတိ၊ မစွဲမြဲမထင်မြင်။ လ။ အာဝုသော ဝိသာခ၊ ငါ့ရှင်ဝိသာခ။ ဧဝံ ခေါ၊ ဤသို့လျှင်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိသည်။ န ဟောတိ၊ မဖြစ်။

ဤသို့ပါဠိတော်စကားကို မိမိတို့ဉာဏ်က မမှိုသဖြင့်သာမည မှတ်ထင်ပြီးလျှင် သညာသိ အစွမ်းကလေးမျှဖြင့် ရူပက္ခန္ဓာသည် ကိုယ်မဟုတ်။ကိုယ်သည် ရူပက္ခန္ဓာမဟုတ်။ကိုယ်၌ ရူပက္ခန္ဓာမရှိ။ ရူပက္ခန္ဓာ၌ကိုယ်မရှိ-အစရှိသည်ဖြင့် သာမည မှတ်ထင်ရုံကလေး မျှဖြင့် သက္ကာယဒိဋ္ဌိ ကွာပြီဟု မှတ်ထင်ပြီးလျှင် မိမိတို့၏ကိုယ်ကို အဟုတ်ကြီး ဟုတ်လှပြီ ဟု မှတ်ထင်၍ သောတာပန်ဖြစ်ပြီ ဟု မစူးစမ်းဘဲ ယုံကြည်တတ်ကြကုန်၏။ထို့ကြောင့်—

နရူပံ အတ္တတောတိ ဧတ္ထ ရူပံ အတ္တာတိ န သမနုပဿတိ။ အနိစ္စံ ဒုက္ခံ အနတ္တာတိ သမနုပဿတိ။ ။ဝင်းအဋ္ဌကထာ။

နရူပံ အတ္တတောတိ ဧတ္ထ၊ န ရူပံ အတ္တတော-ဟူသောဤပါဠိ၌။ရူပံ၊ရူပက္ခန္ဓာကို။အတ္တာတိ၊ ကိုယ်ဟူ၍။န သမနုပဿတိ၊ မစွဲမြဲ မထင်မြင်။အနိစ္စံ၊အနိစ္စဟူ၍ဝင်း။ဒုက္ခံ၊ဒုက္ခဟူ၍ဝင်း။အနတ္တာ၊ အနတ္တဟူ၍ဝင်း။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ စွဲမြဲထင်မြင်၏။

ဤ အဋ္ဌကထာ စကားကိုလည်း မိမိတို့၏ ဉာဏ်က မမှိုသဖြင့် သာမည မှတ်ထင်ပြီးလျှင် သညာသိ အစွမ်း ကလေးမျှဖြင့် ရူပက္ခန္ဓာ အနိစ္စ၊ ရူပက္ခန္ဓာ ဒုက္ခ၊ ရူပက္ခန္ဓာ အနတ္တ-ဟူ၍လည်း အလွယ်တကူ မှတ်ထင်တတ်သေး၏။ ပညာသိ အစွမ်းဖြင့် သာလျှင်ရူပက္ခန္ဓာ ရုပ်တရား၏အနိစ္စအချက်အစစ် ဒုက္ခအချက် အစစ်အနတ္တအချက်အစစ်ကို စွဲမြဲ ထင်မြင်ပါမှ သက္ကာယဒိဋ္ဌိ ကင်းကွာ၍ သောတာပန် ဖြစ်နိုင်သည်။ အရေးကြီးသော အချက်ဖြစ်၍ ကောင်းစွာ စဉ်းစားအပ်၏။

## ၂၆- သက္ကာယဒိဋ္ဌိ-ခွါ-သတ်-ပယ်နည်း

၂၆။သက္ကာယဒိဋ္ဌိ ကွာလျှင် သောတာပန် ဖြစ်နိုင်သော ကြောင့် သက္ကာယ ဒိဋ္ဌိခွါနည်း သက္ကာယဒိဋ္ဌိသတ်နည်း သက္ကာယဒိဋ္ဌိ ပယ်နည်း အစရှိသော နည်းကောင်းများကို လိုချင်ကြ လိမ့်မည်။ နည်းကောင်းဟူသည် အခြားမဟုတ်၊ဝိပဿနာ တရား ကို မိမိရရ အားထုတ်လျှင် ထို့ထက်ကောင်းသော နည်း ကောင်းမရှိ။အခြားအရာများသည် နားယောင်ဘွယ်သာ ဖြစ် သည်။ သက္ကာယဒိဋ္ဌိကို မဂ်ဉာဏ်မှခွါနိုင်သည်။ မဂ်ဉာဏ်ကမှ သတ်နိုင်သည်။ မဂ်ဉာဏ်ကမှ ပယ်နိုင်သည်။ ထို့ကြောင့် မဂ် ဉာဏ်ဖြစ်ပေါ်အောင် ကြိုးစားအားထုတ်ရာသည်။

နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ပဟာနံ ဟောတိ။

သံယုတ်အဋ္ဌကထာ။

နာမရူပဝဝတ္ထာနေန၊ နာမ်-ရုပ်ကိုပိုင်းခြားနိုင်သဖြင့်။သက္ကာယဒိဋ္ဌိယာ၊သက္ကာယဒိဋ္ဌိကို။ ပဟာနံ၊ ပယ်နိုင်သည်။ ဟောတိ၊ ဖြစ်၏။

ဤအဋ္ဌကထာ စကားကိုလည်း သညာသိ အစွမ်းကလေး မျှဖြင့် နာမ်ရုပ်ကို ပိုင်းခြားရုံမျှနှင့် သက္ကာယဒိဋ္ဌိကို မပယ်နိုင်၊ ပညာသိအစွမ်းဖြင့် နာမ်ရုပ်တို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို ပိုင်းခြားနိုင်မှသာလျှင် သက္ကာယဒိဋ္ဌိကို ပယ်နိုင်သည်။အနိစ္စ ဒုက္ခ အနတ္တတို့၏ ဖြစ်ပုံကိုလည်း သိအပ် သေး၏။

အနိစ္စဒုက္ခလက္ခဏာနိ ဥပ္ပါဒါဝါ တထာဂတာနံ အနုပ္ပါဒါဝါ ပညာယန္တိ၊ အနတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါန ပညာယတိ။

ဝိဘင်းအဋ္ဌကထာ။

အနိစ္စ ဒုက္ခ လက္ခဏာနိ၊ အနိစ္စလက္ခဏာ ဒုက္ခသက္ခဏာတို့ သည်။တထာဂတာနံ၊မြတ်စွာဘုရားတို့၏။ဥပ္ပါဒ ါဝါ၊ ပွင့်သော အခါ၌ရင်း။ အနုပ္ပါဒါဝါ၊ မပွင့်သောအခါ၌ရင်း။ ပညာယန္တိ၊ ထင်ရှားကုန်၏။ အနတ္တ လက္ခဏံ၊ အနတ္တ လက္ခဏာသည်။ ဗုဒ္ဓုပ္ပါဒါ၊ဘုရားပွင့်သောအခါကို။ဝိနာ၊ကြဉ်၍။ နပညာယတိ၊ မထင်ရှား။

## ၂၇–သာသနာပအခါအနိစ္စ–ဒုက္ခ–ထင်ပုံ

၂၇။ သာသနာပအခါ၌ အနိစ္စဒုက္ခတို့ကား ရှိ၏။ အနတ္တကား မရှိ။သာသနာတွင်းအခါ၌ အနိစ္စ ဒုက္ခ အနတ္တသုံးမျိုးလုံး ရှိ၏။

သာသနာပအခါ၌ဖြစ်သော အနိစ္စကား—အိုးတလုံးကွဲသော် အနိစ္စ၊ ပုဂံတချပ်ကွဲသော် အနိစ္စ၊ ဇွန်းတချောင်း ကျိုးသော် အနိစ္စ၊ ဤမျှသာလျှင် ရှိသည်။ ဒုက္ခကား- အလုပ်အကိုင်လုပ်ချ၍ ပင်ပန်းသော်ဒုက္ခ၊အစားအသောက် စသည် ဆင်းရဲသော် ဒုက္ခ၊ ထိမိခိုက်မိ၍ နာကျင်သော် ဒုက္ခ။ ဤမျှသော အနိစ္စ ဒုက္ခမျိုးသာ ရှိသည်။

## ၂၈–သာသနာတွင်းအနိစ္စ–ဒုက္ခ–အနတ္တ ထင်ပုံ

၂၈။ သာသနာတွင်းအခါ၌ ဖြစ်သော အနိစ္စ ဒုက္ခ အနတ္တတို့ကား ရုပ်နာမ်တရားတို့၏ ပရမတ်သဘာဝအတိုင်း ဖြစ် ပျက်၍ နေသည်ကို သိမြင်ပါမှ အနိစ္စအစစ် ဒုက္ခအစစ် အနတ္တအစစ် ဖြစ်သည်။

သောတာပန်နှင့် သကဒါဂါမ် ပုဂ္ဂိုလ်တို့သည် အနတ္တအချက်ကို အစွမ်းကုန် ထင်မြင်သည်။ အနိစ္စ အချက်နှင့် ဒုက္ခအချက်ကို အစွမ်းကုန် မထင်မြင်နိုင်။

အနာဂါမ် ပုဂ္ဂိုလ်တို့သည် အနတ္တအချက်နှင့် အနိစ္စအချက်ကို အစွမ်းကုန် ထင်မြင်သည်။ ဒုက္ခ အချက်ကို အစွမ်းကုန် မထင်မြင်နိုင်။

ရဟန္တာပုဂ္ဂိုလ်သည် ၃-ပါးလုံးအစွမ်းကုန် ထင်မြင်နိုင်သည်။

ဤကဲ့သို့ အစွမ်းကုန်ထင်မြင်ခြင်းသည် ပညာသိဖြင့်သိသော ထင်မြင်ခြင်းပင်တည်း။ သာသနာပအခါ၌ရှိသော အနိစ္စဒုက္ခကို ထင်မြင်ခြင်းကား သညာသိဖြင့်သိသော ထင်မြင်ခြင်းပင်တည်း။ နှစ်ပါးလုံး အမှန်ပင်ဖြစ်သည်။ သို့အတွက်ကြောင့် သညာနှင့် ပညာ ကွဲပြားရာသည်။

## ၂၉–လူ့အနွ–ဗာလတို့ စကားရှင်းပြချက်

၂၉။ ဤကဲ့သို့ ကျမ်းဂန်တို့၌ လေးလေးပင်ပင်နက်နက်နဲနဲ ခက်ခက် ခဲခဲ ပြဆိုသည်တို့ကိုပင် နားမလည်ဘဲလျက် အဘိဓမ္မာ

ဆိုလျှင် သဂြိုဟ်ကိုမျှ မသင်ဘူးသော သူတို့က အဘိဓမ္မာ ကျမ်းစာများကို ရေးသားပြီးလျှင် အာဂါရလမ်း အနာဂါရ လမ်းဟူ၍ရင်း သောတာပန်ဖြစ်သော တရားသည် ကျင့်ရကြံရ သော တရားမဟုတ်၊အမှားကို အမှန်ဖြစ်အောင် မှတ်ရုံကလေး မှတ်ရသော တရားဖြစ်သည် ဟူ၍ရင်း ငါမဟုတ် သူမဟုတ် ယောကျ်ားမဟုတ် မိမ္မ မဟုတ် ပုဂ္ဂိုလ်မဟုတ် သတ္တဝါမဟုတ် ခန္ဓာငါးပါးသာ ဟုတ်သည်၊ရုပ်နာမ် နှစ်ပါးသာ ဟုတ်သည်ဟု တချက်ထည်း မှတ်လိုက်လျှင် တချက်ထည်း သောတာပန် ဖြစ် ကရောဟူ၍ရင်းရေးသားကြသည်။ရင်းပြင် များစွာရှိသေးသည်။

ဤကဲ့သို့ ထင်ရာကို ရမ်းစွတ်ပြီး ရေးသားသော စကား တို့ကို အကုန်အစဉ်လိုက်၍ မဖြေရှင်းနိုင်။

ဤကဲ့သို့သောစကားသည် မည်သည့်ပါဠိတော် အဋ္ဌကထာ ဋီကာစသည်တို့၌ ပါရှိသနည်း ဟု မေးသည်ရှိသော် ပြောဆို နိုင်ခွင့်မရတော့ချေ။ကျမ်းဂန် မသင်ဘူးမှုန်း အလွန်ထင်ရှား၏။ ဤကဲ့သို့ ပညာနည်းပါးသော သူတို့ ရေးသားသော စကားတို့ကို အဆင်အခြင် မရှိသောသူတို့ သဘောကျတတ်ကြသည်။ဝိနည်း ၂၉–ကျမ်း၊အဘိဓမ္မာ ၄၂-ကျမ်း၊သုတ္တန် ၇၅–ကျမ်းတို့၌ ဤ စကားမျိုး မရှိ။ထို့ကြောင့်–

ကတမော စ ပုဂ္ဂလော သောတာပန္နော၊ သောတာပတ္တိ ဖလသစ္ဆိကိရိယာယ ပဋိပန္နော တိဏ္ဏံ သညောဇနာနံ ပဟာနာယ ပဋိပန္နော ပုဂ္ဂလော သောတာပတ္တိ ဖလ

သစ္ဆိကိရိယာယ ပဋိပန္နော၊ ယဿ ပုဂ္ဂလဿ တိဏ္ဏိ သညော ဇနာနိ ပဟီနာနိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော သောတာပန္နော။

ပုဂ္ဂလပညတ်-ပါဠိတော်။

ကမော စ ပုဂ္ဂလော၊ အဘယ်ပုဂ္ဂိုလ်သည်။ သောတာပန္နော၊ သောတာပန် ပုဂ္ဂိုလ်ဖြစ်သနည်း။ သောတာပတ္တိ ဖလသစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ။ ပဋိပန္နော၊ ကျင့်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ တိဏ္ဏံ သညောဇနာနံ၊ သံယောဇဉ် သုံးပါးတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ပဋိပန္နော၊ ကျင့်၏။ သောတာပတ္တိ ဖလသစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ။ ပဋိပန္နော၊ ကျင့်သော။ ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ တိဏ္ဏိ သညောဇနာနိ၊ ဒိဋ္ဌိသံယောဇဉ် သီလဗ္ဗတပရာမာသ သံယောဇဉ်-ဝိစိကိစ္ဆာ သံယောဇဉ် - သုံးပါးတို့ကို။ ပဟီနာနိ၊ ပယ်ကုန်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ သောတာပန္နော၊ သောတာပန် ပုဂ္ဂိုလ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤကဲ့သို့ ပါဠိတော်၌ ကျင့်မှသာ သောတာပန်ဖြစ်နိုင် ကြောင်း ဟောထားသည်ကိုပင် နားမလည်ဘဲလျက် မှတ်ရုံ ကလေးနှင့် သောတာပန် ဖြစ်နိုင်သည် ဟု ပြောဆိုရေးသားခြင်း သည်“ဆန်တဆုပ်နှင့် ငါးကြင်းခေါင်းပုတ်ပြသည်” ဟူသကဲ့သို့ မိမိနှင့် တန်မတန်ကို မသိ၊ အထယ်ကြီးကို ကိုင်ချင်တတ်သော

ဝါသနာရှိလှပေ၏။ ငါမဟုတ်-သူမဟုတ်၊ ရုပ်နာမ် နှစ်ပါးသာ ဟုတ်သည်ဟု ဆိုသောစကားလည်း မှန်ခြင်း တမျိုးပင်တည်း။

## ၃၀-ပညာသိ-သိပုံ - ရှင်းပြချက်

၃၀။ မှန်ဆိုသည်ကား-သညာသိဖြင့် သိ၍မှန်ခြင်း ပညာသိဖြင့် သိ၍ မှန်ခြင်း နှစ်မျိုးတို့တွင် သညာသိကား မဂ်ကိစ္စ မပြီးစီးနိုင်။ ပညာသိမှသာ မဂ်ကိစ္စပြီးစီးနိုင်သည်။ သုတနှင့်ဒိဋ္ဌ ကဲ့သို့ ဖြစ်၏။

ပညာသိ-သိပုံမှာကား ရုပ်နာမ်-ခန္ဓာတို့တွင် တပါးပါးကို ထက်ကိုင်ပြု၍ ထိုရုပ်နာမ်တို့၏ ဥဒယဗ္ဗယ အဖြစ် အပျက်ကို ဉာဏ်၌ထင်မြင်အောင် အဖန်ဖန် အားထုတ်၍ ကေန် ပညာစခန်းသို့ ဆိုက်ရောက်ပြီး ဉာဏ်အား ထင်မြင်လာသည်ရှိသော် သက္ကာယ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့သည် အကြွင်းမရှိ ပယ်ပျောက်လေကုန်၏။

အမှန်ဖြစ်သော ရုပ်-နာမ်-တိုကို သေချာစွာဉာဏ်၌ ထင်မြင်ကတည်းက ယခင်အခါက ငါတို့ မှတ်ယူစွဲလမ်း၍ နေသော ငါ- သူတပါး-ယောကျ်ား-မိမ္မ-ပုဂ္ဂိုလ်- သတ္တဝါ-အတ္တ-ဇီဝ-စသော ပညတ်တရားတို့ကား အမှားကဘဲရှိမှ မရှိကဘဲ၊အမှန်အားဖြင့် ယခုထင်မြင်၍လာသော ရုပ်နာမ်တရားတို့သာ အမှန်ဟုတ်တာကဘဲ၊ရုပ်နာမ်တရားအပြင် ဘာမှမရှိပါဘဲကလား ဟု သေချာစွာ ထင်မြင် မှတ်ယူကတည်းက မှားသောအားဖြင့် ထင်မြင်သော ဒိဋ္ဌိတရားသည် ကင်းကွာ၍ ပျောက်ပျက်လေ၏။

ဤကဲ့သို့ ဒိဋ္ဌိတရားကင်းကွာပျောက်ပျက်၍ သွားလေလျှင် တရားတော်အပေါ်၌ ဤတရားသည် မှန်မှမှန်ရဲ့လား ဟုတ်မှ ဟုတ်ရဲ့လားဟူသော ဝိစိကိစ္ဆာသည် အလိုလိုပျောက်ပျက်၍ သွားလေ၏။ တရားတော်အပေါ်၌ ဝိစိကိစ္ဆာကင်းကတည်းက မြတ်စွာဘုရား အပေါ်နှင့် သံဃာတော်တို့ အပေါ်၌လည်း ကင်းပြီးသား ဖြစ်တော့သည်သာ။

သို့အတွက်ကြောင့်ဒိဋ္ဌိကိုပယ်နိုင်လျှင်အလုံးစုံသောဝိစိကိစ္ဆာ ၈-ပါး၊ ၁၆-ပါးတို့သည်လည်း အလိုလိုလိုက်၍ ပါသွားလေ၏။ ဤကဲ့သို့ ထင်မြင်အောင်သိပါမှ ပညာသိ ဖြစ်သည်။

ပညာသိဖြင့် သိသည်ဆိုသော်လည်း ရုပ်တရား နာမ်တရား တို့၏ အဘိဓမ္မာနည်းအတိုင်း အဘိဓမ္မာ သဘောအတိုင်း ဖြစ် ပျက်ကြသည်တို့ကို ပုထုဇ္ဇန်နှင့် အရိယာကလေး ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် မသိမမြင် မထင်နိုင်ကုန်၊ မြတ်စွာဘုရားနှင့် ပဋိ သမ္ဘိဒါပတ္တရဟန္တာကြီးများသာ သိနိုင်မြင်နိုင် ထင်နိုင်ကုန်၏။

## ၃၁ - ပဋိသမ္ဘိဒါ လေးပါး

၃၁။ ပဋိသမ္ဘိဒါကား လေးပါး ရှိ၏။

(၁) အတ္ထပဋိသမ္ဘိဒါ - အကျိုးတရား ဟူသမျှနှင့် သဘော သဘာဝတို့ကို ကျနပိုင်နိုင်စွာ သိသော ဉာဏ်။

(၂) ဓမ္မပဋိသမ္ဘိဒါ-အကြောင်းတရား ဟူသမျှတို့ကို ကျနပိုင်နိုင်စွာသိသောဉာဏ်။

(၃) နိရုတ္တိပဋိသမ္ဘိဒါ - သဒ္ဒါ အမျိုးမျိုး ဘာသာ အမျိုးမျိုး ဝေါဟာရ ပညတ် အမျိုးမျိုးတို့ကို ကျွန ပိုင်နိုင်စွာ သိသောဉာဏ်။

(၄) ပဋိဘာနပဋိသမ္ဘိဒါ-ခွင့်ကြုံသောအခါ ဆိုင်ရာ ဆိုင်ရာ ဥပမေယျနှင့်တကွ ရှင်းလင်းစွာ ဖော် ပြရန် အလိုလိုထင်လာသောဉာဏ်။

ထိုကဲ့သို့သော ဉာဏ်မျိုးနှင့်ပြည့်စုံမှသာသိနိုင်မြင်နိုင်ထင်နိုင် လိမ့်မည်ဟု ထင်၏။ အဘိဓမ္မာ နည်းအတိုင်း နာမ်တရားတို့သည် မျက်စိတမှိတ် လျှပ်တပြက် အတွင်း၌ပင်လျှင် ကုဋေတသိန်း ကျော်အောင် ဖြစ်နိုင်၏။ ကမ္မဇရုပ်တို့ကား ကုဋေငါးထောင် ကျော်ဖြစ်နိုင်၏။စိတ္တဇရုပ်စသည်တို့ကားအသင်္ချေယျ အပ္ပမေယျ မရေမတွက်နိုင်အောင်ဖြစ်နိုင်၏။ဤကဲ့သို့သော အဖြစ်အပျက်တို့ ကို မမြင်နိုင်၊သုတ္တန်နည်းဖြင့် ဖြစ်ပျက်သည်တို့ကိုသာ မြင်နိုင်၏။ သုတ္တန်နည်းဖြင့် ဖြစ်ပျက်သည်တို့ကို ရှေ့၌ပြဆိုထားလတ္တံ့။

ဤကဲ့သို့ ဖြစ်-ပျက် ကြကုန်သော ရုပ်ဓာတ် နာမ်ဓာတ်တို့ သည် မရှိမထင် မမြင်ရာ အရပ်မှလာ၍ တဖန် မရှိမထင် မမြင် ခြင်းသို့ ရောက်ကြပြန်ကုန်၏။ ဥပမာ ပုံဆိုသည်ရှိသော် ကောင်း ကင်ပြင်၌ တိမ်လွှာနှစ်ခုတို့သည် မရှိ မထင် မမြင်ရာ အရပ်မှ လာ၍ ထိကုန်လတ်သော် လျှပ်စစ်နွယ်တို့သည် ဖြစ်ပေါ်၍ လာကုန်၏။ ဖြစ်ပေါ်ပြီးနောက် တခဏချင်း ချုပ်ပျောက်ကြ လေကုန်၏၊ ထို့ကြောင့်-

အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိဒဿနံ၊
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

မဟာနိဒ္ဒေသ ပါဠိတော်လာ ဂါထာ။

အဒဿနတော၊ မမြင်မထင်ရာ အရပ်က။ အာယန္တိ၊ ထင်ရမြင်ရလေကုန်၏။ ဘင်္ဂါ၊ ဖြစ်ပျက်နှစ်ခု ယင်းအစုတို့သည်။ အဒဿနံ၊ မရှိမမြင် မထင်ရာသို့၊ ဂစ္ဆန္တိ၊ ရောက်တတ်လေကုန်၏။ ကိမိဝ၊ ဥပမာပုံဆို အဘယ်ကဲ့သို့ နည်းဟူမူကား။ အာကာသေ၊ ကောင်းကင်ပြင်၌။ ဝိဇ္ဇုပ္ပါဒေါဝ၊ တိမ်လွှာနှစ်ထပ် ထိကုန်လတ်၍ ထွက်လတ်သော လျှပ်စစ်နွယ်ကဲ့သို့။ ဥပ္ပဇ္ဇန္တိ စ၊ ဖြစ်လည်းဖြစ်ကုန်၏။ ဝယန္တိစ၊ ချုပ်လည်းချုပ်ကုန်၏။

ဤသို့ ဟောတော်မူသည့်အတိုင်း ရုပ်ခတ်နာမ်ခတ်တို့သည် မရှိမထင် မမြင်ရာ အရပ်မှလာ၍ ထင်ကြရ မြင်ကြရလေကုန်၏။ ထင်မြင်ကြပြီးသော် တဖန်ချုပ်ပျောက်ကြမြန်ကုန်၏။ ဤသို့ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပင်ချုပ်ပျောက်ကြကုန်သော ရုပ်နာမ်နှစ်ပါးတို့သည် ငြိမ်းလေပြီးသည့် မီးရောင် လျှပ်စစ်တို့ပမာ ဘယ်သတ္တဝါ တစုံတယောက်မျှ စောင့်ရှောက်သိမ်းဆည်းသိုမှီးယူထား၍ မဖြစ်ကြလေကုန်။ ထိုရုပ်နာမ်တရားသည် နောင်အနာဂတ်ကာလ၌လည်း သင်နှင့်ငါသည် ဖြစ်စရာရှိလျှင် အတူတကွ သွား၍ ဖြစ်ကြရအောင် ဟု မတိုင်ပင် ထားသော်လည်း တိုင်ပင်ထားဘိသကဲ့သို့ ဖြစ်သော ရုပ်နာမ် တရားတို့၏ အစုအပုံသည်လည်း အနည်းငယ်မျှ ရှိသည်မဟုတ်။

ဤသို့ အစုအပုံ မရှိသော ရုပ်နာမ်တရားတို့သည် ဖြစ်ကြပျက်ကြသောအခါ ဘာနှင့် အသွားတူသနည်းဟူမူ အပ်နှဖျားထွင်းသော စူးအဖျား၌ တင်၍ ထားသော မုန်ညင်းစေ့ကလေးတို့သည် တင်လိုက်သည်နှင့် တပြိုင်တည်းလိမ့်ကျ၍ သွားကြသလို ထိုရုပ်နာမ်တရားတို့သည်လည်း အကြောင်း တိုက်ဆိုင်၍ ဖြစ်သောခဏ၌သာလျှင် ဖြစ်၍ဖြစ်ပြီးက ချက်ချင်းပင် ချုပ်ပျောက်ကြပြန်ခလကုန်၏၊ ထို့ကြောင့်—

> အနိဓာနဂတာ ဘဂ္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ၊
> နိဗ္ဗတ္တာယေဝ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။
>
> မဟာနိဒ္ဒေသ ပါဠိတော်။

ဘဂ္ဂါ၊ ဖြစ်ပေါ်လာပြီးနောက် ချက်ချင်းပင်ချုပ်ပျောက်ကြကုန်သောရုပ်နာမ်နှစ်ပါးတို့သည်။အနိဓာနဂတာ၊ ငြိမ်းလေပြီးသည့် မီးရောင်လျှပ်စစ်တို့ပမာ ဘယ်သတ္တဝါ တစုံတယောက်မျှ သိုမှီးသိမ်းဆည်းယူထား၍ မဖြစ်ကြလေကုန်။ အနာဂတေ၊ နောင် အနာဂတ်ကာလ၌။ပုဉ္ဇော၊ ဖြစ်ခွင့်ဆိုက်ခါလာ၍ဖြစ်ရန် စီမံ၍တိုင်ပင်၍ ထားကြသော နာမ်တရားတို့၏ အစုအပုံသည်။ နတ္ထိ၊ တစိုးတစိမျှ ရှိနိုင်သည်လည်း မဟုတ်ချေ။ အာရဂ္ဂေ၊ အပ်နှဖျားထွင်းသော စူးဖျား၌။ သာသပူပမာ၊ တင်လိုက်သည်နှင့် တပြိုင်နက် တချက်တည်း လိမ့်ကျ၍ သွားကြကုန်သောမုန်ညင်းစေ့တို့နှင့် ပမာတူကုန်သည်ဖြစ်၍။ နိဗ္ဗတ္တာယေဝ၊ ဖြစ်ခွင့်

သင့်၍ ဖြစ်နေသည့် အခိုက်အတန့်သာလျှင်။ တိဋ္ဌန္တိ၊အကြောင်း သင့်ါရတို့ မချုပ်နိုင်မှုကြောင့် တလှုပ်လှုပ်တရွရွ ရပ်တည်၍ နေကြရလေကုန်၏။

ဤသို့ ဖြစ်ပျက်ကြကုန်သော ရုပ်နာမ် တရားတို့သည် အကြောင်း တိုက်ဆိုင်၍သာ ဖြစ်ကြရ ပျက်ကြရကုန်၏။ အကြောင်းတိုက်ဆိုင်လျှင်လည်း ဖြစ်ဘို့ပျက်ဘို့ထိုရုပ်နာမ်တရား တို့၏ အစုအပုံကိုလည်း ဘယ်နေရာမှ ရှာမရဘဲ ဖြစ်ခွင့်ကြုံမှသာ လျှင် တပုံကြီးစုပုံပြီး လာဖြစ်ကြဒါမျိုး။ ဤသို့ဖြစ်ပျက်ကြကုန် သော ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို မမြင်မသိဘဲနှင့် အနှစ်တရာ ကာလပတ်လုံး အသက်ရှည်ကြာငြားသော်လည်း အကျိုးမရှိ။ ထိုရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကိုသိအောင် မြင်အောင် ထင်အောင် အားထုတ်ပြီး ရှုကြည့်၍နေသော ပုဂ္ဂိုလ်၏ တရက်လောက်ကမျှ အကျိုးရှိ၍ မမြတ်ပေဘူးဟု ဟောတော်မူသည်။ ထို့ကြောင့်—

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ထေရီအပဒါန် ပါဠိတော်။

ယောစ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်နှစ်ပါး တို့၏ ဖြစ်ပျက်ခြင်းရာ လက္ခဏာကို။ အပဿံ-အပဿန္တော၊ မမြင်မရှုဘဲလျက်။ ဝဿသတံ၊ အနှစ်တရာ ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်၍ နေငြားအံ့။ တတော၊ ထိုသို့ အသက်ရှည်

သော သူထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တရား နှစ်ပါးတို့၏ ဖြစ်ပျက်ခြင်းရှိ လက္ခဏာကို။ ပဿတော၊ ရှုတတ် မြင်တတ်သော ပုဂ္ဂိုလ်၏။ ဧကာဟံ၊တရက်မျှ။ဇီဝိတံ။ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်သေး၏။

ရုပ်နာမ်တရားနှစ်ပါးတို့၏ ဖြစ်ပုံပျက်ပုံတို့ကို လျင်မြန်စွာ သိရအောင် အားထုတ်၍နေကုန်ရာ၏။ ရုပ်နာမ် တရားတို့၏ အဖြစ်အပျက်ကိုမသိမမြင်ဘဲနှင့် အနှစ်တရာ ကြာသော်လည်း ရှုတတ် မြင်တတ်သော ပုဂ္ဂိုလ်၏ တရက်လောက်ကမျှ အကျိုး မရှိ၍မမြတ်ပေဘူးဟု ဟောတော်မူသည်ကိုထောက်၍သိအောင် မြင်အောင် ထင်အောင်ကြိုးစား၍ အားထုတ်ရာ၏။ ဤကဲ့သို့ သိအောင် မြင်အောင်ထင်အောင်အားထုတ်၍ သိမြင်ကြသော ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရားကို ထင်ရှားစွာ တွေ့မြင်သည် လည်းမည်၏။ မသိမမြင်မထင်ကြသောပုဂ္ဂိုလ်တို့သည် မြတ်စွာ ဘုရားကို ထင်ရှားစွာ တွေ့မြင်၍ ဖူးမျှော်နေရပါသော်လည်း ထင်ရှားစွာတွေ့မြင်သည် မမည်ပေဘူး ဟု ဟောတော်မူသည်။ ထိုကြောင့်-

ယော ဟိ ပဿတိ သဒ္ဓမ္မံ၊ သော မံ ပဿတိ ပဏ္ဍိတော။
အပဿမာနော သဒ္ဓမ္မံ၊ မံ ပဿေပိ န ပဿတိ။
ဝက္ကလိထေရ အပဒါန်ပါဠိ။

ယော၊ အကြင်သူသည်။ သဒ္ဓမ္မံ ဟိ၊ ထင်ရှားရှိသော ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်ကိုသာလျှင်။ပဿတိ၊ ဝိပဿနာဉာဏ်ပညာ

ဖြင့် **ကောင်းစွာ**မြင်၏။ သော ပဏ္ဍိတော၊ ထိုပညာရှိသည်။ မံ ပဿတိ၊ ငါဘုရားကို ထင်ရှားစွာ တွေ့မြင်သူမည်၏။ သဒ္ဓမ္မံ၊ ရုပ်ဓာတ် နာမ်ဓာတ် နှစ်ရပ်ဖြစ်သော ပရမတ်ကို။ အပဿမာနော၊ မမြင်ကြသောအန္ဓအပေါင်းသည်။ မံပဿမ္ပိ၊ မျက်မှောက်ထင်ထင် ငါ့ကိုယ်ကြီးကို ဖူးမြင်နေရသော်လည်း။ န ပဿတိ၊ ငါဘုရားကို ထင်ရှားစွာ တွေ့မြင်သည် မမည်ချေ။

ရုပ်ဓာတ် နာမ်ဓာတ်တို့ကို မသိသိအောင် မမြင်မြင်အောင် မထင် ထင်အောင် အားထုတ်မည်ဟု အမြဲနှလုံးပိုက်ဘို့ ကောင်း၏။ ရုပ်ဓာတ်နှင့်နာမ်ဓာတ်ကိုမြင်လျှင်မြတ်စွာဘုရားကို မြင်သည်မည်၏။ ရုပ်ဓာတ် နာမ်ဓာတ်ကို မမြင်လျှင် မြတ်စွာဘုရားကို ထင်ရှား တွေ့မြင်သော်လည်း တွေ့မြင်သည် မမည်ဘူး ဟု ဟောတော်မူ၏။ ရုပ်ဓာတ် နာမ်ဓာတ်ကိုမြင်မှမဂ်ဖိုလ်ကိုရမည်။ ရုပ်ဓာတ် နာမ်ဓာတ်ကို မမြင်လျှင် မဂ်ဖိုလ်ကို မရ။ သို့အတွက်ကြောင့် ရုပ်ဓာတ် နာမ်ဓာတ်ကိုသာ အရေးကြီးစွာ ဥပမာ အမျိုးမျိုးတို့ဖြင့် ပြသ၍ ဟောတော်မူပေသတည်း။

မြတ်စွာဘုရားသည်လေးဆယ့်ငါးဝါကာလပတ်လုံး ဟောတော်မူအပ်သော တရားတော်တို့သည် ဤရုပ်ဓာတ် နာမ်ဓာတ် နှစ်ရပ်ကိုသာလျှင် အမျိုးမျိုးသောနည်းနာနယတို့ဖြင့်တန်းဆာဆင်လျက် ဟောပြတော်မူပေသတည်း။

ဤကဲ့သို့ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောတော်မူအပ်သောတရားတော်တို့၏ လိုရင်းအဓိပ္ပါယ်ကို အကျဉ်းချုံး၍

တလုံးသော စကားတော်ဖြင့် ပရိနိဗ္ဗာန်ပြုခါနီးအခါမှာကြားရှုံ့ ဟောပြတော်မူခဲ့ပေ၏။ ထိုစကားတော်သည် နောက်ဆုံးစကား တော် ဖြစ်သောကြောင့် ပစ္ဆိမဗုဒ္ဓဝစန ဟုဆိုသည်။ အဘယ်ကဲ့ သို့ မှာကြားတော်မူသနည်းဟူမူ—

ချစ်သားရဟန်းတို့ ရုပ်တရား နာမ်တရားတို့သည် အဖန် တလဲလဲ ပျက်တတ်သောသဘောရှိသည်။ သင်ချစ်သားတို့သည် မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံအောင် နေကြဟု တလုံးတခွန်းသော စကားတော်ဖြင့် မှာကြားတော် မူခဲ့ပေ၏။ ထို့ကြောင့်=

ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။
ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။
သုတ်မဟာဝါပါဠိတော်။

ဘိက္ခဝေ၊ရဟန်းတို့။ဟန္ဒဒါနိ၊ ယခုအခါ၌။အဟံ၊ငါဘုရား သည်။ဝေါ—တုမှာကံ၊သင်ချစ်သားတို့ကို။အာမန္တယာမိ၊ ဟော ပေအံ့။သင်္ခါရာ၊ သင်္ခါရဟူသော ရုပ်တရား နာမ်တရားတို့ သည်။ ဝယဓမ္မာ၊ အဖန်တလဲလဲပျက်တတ်သော သဘောရှိကုန် ၏။ တုမှေ၊ သင်ချစ်သားတို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ သော သတိတရားနှင့်။ သမ္ပာဒေထ၊ပြည့်စုံကြကုန်လော့။

ဤကဲ့သို့ ပရိနိဗ္ဗာန်ပြုခါနီးအခါ၌ အရေးအကြီးဆုံးလိုရင်း အကျဆုံး ဖြစ်သောကြောင့် တပါးသော တရားစကားတို့ကို မဆိုဘဲ ဤဝယဓမ္မဖြစ်သော သင်္ခါရရုပ်နာမ် တရားတို့ကိုသာ

အဖန်တလဲလဲ ပျက်တတ်သော သဘောရှိပေ၏—ဟု နောက်ဆုံးဖြစ်သော စကားတော်ဖြင့်မှာကြားတော်မူခဲ့ပေ၏။ သင်ချစ်သားတို့သည်မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်မနေကြကုန်လင့်၊ ကြိုးစား၍ အားထုတ်နေကြ—ဟူသော အဓိပ္ပါယ်မျိုးဖြင့် ဟောတော်မူခဲ့ပေ၏။ သို့အတွက်ကြောင့် ရုပ်ဓာတ်နာမ်ဓာတ် နှစ်ရပ်တို့၏ အဖြစ်အပျက်ကို သိဘို့ မြင်ဘို့ ထင်ဘို့အလိုဆုံးဖြစ်သည်။

## ၃၂–နာမ်ဓာတ်များ ဖြစ်ပေါ်ပုံ

၃၂။ ထိုရုပ်ဓာတ် နာမ်ဓာတ် နှစ်ရပ်တို့သည် အဘယ်ကဲ့သို့ဖြစ်သနည်းဟူမူ ဥပမာပုံ ဆိုသည်ရှိသော် မီးမှန်လောင်စာနေပူတို့သည် တခုခုတည်း၌သာ မီးကိုရှာသော်မရ။ သုံးပါးလုံးဆုံမှသာလျှင် မီးကိုတွေ့မြင်ရသကဲ့သို့ ထို့အတူရုပ်ဓာတ်နာတ်ဓာတ်တရားကိုသည်လည်းဝတ္ထုရုပ်ခြောက်ပါးနှင့် အာရုံခြောက်ပါးရုပ်တရားများ ပေါင်းဆုံထိခိုက်ကြမှသာလျှင် ဘွားကနဲတခါတည်းဖြစ်ပေါ်၍ လာကြလေကုန်၏။ ထို့ကြောင့်–

မဏိန္ဒနာတပေ အဂ္ဂိ၊ အသန္တောပိ သမာဂမေ။
ယထာ ဟောတိ တထာ စိတ္တံ၊ ဝတ္ထာလမ္ဗာဒိသင်္ဂမေ။
သစ္စသံခိပ်။

မဏိန္ဒနာတပေ၊မီး–မှန်–လောင်စာ–နေပူသည်။ သမာဂမေ၊ ပေါင်းဆုံမိကြသည်ရှိသော်။ အဂ္ဂိ၊မီးသည်။အသန္တောပိ၊ အစကတည်းက မရှိပါသော်လည်း။ဟောတိ ယထာ၊ တခဏချင်းဖြစ်ပေါ်၍လာသကဲ့သို့။တထာ၊ထို့အတူ။စိတ္တံ၊မြင်တတ်သောစိတ်

ကြားတတ်သောစိတ် နံတတ်သောစိတ် လျက်တတ်သော စိတ် တွေ့ထိတတ်သော စိတ် ကြံတတ်သော စိတ် ဟူသမျှသည်။ အသန္တောပိ၊ ခန္ဓာကိုယ်ထည်း၌ အစကတည်းက မရှိပါဘဲလျက်လည်း။ ဝတ္ထာလမ္ဗာဒိသင်္ဂမေ၊ အခံခေတ်ဖြစ်သော ဝတ္ထုရုပ်ခြောက်ပါးနှင့် အတိုက်ခေတ် ဖြစ်သော အာရုံခြောက်ပါးတို့ ပေါင်းဆုံမိကြသည်ရှိသော်၊ ဟောတိ၊ ခဏချင်း ဖြစ်ပေါ်၍ လာလေ၏။

ဤသို့ ဥပမာ ပြထားသည့်အတိုင်း မီးသည် မှန်ထည်း၌လည်းမရှိ။ နေထည်း၌လည်းမရှိ။ လောင်စာထည်း၌လည်း မရှိ။ သုံးပါးလုံးပေါင်းဆုံမှသာလျှင် ဖြစ်ပေါ်၍လာသကဲ့သို့ထို့ အတူ ရူပါရုံကို သိတတ်သော စက္ခုဝိညာဏ်စိတ်၊ သဒ္ဒါရုံကိုသိတတ်သောသောတဝိညာဏ်စိတ်ဂန္ဓာရုံကိုသိတတ်သောဃာနဝိညာဏ်စိတ်၊ ရသာရုံကိုသိတတ်သော ဇိဝှါဝိညာဏ်စိတ်၊ ဖောဋ္ဌဗ္ဗာရုံကိုသိတတ်သော ကာယဝိညာဏ်စိတ်၊ ဓမ္မာရုံကို သိတတ်သော မနောဝိညာဏ်စိတ်၊ ဤစိတ်တရားတို့သည် အစကတည်းက ခန္ဓာကိုယ်ထည်း၌ ထင်ရှား ရှိနေကြသည် မဟုတ်။ ဝတ္ထုရုပ်ခြောက်ပါးနှင့် အာရုံခြောက်ပါးတို့ ပေါင်းဆုံ ထိခိုက်ကြမှသာလျှင် ဘွားကနဲ တချက်တည်းဖြစ်ပေါ်၍ လာလေ၏။

သို့အတွက်ကြောင့် ယခုမြလတ္တာ့ဖြစ်သော ဝတ္ထုရုပ်ခြောက်ပါးနှင့် အာရုံခြောက်ပါးတို့ ပေါင်းဆုံတိုက်ဆိုင်သော အခါ ရုပ်နာမ်တရားတို့ဖြစ်ပေါ်ပုံ ချုပ်ပျောက်ပုံတို့ကိုပြ၍ ထိုရုပ်နာမ်

တရားတို့၌ ခန္ဓာ - အာယတန -ဓာတ် - သစ္စာ-ဣန္ဒြေ-ပဋိစ္စ သမုပ္ပါဒ်-အင်္ဂါ တဆယ့်နှစ်ပါးတို့ စက်လည်၍ ဖြစ်ပုံတို့ပါ နားလည်အောင် ခပ်လွယ်လွယ်နှင့် ကပ်၍ ပြပေအံ့။

| အဇ္ဈတ္တ-ဝတ္ထုရုပ် ၆-ပါး | ဗဟိဒ္ဓ-အာရုံ ၆-ပါး |
|---|---|
| (၁) စက္ခုဝတ္ထု | (၁) ရူပါရုံ |
| (၂) သောတဝတ္ထု | (၂) သဒ္ဒါရုံ |
| (၃) ဃာနဝတ္ထု | (၃) ဂန္ဓာရုံ |
| (၄) ဇိဝှာဝတ္ထု | (၄) ရသာရုံ |
| (၅) ကာယဝတ္ထု | (၅) ဖောဋ္ဌဗ္ဗာရုံ |
| (၆) ဟဒယဝတ္ထု | (၆) ဓမ္မာရုံ |

အဇ္ဈတ္တရုပ်ဖြစ်သော စက္ခုဝတ္ထုနှင့် ဗဟိဒ္ဓရုပ်ဖြစ်သော ရူပါရုံနှင့် ထိခိုက်တိုက်ဆုံသည်ရှိသော် သိတတ်သော စက္ခုဝိညာဏ်စိတ်သည် အလယ်ကထ၍ ပေါ်လာ၏။ ထိုစက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုနှင့် ရူပါရုံမတိုက်ဆုံခင်မဖြစ်ပေါ်သေး။ တိုက်ဆုံမှသာလျှင် ဘွားကနဲ အလယ်ကထ၍ ပေါ်လာ၏။ ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပင် ချုပ်ပျောက်ကြလေကုန်၏။

## ဆောင်ပုဒ်အကျဉ်း

စက္ခုဝတ္ထုရုပ်နှင့် ရူပါရုံရုပ်တရားနှစ်ပါးတို့သည် ဘာမျှမသိတတ်၊ အလယ်ကထ၍ ပေါ်လာသော စက္ခုဝိညာဏ်စိတ်ကသာ သိတတ်သည်။

ထို့ကြောင့်-မသိလျှင် ရုပ်၊ သိလျှင်နာမ်၊ ရုပ်နာမ်နှစ်ပါးမှတ်၊

ရုပ်သည် ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ နာမ်သည် ညွတ်ခြင်းလက္ခဏာရှိ၏။ ထို့ကြောင့်ဖောက်ပြန်လျှင် ရုပ်။ညွတ်လျှင် နာမ်။ရုပ်နာမ်နှစ်ပါးမှတ်။

## ၃၃-ဉာဏ်လေးသူတို့သိနိုင်ရန် အမေးအဖြေများ

၃၃။ စာမတတ်သော သူတို့အတွက် ဉာဏ်လေးသောသူတို့အတွက် သိသာနားလည်ရန် အမေး-အဖြေကို ထည့်သွင်းလိုက်ဦးအံ့။

(၁) မေး-မျက်စိသည် ရုပ်လား နာမ်လား။ ဖြေ-ရုပ်။
(၂) မေး-အဆင်းသည် ရုပ်လား နာမ်လား။ ဖြေ-ရုပ်။
(၃) မေး-အဆင်းမှန်းသိသော စိတ်သည် ရုပ်လား နာမ်လား။ ဖြေ-နာမ်။
(၄) မေး-နားသည် ရုပ်လား နာမ်လား။ ဖြေ-ရုပ်။
(၅) မေး-အသံသည်ရုပ်လားနာမ်လား။ ဖြေ-ရုပ်။
(၆) မေး-အသံမှန်းသိသောစိတ်သည် ရုပ်လား နာမ်လား။ ဖြေ-နာမ်။
(၇) မေး-နှာခေါင်းသည် ရုပ်လား နာမ်လား။ ဖြေ-ရုပ်။
(၈) မေး-အနံ့သည် ရုပ်လား နာမ်လား။ ဖြေ-ရုပ်။
(၉) မေး-အနံ့မှန်းသိသော စိတ်သည် ရုပ်လား နာမ်လား ဖြေ-နာမ်။
(၁၀) မေး-လျှာသည် ရုပ်လား နာမ်လား။ ဖြေ-ရုပ်။
(၁၁) မေး-အရသာသည် ရုပ်လား နာမ်လား။ ဖြေ-ရုပ်။

(၁၂) အရသာမှန်းသိသောစိတ်သည် ရုပ်လား၊ နာမ်လား။
ဖြေ–နာမ်။
(၁၃) မေး–ကိုယ်သည် ရုပ်လား နာမ်လား။ ဖြေ–ရုပ်။
(၁၄) မေး–ကိုယ်နှင့်တွေ့ထိသော ဝတ္ထုပစ္စည်းသည် ရုပ်လား နာမ်လား။ ဖြေ–ရုပ်။
(၁၅) မေး–တွေ့ထိသော ဝတ္ထုပစ္စည်းကို သိသောစိတ်သည် ရုပ်လား နာမ်လား။ ဖြေ–နာမ်။
(၁၆) မေး–နှလုံးအိမ်သည် ရုပ်လား နာမ်လား။ ဖြေ-ရုပ်။
(၁၇) မေး–နှလုံးအိမ်ကို မှီ၍ နေသော စိတ်သည် ရုပ်လား နာမ်လား။ ဖြေ–နာမ်။
(၁၈) မေး–လွန်လေပြီးသောစိတ်သည် ရုပ်လား နာမ်လား။
ဖြေ–နာမ်။
(၁၉) မေး–ယခုဖြစ်ပေါ်ဆဲဖြစ်သောစိတ်သည် ရုပ်လား နာမ်လား။ ဖြေ–နာမ်။
(၂၀) မေး-ထွက်သက်လေ နှင့် ဝင်သက်လေသည် ရုပ်လား နာမ်လား။ ဖြေ-ရုပ်။
(၂၁) မေး–ထွက်ဝင်မှန်းသိသော စိတ်သည် ရုပ်လား နာမ်လား။ ဖြေ–နာမ်။

စာကိုမတတ်သော်လည်း ခန္ဓာကိုယ်၌ ဤမျှလောက်ပင် သိရှိနားလည်ပါမူ အလွန်ကျေးဇူးများပေ၏။ အားထုတ်နှလုံးသွင်းမည်ဆိုလျှင် မဂ်ဖိုလ်ကိုရနိုင်ပေ၏။ စာကိုသာတတ်၍ ခန္ဓာကိုယ်အပေါ်သို့ ဤကဲ့သို့ ရောက်အောင် မဆွဲယူဘဲ စာအုပ်အထည်း၌သာ ထားလိုက်ပါမူ ကျေးဇူးမများပေ။ ထို့ကြောင့်-

စာမှာသာတတ်-ကိုယ်မှာမတတ်-ဂါဟ ဖမ်းနိုင်တယ်။
ကိုယ်မှာသာတတ်-စာမှာမတတ်-ဂါဟ လွတ်နိုင်တယ်။

ထိုဂါဟ-တရားဆိုသည်ကား ပပဉ္စတရားဟူ၍လည်း ခေါ်ဆိုအပ်သော တဏှာ မာန ဒိဋ္ဌိပင်ဖြစ်၏။ ထိုတရားများနှင့်မလွတ်ကင်းနိုင်လျှင် အပါယ်သို့ ကျရောက်နိုင်သည်။ ထိုတရားများနှင့် လွတ်ကင်းနိုင်မှု အပါယ်သို့မကျရောက်နိုင်။ ထို့ကြောင့်ရုပ်နာမ်တို့၏ ဖြစ်ပေါ်ပုံ ချုပ်ပျောက်ပုံတို့ကို ကောင်းစွာ သတိထား၍ သိအပ်၏။ ဤကဲ့သို့ ဖြစ်ပေါ်ပြီး ချုပ်ပျောက်သွားသည်တို့ကို ဉာဏ်အားထင်အောင် ရှုဆင်ခြင်ရာ၏။

## ၃၄- မျက်လုံးအိမ်အတွင်း ရုပ်နာမ်ခန္ဓာ စသည်ဖြစ်ပေါ်ပုံ

၃၄။ ဤကဲ့သို့ ချုပ်ပျောက်သွားပြီးသော တရားထည်း၌လည်း ရုပ်နာမ်ခန္ဓာ-စသောတရားတို့ပါသွားသည်ကိုပြဆိုဦးအံ့။

### ရုပ်နာမ်အားဖြင့်ကား၊

စက္ခုဝတ္ထု ရုပ်တရားနှင့် ရူပါရုံ ရုပ်တရား နှစ်ပါးသည် ရုပ်။ အလယ်က ထ၍ သိသော စက္ခုဝိညာဉ်စိတ်သည် နာမ်၊ ဤကား ရုပ်နာမ် နှစ်ပါးဖြစ်ပုံ။

ခန္ဓာအားဖြင့်ကား-

(၁) ထိုရုပ်နှစ်ပါးတို့သည် ရူပက္ခန္ဓာ။
(၂) ထိုရူပါရုံကို ကောင်းသည်ဟု ခံစားနေလျှင် သုခဝေဒနာ။

မကောင်းဘူးဟု ခံစားလျှင် ဒုက္ခဝေဒနာ၊ ကောင်းသည်လည်း မဟုတ်၊ မကောင်းသည်လည်း မဟုတ်ဟု ခံစားလျှင် ဥပေက္ခာဝေဒနာ၊ ဝမ်းမြောက်လျှင် သောမနဿဝေဒနာ၊ စိတ်ဆိုးလျှင် ဒေါမနဿဝေဒနာ၊ထိုဝေဒနာ၊ငါးပါးတို့တွင် တပါးပါးသည် ဝေဒနာက္ခန္ဓာ။

(၃) ထိုရူပါရုံသည် အဖြူ အမဲ အနီ အဝါ အပြာ အကြောင်းအကြား စသည်ဖြင့် မှတ်သားတတ်သော သညာသည် သညာက္ခန္ဓာ။

(၄) ထိုစက္ခုဝိညာဏ်စိတ်နှင့် အတူတကွဖြစ်သော ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယ - မနသိကာရ ဟူသော စေတသိက် ငါးလုံးတို့သည်သင်္ခါရက္ခန္ဓာ။

နောက်၌ ၎င်းစေတသိတ် ငါးလုံးကို မပြတော့မူ၍ ဦးစီးဖြစ်သော စေတနာတလုံးကိုသာပြပေတော့အံ့။

(၅) စက္ခုဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာ။ဤသို့မျက်လုံးအတွင်းက ခန္ဓာငါးပါးတရား ထွက်ပေါ်၍ လာလေ၏။

အာယတန အားဖြင့်ကား - စက္ခု ဝိတ္တု ရုပ်သည် စက္ခာယတန။ အလယ်က ထ၍ သိသော စက္ခု ဝိညာဏ်စိတ်သည် မနာယတန။ရူပါရုံသည် ရူပါယတန။ ဤသို့မျက်လုံးအတွင်းက အာယတန သုံးပါး ထွက်ပေါ်၍ လာလေ၏။ ဤနေရာ၌ ဓမ္မာယတနကား ရသင့်၏။ သို့သော် စိတ်ဉာဏ် ရှုပ်ထွေးမည်

ကိုစိုး၍ သုတ္တန်နည်းသို့ လိုက်၍ အာယတန သုံးပါး ဖွဲ့ဆိုထားလေသည်။ ဓာတ်မှာကား ထိုနည်းတူ။

ဓာတ် အားဖြင့် ကား- စက္ခုဝတ္ထု ရုပ်သည် စက္ခုဓာတ်၊ အလယ်ကထ၍ သိသော စက္ခုဝိညာဏ်စိတ်သည် စက္ခုဝိညာဏဓာတ်။ ရူပါရုံသည်ရူပဓာတ်။ ဤသို့ မျက်လုံးအတွင်းက ဓာတ်သုံးပါးထွက်ပေါ်၍လာလေ၏။

သစ္စာ အားဖြင့်ကား-စက္ခုဝတ္ထုရုပ် စက္ခုဝိညာဏ်စိတ် ရူပါရုံတို့သည် ဒုက္ခသစ္စာ။ ထိုရူပါရုံကို တပ်နှစ်သက်သော လောဘသည် သမုဒယသစ္စာ။ ထို စက္ခုဝတ္ထုရုပ် စက္ခုဝိညာဏ်စိတ် ရူပါရုံတို့သည် ဖြစ်ပြီးက ချက်ချင်းပင် ချုပ်ပျောက်ခြင်းသည် နိရောဓသစ္စာ။ ထိုစက္ခုဝတ္ထုရုပ်နှင့် ရူပါရုံတို့တွေ့ဆုံသည့်အခါ အလယ်ကပွားများ၍ ဖြစ်ကြကုန်သော နာမ်တရားအစုတို့သည် မဂ္ဂသစ္စာ။ ဤသို့မျက်လုံးတွင်းက သစ္စာတရားလေးပါး ထွက်ပေါ်၍လာလေ၏။

နိရောဓသစ္စာ မဂ္ဂသစ္စာတို့သည် ကထာဝတ္ထုပါဠိတော်၌-

ဒွေ နိရောဓာတိ အာမန္တာ၊ ဒွေ ဒုက္ခနိရောဓာတိ န ဟေဝံ ဝတ္တဗ္ဗေ၊ ဒွေနိရောဓသစ္စာနီတိ အာမန္တာ။ ။ဒွေမဂ္ဂသစ္စာနီတိ န ဟေဝံ ဝတ္တဗ္ဗေ။ဒွေမဂ္ဂသစ္စာနီတိ အာမန္တာ-ဟု ဟောတော်မူသောကြောင့်နိဗ္ဗာန်လည်းနိရောဓသစ္စာ၊ ချုပ်ငြိမ်းခြင်းကိုလည်း နိရောဓသစ္စာ ဖြစ်သင့်ကြောင်းကို ဟောတော်မူသည်။

မဂ္ဂင်တရားကိုယ် ရှစ်ပါးသည်း မဂ္ဂသစ္စာ ပွားများသည်ကို လည်း မဂ္ဂသစ္စာဖြစ်သင့်ကြောင်းကို ဟောတော်မူသည်။

စတုသစ္စ ဝိနိမုတ္တော မမ္မောနာမ နတ္ထိဟူ၍လည်း ဝိဘင်း အဋ္ဌကထာ၌ ပြဆိုသောကြောင့် သစ္စာလေးပါးဖြစ်အောင် ဘွဲ့ ဆိုအပ်ပေသတည်း။

## ဒေသနာနည်းအရ ရှင်းပြပုံ

ယမိုက်များကို ကျွမ်းကျင်သော ပုဂ္ဂိုလ်တို့က ဤသို့သော ဝိဘင်းမျိုးတို့ကို ထုတ်ဆိုလျက် လိုက်၍ မဖျက်ဆီးစေရ။

နိရောဓော နိရောဓသစ္စန္တိ နိရောဓသစ္စံ ဌပေတွာ အဝသေသော နိရောဓော န နိရောဓသစ္စံ၊ နိရောဓသစ္စံ နိရောဓောစေဝ နိရောဓသစ္စဉ္စ၊ မဂ္ဂေါ မဂ္ဂသစ္စန္တိ မဂ္ဂသစ္စံ ဌပေတွာ အဝသေသော မဂ္ဂေါ န မဂ္ဂသစ္စံ၊ မဂ္ဂသစ္စံ မဂ္ဂေါစေဝ မဂ္ဂသစ္စဉ္စ။

ဒေသနာနည်းသည် သူ့နည်းနှင့်သူ ယူရသည်။ ဟိုနည်းနှင့် သည်နည်း အခါခပ်သိမ်း စပ်၍မရ။ ။ဆန့်ကျင်သကဲ့သို့ ဖြစ်တတ်၏။ ။ဖြစ်ပုံကား—

အရိယသစ္စာ နည်းအားဖြင့် တဏှာသည် အကြောင်းဖြစ်၍ ဝေဒနာသည် အကျိုးဖြစ်လေ၏။ ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့် ဝေဒနာသည် အကြောင်းဖြစ်၍ တဏှာသည် အကျိုးဖြစ်လေ၏။

ပဋ္ဌာန်းနည်းအားဖြင့်-ရူပံ အဘိနန္ဒတိ။ ရူပံ၊ ရူပါရုံကို။ အဘိနန္ဒတိ၊ သာယာနှစ်သက်၏။ ရူပါရုံသည် အာရမ္မဏ ပစ္စည်း၊

သာယာ နှစ်သက်သော တဏှာသည် ထိုပစ္စည်း၏ အကျိုး ပစ္စယုပ္ပန်ဖြစ်၏။

အရိယသစ္စာနည်းအားဖြင့်-တဏှာသည် သမုဒယသစ္စာ ဖြစ်၍ အကြောင်းသစ္စာဖြစ်၏။ ရူပါရုံသည် ဒုက္ခသစ္စာဖြစ်၍ အကျိုး သစ္စာဖြစ်၏။ ။ဤသို့ ဆန့်ကျင်ဘက် ဖြစ်လေသည်။

ဒေသနာနည်းကို နားမလည်လျှင် ဉာဏ်ရှုပ်ထွေး၍ ယုံမှား ဘွယ်ဖြစ်၏။ ဒေသနာနည်းကို နားလည်လျှင် ဉာဏ်ရှုပ်ထွေးဘို့ မရှိ။ ရှင်းလင်းလျက်ပင်တည်း။

ဣန္ဒြေအားဖြင့်ဆိုသော်-စက္ခုဝတ္ထုရုပ်သည် စက္ခုန္ဒြေ၊ အလယ် အထ၍ သိသော စက္ခုဝိညာဏ်စိတ်သည် မနိန္ဒြေ၊ ထိုရုပ်နာမ် တရားတို့ကို စောင့်စည်းသော ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတသည် ဇီဝိ တိန္ဒြေ။ ထိုရူပါရုံကို တွေ့မြင်သောအခါ ကောင်းသည်ဟု ခံစား သော သုခဝေဒနာသည် သုခိန္ဒြေ။ မကောင်းဘူးဟု ခံစားသော ဒုက္ခ ဝေဒနာသည် ဒုက္ခိန္ဒြေ၊ ကောင်းသည်လည်း မဟုတ်၊ မကောင်းသည်လည်း မဟုတ် ဟု ခံစားသော ဥပေက္ခာဝေဒနာ သည် ဥပေက္ခိန္ဒြေ၊ ဝမ်းမြောက်သောအခါ ခံစားသော သော မနဿဝေဒနာသည် သောမနဿိန္ဒြေ။ စိတ်ဆိုးသောအခါ ခံစား သော ဒေါမနဿဝေဒနာသည် ဒေါမနဿိန္ဒြေ။ ဘုရားအစရှိ သောကောင်းသောအာရုံကို တွေ့မြင်သောအခါ ကြည်ညိုခြင်း ဖြစ်သော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ။ ထိုအာရုံကို ထောက် ပံ့ခိုင်စေသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေ။ ထိုအာရုံကို

အောက်မေ့သော သတိစေတသိက်သည် သတိမြေ။ တိုအာရုံကို တည်ကြည်စွာယူသော ဧကဂ္ဂတာ စေတသိက်သည် သမာဓိမြေ။ ဤသို့အားဖြင့် ဣမြေတို့သည် ထိုက်သည့်အားလျော်စွာ ဖြစ်ကြကုန်၏။

ပဋိစ္စသမုပ္ပါဒ်အားဖြင့်ကား ဝိဘင်းပါဠိတော်၌-

တတ္ထ ကတမာ အဝိဇ္ဇာ။ ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ အဝိဇ္ဇာ။

ဒုက္ခကို မသိခြင်း ဒုက္ခ၏ဖြစ်ကြောင်းကို မသိခြင်း ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်ကိုမသိခြင်း ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော အကျင့်ကို မသိခြင်း၊ ဤကဲ့သို့ မသိခြင်း ဟူသမျှကို အဝိဇ္ဇာခေါ်သည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် တဘဝအတွက်ကိုသာ၍ အကြောင်းအကျိုး ဆက်လက်ပုံကို ၁၂–ဌာနထား၍ ဟောတော်မူသည်။ ပဋ္ဌာန်းဒေသနာတော်သည် အကြောင်းအကျိုး ဆက်လက်ပုံကို ၂၄-ဌာနထား၍ ဟောတော်မူသည်။ အကြောင်း အကျိုးဆက်လက်ပုံချင်းမှာ ပဋ္ဌာန်းဒေသနာတော်သည် ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော်ထက် အလွန်အလွန်ပိုမို၍ နူးညံ့သိမ် မွေ့နက်နဲ ခက်ခဲသည်။ မြတ်စွာဘုရား၏ ဉာဏ်တော်သာ လျှင် ကျက်စားရာဖြစ်သည်။

## မျက်လုံးအတွင်း၌ ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ-အရကား စက္ခုဝတ္ထုရုပ်ဖြင့် ရူပါရုံကို တွေ့မြင်သောအခါ ကုသိုလ်စိတ်ဖြစ်လျှင် ပုညာဘိသင်္ခါရ အကုသိုလ်စိတ်ဖြစ်လျှင် အပုညာဘိသင်္ခါရ ဖြစ်၏။

သင်္ခါရပစ္စယာ ဝိညာဏံ-အရကား— ထိုရူပါရုံကို တွေ့မြင်သောအခါ စက္ခုဝိညာဏ်စိတ်သည် ဖြစ်၏။

ဝိညာဏပစ္စယာ နာမရူပံ-အရကား စက္ခုဝိညာဏ်စိတ်သည် နာမ်၊ စက္ခုဝတ္ထုရုပ်နှင့် ရူပါရုံရုပ်တရား နှစ်ပါးသည် ရုပ်။

နာမရူပပစ္စယာ သဠာယတနံ-အရကား စက္ခုဝတ္ထုရုပ်သည် စက္ခာယတန၊ စက္ခုဝိညာဏ်စိတ်သည် မနာယတန။

သဠာယတနပစ္စယာ ဖဿော-အရကား- စက္ခုဝတ္ထုရုပ်နှင့် ရူပါရုံ တွေ့ထိသည်ကို ဖဿဆိုသည်။

ဖဿပစ္စယာ ဝေဒနာ-အရကား စက္ခုဝတ္ထုရုပ်ဖြင့် ရူပါရုံကို မြင်သောအခါ ကောင်းသည် မကောင်းဘူး စသည်ဖြင့် ခံစားတတ်သော သဘောတရားသည် ဝေဒနာ မည်၏၊

ဝေဒနာပစ္စယာ တဏှာ-အရကား ထိုသို့ မြင်သောအခါ တပ်နှစ်သက်သော လောဘသည် တဏှာမည်၏။

တဏှာပစ္စယာ ဥပါဒါနံ-အရကား ထိုသို့တပ်နှစ်သက်သော လောဘကိုစွဲလမ်း၍ ယူခြင်းသည် ဥပါဒါန်မည်၏။

ဥပါဒါနပစ္စယာ ဘဝေါ-အရကား ထိုသို့ မြင်သောအခါ ဖြစ်ပေါ်သော ပုညာဘိသင်္ခါရနှင့် အပုညာဘိသင်္ခါရကို ဘဝ ခေါ်၏။

ဘဝပစ္စယာ ဇာတိ-အရကား စက္ခုဝတ္ထုရုပ် ရူပါရုံ ရုပ်တရားနှစ်ပါးနှင့် စက္ခုဝိညာဏ်စိတ် နာမ်တရားတို့၏ ဖြစ်ဆဲခဏသည် ရုပ်နာမ်၏ဇာတိမည်၏။

ဇာတိပစ္စယာ ဇရာမရဏ—အရကား ထိုရုပ်နာမ်တရားတို့၏ တည်ဆဲခဏသည် ဇရာမည်၏။ ပျက်ဆဲခဏသည် မရဏမည်၏။ ပြဆိုပြီးသည့်အတိုင်း ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တဆဲ့နှစ်ပါးတို့သည်လည်း မျက်လုံးအတွင်းထည်းမှာပင်လျှင် ဤကဲ့သို့ စက်လည်၍ ဖြစ်ကြကုန်၏။

ဤသို့စက္ခုဝတ္ထုရုပ်နှင့် ရူပါရုံ ရုပ်တရားတို့တွေ့ဆုံသည့်အခါ ပြဆိုအပ်ခဲ့ပြီးသည့် အတိုင်း ရုပ်နာမ် ခန္ဓာ အာယတန ဓာတ် သစ္စာ ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ် ဖြစ်ကုန်သော တရားတို့သည်စိုက်သည်အားလျော်စွာ ပေါင်းစု၍ ဖြစ်ပျက် ကြကုန်၏။ ဤသို့ သိလွယ်သောနည်းဖြင့် ပြထားသည့်အတိုင်းကို သိကျွမ်းနားလည်သဘောကျအောင် ကောင်းစွာကြည့်ရှု မှတ်သားရာ၏။

## ၃၅—နားအိမ်အတွင်းကလည်း ဖြစ်ပေါ်ပုံ

၃၅။ သောတဝတ္ထုရုပ်နှင့် သဒ္ဒါရုံ တွေ့ဆုံမှု သောတဝတ္ထုနှင့် သဒ္ဒါရုံ သည်ရုပ်။ အလယ်ကထ၍သိသော သောတဝိညာဏ်စိတ်သည် နာမ်။ ဤကား ရုပ်နာမ်နှစ်ပါးဖြစ်ပုံ။

ခန္ဓာအားဖြင့်ကား သောတဝတ္ထုနှင့် သဒ္ဒါရုံသည်ရူပ က္ခန္ဓာ၊ သဒ္ဒါရုံကို ခံစားတတ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ။ မှတ်သားတတ်သော သညာသည် သညာက္ခန္ဓာ။ စေ့ဆော်တတ်သော စေတနာသည် သင်္ခါရက္ခန္ဓာ။ သောတဝိညာဏ်စိတ် သည် ဝိညာဏက္ခန္ဓာ။ ဤသို့ နားအိမ်အတွင်းကလည်း ခန္ဓာငါးပါး တရား ထွက်ပေါ်၍ လာလေ၏။

အာယတနအားဖြင့်ကား သောတဝတ္ထုရုပ်သည် သောတာယတန။ သောတဝိညာဏ်စိတ်သည် မနာယတန။ သဒ္ဒါရုံသည် သဒ္ဒါယတန၊ ဤသို့ နားအိမ် အတွင်းကလည်း အာယတန သုံးပါး ထွက်ပေါ်၍ လာလေ၏။

ဓာတ်အားဖြင့်ကား သောတဝတ္ထုရုပ်သည်သောတဓာတ်။ သောတဝိညာဏစိတ်သည် သောတဝိညာဏ ဓာတ်။ သဒ္ဒါရုံသည် သဒ္ဒဓာတ်။ ဤသို့နားအိမ်အတွင်းကလည်း ဓာတ်သုံးပါး ထွက်ပေါ်၍ လာလေ၏။

သစ္စာ ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ်တို့ကို ရူပါရုံက နည်းကို မှီ၍ သိအပ်ကုန်၏။

## ၃၆-နှာခေါင်းအိမ် အတွင်းကလည်း ဖြစ်ပေါ်ပုံ

၃၆။ ဃာနဝတ္ထုရုပ်နှင့် ဂန္ဓာရုံတွေ့ဆုံမှု ဃာနဝတ္ထုနှင့် ဂန္ဓာရုံသည်-ရုပ်။ အလယ်ကထ၍ သိသော ဃာနဝိညာဏ်စိတ် သည် နာမ်။ ။ဤကား ရုပ် နာမ် နှစ်ပါးဖြစ်ပုံ။

ခန္ဓာအားဖြင့်ကား ရုပ်နှစ်ပါးသည် ရူပက္ခန္ဓာ။ ခံစားတတ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ။ မှတ်သားတတ်သော သညာသည် သညာက္ခန္ဓာ၊ စေ့ဆော်တတ်သော စေတနာသည် သင်္ခါရက္ခန္ဓာ။ ဃာနဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာ။ ဤသို့ နှာခေါင်းအိမ်အတွင်းကလည်း ခန္ဓာငါးပါး တရားထွက်ပေါ်၍ လာလေ၏။

အာယတန အားဖြင့်ကား ဃာနဝတ္ထုသည် ဃာနာယတန။ ဃာနဝိညာဏ်စိတ်သည် မနာယတန။ ဂန္ဓာရုံသည် ဂန္ဓာယတန။ ဤသို့နှာခေါင်းအိမ်၏ အတွင်းကလည်း အာယတန သုံးပါး ထွက်ပေါ်၍ လာလေ၏။

ဓာတ်အားဖြင့်ကား ဃာနဝတ္ထုရုပ်သည် ဃာနဓာတ်။ ဃာနဝိညာဏ်စိတ်သည် ဃာနဝိညာဏဓာတ်။ ဂန္ဓာရုံသည် ဂန္ဓဓာတ်။ ဤသို့ နှာခေါင်းအိမ်၏ အတွင်းကလည်း ဓာတ် သုံးပါး ထွက်ပေါ်၍ လာလေ၏။

သစ္စာ-ဣန္ဒြေ–ပဋိစ္စသမုပ္ပါဒ် တို့ကို ရူပါရုံက နည်းမှီ၍ သိအပ်ကုန်၏။

## ၃၇-လျှာလယ်အတွင်းကလည်း ဖြစ်ပေါ်ပုံ

၃၇။ ဇိဝှါဝတ္ထုရုပ်နှင့် ရသာရုံတွေ့ဆုံမှု ဇိဝှါ ဝတ္ထုနှင့် ရသာရုံသည်–ရုပ်။ အလယ်ကထ၍ သိသောဇိဝှါဝိညာဏ်စိတ်သည် နာမ်။ ဤကား ရုပ်နာမ်နှစ်ပါး ဖြစ်ပုံ။

ခန္ဓာအားဖြင့်ကား ဇီဝှာဝတ္ထုရုပ်နှင့်ရသာရုံသည် ရူပက္ခန္ဓာ။ ရသာရုံကို ခံစားတတ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ။ မှတ်သားတတ်သော သညာသည် သညာက္ခန္ဓာ။ စေ့ဆော်တတ်သော စေတနာသည် သင်္ခါရက္ခန္ဓာ။ ဇိဝှါ ဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာ။ ဤသို့ လျှာလယ်၏ အတွင်းကလည်း ခန္ဓာငါးပါးတရား ထွက်ပေါ်၍ လာလေ၏။

အာယတနအားဖြင့်ကား ဇိဝှါဝတ္ထုရုပ်သည် ဇိဝှါယတန။ ဇိဝှါ ဝိညာဏ်စိတ်သည် မနာယတန။ ရသာရုံသည် ရသာယတန။ ဤသို့ လျှာလယ်၏အတွင်းကလည်း အာယတန သုံးပါး ထွက်ပေါ်၍ လာလေ၏။

ဓာတ်အားဖြင့်ကား ဇိဝှါဝတ္ထုရုပ်သည် ဇိဝှါဓာတ်။ ဇိဝှါ ဝိညာဏ်စိတ်သည် ဇိဝှါဝိညာဏဓာတ်။ ရသာရုံသည်ရသဓာတ်။ ဤသို့လျှာလယ်၏ အတွင်းကလည်း ဓာတ်သုံးပါး ထွက်ပေါ်၍ လာလေ၏။

သစ္စာ—ဣန္ဒြေ—ပဋိစ္စသမုပ္ပါဒ် တို့ကို ရူပါရုံက နည်းမှီ၍ သိအပ်ကုန်၏။

## ၃၈-ကိုယ်အတွင်းကလည်း ဖြစ်ပေါ်ပုံ

၃၈။ ကာယဝတ္ထုရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံ တွေ့ဆုံမှု ကာယဝတ္ထုနှင့် ဖောဋ္ဌဗ္ဗာရုံသည် ရုပ်။ အလယ်က ထ၍ သိသော ကာယ ဝိညာဏ်စိတ်သည် နာမ်၊ ဤကား ရုပ်နာမ်နှစ်ပါးဖြစ်ပုံ။

ခန္ဓာ—အားဖြင့်ကား ၎င်း ရုပ်နှစ်ပါးသည် ရူပက္ခန္ဓာ၊ ခံစားတတ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ။ မှတ်သားတတ်သော သညာသည် သညာက္ခန္ဓာ။ စေ့ဆော်တတ်သောစေတနာသည် သင်္ခါရက္ခန္ဓာ။ ကာယဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာ၊ ဤသို့ကိုယ်၏ အတွင်းကလည်းခန္ဓာငါးပါးတရား ထွက်ပေါ်၍ လာလေ၏။

အာယတန—အားဖြင့်ကား ကာယဝတ္ထုရုပ်သည် ကာယာယတန၊ ကာယဝိညာဏ်စိတ်သည် မနာယတန။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန။ ဤသို့ ကိုယ်၏ အတွင်းကလည်း အာယတနသုံးပါး ထွက်ပေါ်၍လာလေ၏။

ဓာတ်-အားဖြင့်ကား ကာယဝတ္ထုရုပ်သည် ကာယဓာတ်။ ကာယဝိညာဏ်စိတ်သည် ကာယဝိညာဏဓာတ်။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်။ ဤသို့ ကိုယ်၏အတွင်းကလည်း ဓာတ်သုံးပါး ထွက်ပေါ်၍လာလေ၏။ သစ္စာ-ဣန္ဒြေ-ပဋိစ္စသမုပ္ပါဒ်-တို့ကို ရူပါရုံက နည်းမှီ၍ သိအပ်ကုန်၏။

ဟဒယဝတ္ထုရုပ်နှင့် ဓမ္မာရုံတို့သည် ထိုဟဒယဝတ္ထုရုပ်၌မှီ၍ နေသော မနောဝိညာဏ်စိတ်နှင့် ဓမ္မာရုံထိုက်သော နာမ်နှင့် တချက်ဆုံ၏။ ရုပ်-ရုပ်ချင်းတချက် ဆုံ၏။

## ၃၉-နှလုံးအိမ်အတွင်းကလည်း ဖြစ်ပေါ်ပုံ

၃၉။ ဟဒယဝတ္ထုရုပ်နှင့် ဓမ္မာရုံ ရုပ်တရားနှစ်ပါးတို့ တိုက်ဆုံသည်ရှိသော် ဟဒယဝတ္ထုရုပ်နှင့် ဓမ္မာရုံသည့်ရုပ်။ အလယ်က

ထ၍ သိသော မနောဝိညာဏ်စိတ်သည် နာမ်။ ။ဤကားရုပ်နာမ် နှစ်ပါးဖြစ်ပုံ။

ခန္ဓာ-အားဖြင့်ကား ဟဒယဝတ္ထုရုပ်နှင့် ဓမ္မာရုံ ရုပ်တရားတို့သည် ရူပက္ခန္ဓာ။ ထိုဓမ္မာရုံ-ရုပ်တရားတို့ကို ခံစားတတ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ။ မှတ်သားတတ်သော သညာသည် သညာက္ခန္ဓာ။ စေ့ဆော်တတ်သော စေတနာသည် သင်္ခါရက္ခန္ဓာ။ မနောဝိညာဏ်စိတ်သည် ဝိညာဏက္ခန္ဓာ။ ဤသို့နှလုံးအိမ်အတွင်းကလည်း ခန္ဓာငါးပါးတရား ထွက်ပေါ်၍ လာလေ၏။

အာယတန-အားဖြင့်ကား မနောဝိညာဏ်စိတ်သည် မနာယတန။ ဓမ္မာရုံ ရုပ်တရားသည် ဓမ္မာယတန။ ဤသို့ နှလုံးအိမ်၏ အတွင်းကလည်း အာယတနနှစ်ပါး ထွက်ပေါ်၍လာလေ၏။

ဓာတ်-အားဖြင့်ကား မနောဝိညာဏ်စိတ်သည်မနောဝိညာဏဓာတ်။ ဓမ္မာရုံထိုက်သော စိတ်တို့သည် မနောဝိညာဏဓာတ်။ ဓမ္မာရုံထိုက်သော သုခုမရုပ် သောဠသနှင့် စေတသိက်တို့သည် ဓမ္မဓာတ်။ ဤသို့ နှလုံးအိမ်အတွင်းကလည်း ဓာတ်သုံးပါး ထွက်ပေါ်၍ လာလေ၏။ သစ္စာ-ဣန္ဒြေ-ပဋိစ္စသမုပ္ပါဒ်တို့ကို ရှုပါရုံကနည်းကိုမှီ၍ သိအပ်ကုန်၏။ ဤသို့ပြဆိုခဲ့ပြီးသော ဝတ္ထုရုပ်၆-ပါးနှင့် အာရုံ ၆-ပါးတို့ တိုက်ဆုံ၍ စုံလင်သည်ရှိသော် ခန္ဓာ ၅-ပါး အာယတန ၁၂-ပါး၊ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး၊ ဣန္ဒြေ ၁၈-ပါး၊ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးတို့ စက်လည်ပုံတို့ပါ စုံလင်စွာ စုပေါင်း၍ ဖြစ်ကြကုန်၏။

ဝတ္ထုရုပ် ခြောက်ပါးနှင့် အာရုံခြောက်ပါးတို့၏ အလယ်က ထ၍ သိသောစိတ်ကို ဘွဲ့ဆိုခဲ့သော မနာယတနတို့သည်အတူတူ ပင်ဖြစ်သောကြောင့် ထပ်၍ ပေါင်းစုပြီးလျှင် မနာယတနတခု ကိုသာ ယူအပ်၏။ ခြောက်နှစ်လီ အာယတနတဆဲ့နှစ်၊ခြောက် သုံးလီ ဓာတ်တဆဲ့ရှစ်ဖြစ်သတည်း။

ဤခန္ဓနှစ်ဆဲ့နှစ်ပါးရှိသည်တို့တွင် ဝိပဿနာ ရှုဆင်ခြင်သော အခါ၌ ဖြစ်သော ကာမာဝစရ ဉာဏ် သည် ပညိန္ဒြေ မည်၏။ သောတာပတ္တိမဂ်၌ ပါရှိသော ပညာစေတသိက်သည် အနညာ တညဿာမိတိန္ဒြေမည်၏။လောကုတ္တရာ အလယ်စိတ်ခြောက်ခု၌ ရှိသော ပညာစေတသိက်သည် အညိန္ဒြေမည်၏။ အရဟတ္တ ဖိုလ်၌ရှိသော ပညာစေတသိက်သည် အညာတာ ဝိန္ဒြေ မည်၏။ ဤဣန္ဒြေ လေးပါးတို့ကား ယခုအခါ မရအပ်သေး။

ဟာဒယဝတ္ထုရုပ်၌မှီ၍နေသော မနော ဝိညာဏ်စိတ်နှင့်ဓမ္မာရုံ ထိုက်သောနာမ်နှင့် ဆုံပုံကား အတိတ်က ဖြစ်ပြီးသော စိတ်ကို တဖန်ပြန်၍ အောက်မေ့ကြံစည်၍ ကြည့်သော်တဖန်အသစ်ပြန် ၍သိပြန်၏။ ထိုသို့သိသောအခါ မနောဝိညာဏ်စိတ်သည်နာမ်။ အတိတ်က ဖြစ်သောစိတ်သည်လည်း နာမ်။ ဤသို့ နှလုံးအိမ် အတွင်းကလည်း နာမ်တရားနှစ်ပါး ထွက်ပေါ်၍လာလေ၏။

ခန္ဓာ-အားဖြင့်ကား-ထိုစိတ်ကို ကောင်းမကောင်းဟု ခံစား သော ဝေဒနာသည် ဝေဒနာက္ခန္ဓာ။ ထိုစိတ်ကိုမှတ်သားသော သညာသည် သညာက္ခန္ဓာ။ထိုစိတ်ကိုစေ့ဆော်သော စေတနာသည်

သင်္ခါရက္ခန္ဓာ။ထိုစိတ် ၂—ပါးတို့သည်ဝိညာဏက္ခန္ဓာ။ဤသို့နှလုံး အိမ်အတွင်းကလည်းခန္ဓာ ၄-ပါးတရားထွက်ပေါ်၍လာလေ၏။

အာယတန-အားဖြင့်ကား—ထိုစိတ်နှစ်ပါးတို့သည် မနာယတန။ထိုစိတ်နှင့်တကွဖြစ်သော စေတသိက်တို့သည် ဓမ္မာယတန။ ဤသို့နှလုံးအိမ်၏ အတွင်းကလည်း အာယတနနှစ်ပါး ထွက်ပေါ်၍ လာလေ၏။

ဓာတ်အားဖြင့်ကား-မနောဝိညာဏ်စိတ်သည် မနောဓာတ် အထိတ်ကဖြစ်ပြီးသောစိတ်သည် မနောဓာတ်။ ထိုစိတ်နှင့်အတူ တကွ ဖြစ်သော စေတသိက်တို့သည် ဓမ္မဓာတ်။ ဤသို့နှလုံးအိမ် အတွင်းကလည်း ဓာတ်သုံးပါး ထွက်ပေါ်၍ လာလေ၏။

သစ္စာအားဖြင့်ကား ၎င်းစိတ်တို့သည် ဒုက္ခသစ္စာ။ ၎င်းစိတ်ကို တွယ်တာသော လောဘစေတသိက်သည် သမုဒယသစ္စာ။ ၎င်းစိတ်တို့သည် ဖြစ်ပြီးက ချက်ချင်း ချုပ်ပျောက်ခြင်းသည် နိရောဓသစ္စာ၊၎င်းစိတ်တို့တဖန်ဗွားများ၍ ပြန်ဖြစ်လာခြင်းသည် မဂ္ဂသစ္စာ။ဤသို့ နှလုံးအိမ်၏အတွင်းကလည်း သစ္စာလေးပါး တရား ထွက်ပေါ်၍ လာလေ၏။

ဤသို့ ပြဆိုအပ်ခဲ့ကုန်ပြီးသော တရားတို့ကို သိကျွမ်းနားလည်အောင် ကောင်းစွာကြည့်ရှု မှတ်သားရာ၏။ အကျဉ်းနည်းအားဖြင့် အကျယ်ကို သိအောင် တနေရာတည်း၌ ပေါင်းသွင်း၍ ပြဆိုခဲ့သည့်အတိုင်း သတောကျ၍ ကောင်းစွာသိပြီးသည်

နောက် ထိုရုပ်နာမ်ခန္ဓာတို့သည် ဖြစ်ပြီးက ပျက်စီးခြင်းသဘော သို့ ရောက်သည်၏ အဖြစ်ကိုလည်း ထင်မြင်အောင်အသင့်အား ဖြင့်နှလုံးသွင်း၍ သွားနိုင်ပါမူကား အနွပုထုဇ္ဇန်အဖြစ်မှ လွတ် ကင်း၍ ကလျာဏပုထုဇ္ဇန်အဖြစ်သို့ ရောက်နိုင်ပေတော့၏၊

## ၄၀–ရုပ်နာမ်ကိုလက္ခဏာတင်၍ သုံးသပ်ပုံ

၄၀။ စက္ခုဝတ္ထုရုပ်နှင့်ရူပါရုံရုပ်တရားတို့ကို မတိုက်ဆုံခင် စက္ခုဝိညာဏ်စိတ်–နာမ်တရားသည် မဖြစ်ပေါ်သေး။ တိုက်ဆုံ မှ ဗျုံးကနဲဖြစ်ပေါ်၍လာလေ၏။ ဖြစ်ပေါ်ပြီးနောက် ဖြတ်ကနဲ ချုပ်ပျောက်၍ သွားလေ၏။ ဤကဲ့သို့ အမြဲမတည်ဘဲ ချုပ် ပျောက်၍သွားခြင်းကြောင့် အနိစ္စဟု ခေါ်ဆို၏။ ရုပ်နာမ် တရားနှစ်ပါးတို့သည် အနိစ္စ အနိစ္စဟူ၍ အနိစ္စ လက္ခဏာတပါး တည်းဖြင့်လည်း သုံးသပ်ဆင်ခြင်ရာ၏။ ဖြစ်ပျက်သော အနိစ္စ အချက်ကိုဉာဏ်ကလိုက်၍ ထင်အောင်နှလုံးသွင်းပေးရမည်။

ဤကဲ့သို့အဖန်ဖန်အထပ်ထပ် အဆင်းကိုမြင်သောအခါ၌ရင်း အသံကိုကြားရသောအခါ၌ရင်း အနံ့ကိုနံသောအခါ၌ရင်းအရ သာကို စားသောက်သောအခါ၌ရင်း ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ သောအခါ၌ရင်း ဓမ္မာရုံကို ကြံကြည့်သောအခါ၌ရင်း ရုပ်နာမ် တရားတို့၏ အဖြစ်အပျက်တို့ကို လက္ခဏာဖြင့်တင်၍ သုံးသပ် ဆင်ခြင်ဘန်များလျှင် ဝိပဿနာဉာဏ် ရင့်သန်ပြီး ထိုရုပ်နာမ် တရားတို့ကို ပညာဉာဏ်ဖြင့်ထိုးထွင်း၍ ပညာသိဖြင့် သိနိုင်ပါမူ ကား မဂ်ကိစ္စ ဖိုလ်ကိစ္စတို့ကို ပြီးစီးအောင်မြင်နိုင်သည်။

# ၄၁-လက္ခဏာတပါးထင်လျှင် အားလုံးထင်ပုံ

၄၁။ လက္ခဏာတပါးဖြင့်သုံးသပ်သော်လည်း နှစ်ပါးသည် အလိုလိုလိုက်ပါ၍လာလေ၏။

အနိစ္စ လက္ခဏာမှာ ရုပ်နာမ်တရားတို့ မမြဲဘဲ ဖြစ်ခြင်း ပျက်ခြင်း သဘောလက္ခဏာကို အနိစ္စလက္ခဏာခေါ်သည်။

ဒုက္ခလက္ခဏာမှာ ထိုကဲ့သို့အဖန်ဖန်ဖြစ်၍ အဖန်ဖန်ပျက်နေသောကြောင့် ဆင်းရဲခြင်းသဘောလက္ခဏာကို ဒုက္ခလက္ခဏာခေါ်သည်။

အနတ္တလက္ခဏာမှာ ထိုကဲ့သို့ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသောရုပ်နာမ်တရားတို့သာ အမှန်ဟုတ်သည်။ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါးယောကျ်ား မိမ္မ အတ္တ ဇီဝစသည်တို့ကား အမှန်မဟုတ်ဟု သိခြင်းသဘောလက္ခဏာကို အနတ္တလက္ခဏာခေါ်သည်။

တနည်းကား ထိုသို့ဖြစ်ခြင်းပျက်ခြင်းသဘောရှိသောရုပ်နာမ်တရားတို့ကိုမဖြစ်ရအောင် မပျက်ရအောင်တားဆီး၍မရ။ အလိုသို့မလိုက်သောကြောင့် အနတ္တလက္ခဏာခေါ်သည်။ ထို့ကြောင့် ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်တို့ကို အနိစ္စလက္ခဏာဖြင့် ဉာဏ်အား ထင်မြင်လာသည်ရှိသော် ဒုက္ခလက္ခဏာနှင့် အနတ္တလက္ခဏာတို့လည်း ထင်မြင်ပြီးဖြစ်တော့သည်သာ။ ထို့ကြောင့်

အတ္တဘာဝံ အနိစ္စတော ပဿိ၊ အနိစ္စတော ဒိဋ္ဌတ္တာ ဝေပန ဒုက္ခတော အနတ္တတော ဒိဋ္ဌာယေဝ ဟောတိ။

ဓမ္မပဒအဋ္ဌကထာ။

ပန်၊ လက္ခဏာရေးထင်ပုံကိုဆိုဦးအံ့။ ။အတ္တဘာဝံ၊ အတ္တဘော-ဟု ဆိုအပ်သောရုပ်နာမ်တရားကို။ အနိစ္စတော၊မမြဲသောအနိစ္စလက္ခဏာအားဖြင့်။ ပဿိ၊မြင်၏။ အနိစ္စတော၊မမြဲသောအနိစ္စလက္ခဏာအားဖြင့်။ဒိဋ္ဌတ္တာဧဝ၊ မြင်သောကြောင့်သာလျှင်ဒုက္ခတော၊ဆင်းရဲသောဒုက္ခလက္ခဏာအားဖြင့်၎င်း၊အနတ္တတော၊ရုပ်နာမ်နှစ်ပါးသာဟုတ်၍ ပုဂ္ဂိုလ်သတ္တဝါမဟုတ်သော အနတ္တလက္ခဏာအားဖြင့်၎င်း။ဒိဋ္ဌာယေဝ၊ မြင်ပြီး ဖြစ်တော့သည်သာလျှင်။ဟောတိ၊ဖြစ်၏။

အနိစ္စလက္ခဏေ ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ၊ ဧတေသု တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရဒွယံ ဒိဋ္ဌမေဝ။

အင်္ဂုတ္တိုရ်အဋ္ဌကထာ။

အနိစ္စလက္ခဏေ၊အနိစ္စလက္ခဏာကို၊ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ အနတ္တလက္ခဏံ၊အနတ္တလက္ခဏာကို။ဒိဋ္ဌမေဝ၊ မြင်ပြီးဖြစ်တော့သည်သာလျှင်တည်း။ဧတေသု၊ဤသို့သဘောရှိကုန်သော။ တီသု လက္ခဏေသု၊သုံးပါးသောလက္ခဏာတို့၌။ဧကသ္မိံ၊တပါးပါးကို။ ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ဣတရဒွယံ၊ ဤနှစ်ပါးစုံကို။ ဒိဋ္ဌမေဝ၊ မြင်ပြီးဖြစ်တော့သည်သာတည်း။

လက္ခဏာရေးသုံးပါးလုံး ဆင်ခြင်သုံးသပ်နိုင်လျှင် ဆင်ခြင်သုံးသပ်၊မဆင်ခြင်မသုံးသပ်နိုင်လျှင် တပါးတည်းဖြင့် သုံးသပ်

သော်လည်းနှစ်ပါးသည် အကျုံးဝင်ပြီး ဖြစ်ခြင်းကြောင့် အလို လိုလိုက်ပါ၍ပြီးစီးလေတော့၏။

ဤကဲ့သို့ပြဆိုအပ်ပြီးသောနည်းကိုအစဉ်မှီးသဖြင့်ကြည့်ရင်းရှု ရင်း သွားရင်း လာရင်း နေရင်း ထိုင်ရင်း လုပ်ရင်း ကိုင်ရင်း စား ရင်းသောက်ရင်းဟူသမျှတို့၌သတိရှေ့ထားပြီးမမေ့မလျော့နှလုံး သွင်းအားထုတ်၍နေနိုင်ပါမူမဂ်ကိစ္စဖိုလ်ကိစ္စတို့ကို ပြီးစီးအောင် မြင်နိုင်သည်။ဝတ္ထုသက်သေဘို့ကား နာဂသမာလ မထေရ် ကြီးဆွမ်းခံသွားရင်း ရဟန္တာဖြစ်၏။ ဥဂ္ဂသေန သူဌေးသား ဂျွမ်းအတတ်ကိုပြသရင်းရဟန္တာဖြစ်၏။ ထိုဂျွမ်းအတတ်ကိုကြည့် ရှုကြကုန်သော ရှစ်သောင်းလေးထောင်ကုန်သော ပရိသတ်တို့ သည်သောတာပန်ဖြစ်ကြကုန်၏။ ထေရိကာမသည် ဟင်းချက် ရင်း သောတာပန်ဖြစ်၏။

ဤကဲ့သို့သော ဝတ္ထုသက်သေတို့ကို ထောက်၍ ပညာရှေ့ သွားပြုပြီး မမေ့မလျော့ဘဲ နေနိုင်ပါမူ အလွန်အလွန်ကောင်း တော့သည်သာတည်း။

တရားဆိုသည်ကား–သမထတရားပင်ဖြစ်စေ၊ ဝိပဿနာတ ရားပင်ဖြစ်စေ သဘောအကျဆုံး စိတ်ဉာဏ်အရှင်းဆုံး ဖြစ်သော တရားတခုခုကိုသာရှာကြံ၍မိမိရရတသက်ပတ်လုံး အားထုတ်ရာ သည်။ ဟိုတရားက ကောင်းလိမ့်ထင့်၊ ဒီတရားက ကောင်းလိမ့် ထင့်၊ ဟိုတရားတို့ အားထုတ်လိုက်အုံးမှ ဒီတရားကို အားထုတ်

သိုက်အုံးမှ စသည်ဖြင့်ဓမ္မဝိတက်ဖြစ်တတ်ကြသည်။ အဆုံးသတ် သိုက်တော့ ဟိုတရားကိုလဲ မိမိရရမရှိ။ ဒီတရားကိုလဲ မိမိရရမရှိ၊ ဟိုလိုလိုဒီလိုလိုနှင့် အချိန်ကုန်တတ်ကြသည်။ သတိရှိအပ်၏။

သမထကမ္မဋ္ဌာန်း၌ စရိုက်ခြောက်ပါး ပြဆိုခြင်းသည်ကား သင့်လျော် လျောက်ပတ်သည်ကိုသာ ပြဆို၏။ မသင့်မလျော်သော ကမ္မဋ္ဌာန်းမရှိ။မည်သည့်ကမ္မဋ္ဌာန်းမဆို အားထုတ်အပ်၏။ စရိုက်ပဓာနမဟုတ်။စိတ်ဉာဏ်ရှင်းလင်း၍ ထင်လွယ် မြင်လွယ် သိလွယ်သည်သာလျှင် ပဓာနဖြစ်သည်။တထစ်ချ မမှတ်ယူအပ်။

အနာပါန ကမ္မဋ္ဌာန်းသည် ဝိတက်စရိုက် ပြောသောသူနှင့် သင့်လျော်၏ဟု ပြဆိုသော်လည်း ဝိတက်စရိုက် မပြောသော သူတို့မှာမူ သာ၍ပင် သင့်လျော်သေး၏။ ပိဋကတ် သုံးပုံကို နှုတ်င့်ဆောင်ထားသော ပေါဋ္ဌိလ မထေရ်ကြီးသည် တရားကို နားမလည်၍တရားကိုနားလည်သော သာမဏေကလေးအထံ၌ တရားသွား၍ ယူရသကဲ့သို့ မဖြစ်စေအပ်။ပုဂ္ဂိုလ်တဦး၌ စရိုက် ခြောက်ပါးလုံး ပြောနေသည်ရှိသော် အားထုတ်ရမည့်တရား ကား တပါးသာ အားထုတ်ရမည် ဖြစ်သောကြောင့် အား မထုတ်တတ်တော့ချေ။ နားမယောင်စေအပ်။

# ၂-သမထသက်သက်အခန်း

## ၁-အာနာပါန သမထသက်သက် အားထုတ်ပုံ

ဣဓ ပန ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

(၁) သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။

(၂) ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။
ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။
ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ။
ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

(၃) သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

(၄) ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။
ဥပရိပဏ္ဏာသပါဠိတော်၊ သုတ်မဟာဝါပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ပန၊ ဤသာသနာအတွင်း၌။ ဘိက္ခု၊ ရဟန်းသည်။ အရညဂတော ဝါ၊ တောသို့ကပ်သည်ဖြစ်၍ရင်း။

ရုက္ခမူလဂတော ဝါ၊သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်၍ငင်း။သုညာ ဂါရဂတော ဝါ၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည် ဖြစ်၍ငင်း။ ပလ္လင်္ကံ၊ ပလ္လင်ကို။ အာဘုဇိတွာ၊ ခွေ၍။ ကာယံ၊ ကိုယ်ကို၊ ဥဇုံ၊ ဖြောင့်စွာ။ပဏိဓာယ၊ဆောက်တည်၍။သတိံ၊ သတိကို။ပရိမုခံ၊ ကမ္မဋ္ဌာန်း၊အချက် ထွက်သက် ဝင်သက်သို့ ရှေးရှု။ ဥပဋ္ဌပေတွာ၊ ခိုင်မြဲစိုက်ထား၍။နိသီဒတိ၊နေ၏။

(၁) သော၊ထိုထိုင်နေသောသူသည်။သတော ဝ၊မလစ်စေမူ့ သတိပြု၍သာလျှင်။အဿသတိ၊ထွက်သက်လွှတ်၏။ သတော ဝ၊ မလစ်စေမူ့ သတိပြု၍သာလျှင်။ပဿသတိ၊ဝင်သက်ရှူ၏။

(၂) ဒီဃံ ဝါ၊ရှည်စွာမူလည်း။ အဿသန္တော၊ ထွက်သက် လွှတ်သည်ရှိသော်။ဒီဃံ၊ရှည်စွာ။ အဿသာမီတိ၊ ထွက်သက် လွှတ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ ပဿသန္တော၊ဝင်သက်ရှူသည်ရှိသော်။ဒီဃံ၊ရှည်စွာ။ ပဿသာ မီတိ၊ဝင်သက်ရှူ၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ တိုစွာ မူလည်း။ အဿသန္တော၊ ထွက်သက်လွှတ်သည်ရှိသော်။ ရဿံ၊ တိုစွာ။ အဿသာမီတိ၊ ထွက်သက်လွှတ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ တိုစွာမူလည်း။ ပဿသန္တော၊ ဝင်သက်ရှူ သည်ရှိသော်။ရဿံ၊ တိုစွာ။ပဿသာမီတိ။ ဝင်သက်ရှူ၏ဟူ၍။ ပဇာနာတိ၊သိ၏။

(၃) သဗ္ဗကာယပဋိသံဝေဒီ၊ထွက်သက်၏ အစ—အလယ်— အဆုံး—အကုန်လုံး ထင်းလင်းသည်။ ဟုတွာ၊ ဖြစ်၍။ အဿ

သိသာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ သဗ္ဗကာယပဋိသံဝေဒီ၊ ဝင်သက်၏အစ-အလယ်-အဆုံး-အကုန်လုံးထင်လင်းသည်။ ဟုတ္ွာ၊ ဖြစ်၍။ ပဿသိသာမိ၊ ဝင်သက်ရှူပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

(၄) ကာယသင်္ခါရံ၊ ထွက်သက်ဟူသော ကာယသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်။ အဿသိသာမိ၊ ထွက်သက်လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။ ကာယသင်္ခါရံ၊ ဝင်သက်ဟူသော ကာယသင်္ခါရကို။ ပဿမ္ဘယံ—ပဿမ္ဘယန္တော၊ အစဉ်အတိုင်းချုပ်ငြိမ်းစေလျက်။ ပဿသိသာမိ၊ ဝင်သက်ရှူပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

## ၂-ကမ္မဋ္ဌာန်းထိုင်နည်း

၂။ ဤသို့ဟောတော်မူသောအတိုင်းတောအရပ်၌ရင်း သစ်ပင်ရင်း၌ရင်း ဆိတ်ငြိမ်ရာအရပ်၌ရင်း နေထိုင်လျက် ပလ္လင်ခွေထိုင်၍ ကိုယ်ကိုဖြောင့်ဖြောင့်ထားပြီးလျှင် အားထုတ်အပ်၏။ ဤသို့ နေပုံထိုင်ပုံကို ဟောတော်ခြင်းသည်ကား ကြာကြာ ထိုင်နိုင်စေခြင်း အကျိုးငှါသာ ဟောတော်မူသည်။ မည်သည့် ဣရိယာပုထ်မျိုးမဆို အားထုတ်အပ်ကြောင်းကိုလည်း ဟောတော်မူထားသေးသည်။ အာစရိယ ပရံပရ အဆက်ဆက်၌ လာသော ဘယ်လက်ဝါးက အောက်ကထား၍ ညာလက်ဝါးကအပေါ်က တင်ပြီး၍ရင်း လက်မ၏ ထိပ်ချင်း ထိနေစေ၍ရင်း ပြုဆိုထားခြင်း

သည်ကား ကမ္မဋ္ဌာန်းနှင့်သင့်လျော် လျောက်ပတ်သောကြောင့် သဘောကျသလို နေထိုင်နိုင်ပါ၏။

အချို့ကား ကြိယာပုဒ် မပြင်ကောင်း-မဖျက်ကောင်း-ဟု မှတ်ထင်တတ်ကြသေး၏။ကြိယာပုဒ် ပဓာနမဟုတ် တဝါရ–နှစ်ဝါရ ကျမ်းဂန်၌လာသော်လည်း ပဓာနမဟုတ်။ စိတ်တည်ကြည်ငြိမ်သက်သည်သာလျှင် ပဓာနဖြစ်သည်။ဉာဏ်အားကြီးလျှင် ပြင်ဆင်နိုင်သည်။ အဉာဏ်လွန်သော် စိတ်ပျံ့လွင့်၍ အမျိုးမျိုး အဖုံဖုံ ဖြစ်တတ်သည်။ ဤကဲ့သို့ ဖြစ်တတ်သည်ကိုပင် အကောင်းထင်မှတ်ကြသေး၏။ မထင်မှတ်အပ်။

(၁) ပဌမ ထွက်သက်နှင့်ဝင်သက်တို့ကိုသာ သတိမြဲအောင် အားထုတ်ရသည်။

(၂) ဒုတိယထွက်သက်နှင့်ဝင်သက်တို့ကိုရှည်လျှင်ရှည်သည် တိုလျှင် တိုသည်ဟု သိအောင် အားထုတ်ရသည်။

(၃) တတိယ ထွက်သက်နှင့် ဝင်သက်တို့ကို အစ-အလယ်-အဆုံး–ထင်လင်းအောင် အားထုတ်ရသည်။

(၄) စတုတ္ထရှုန့်ရင်းသောထွက်သက်နှင့်ဝင်သက်တို့ကိုအစဉ်အတိုင်း ချုပ်ငြိမ်းစေ၍ သိမ်မွေ့၍ သွားအောင် အားထုတ်ရသည်။

# ၃–နိမိတ်ထင်ပုံ

၃။ ပဌမအားထုတ်ခြင်းနှင့် ဒုတိယအားထုတ်ခြင်းသည် ပရိကမ္မနိမိတ်ပင်တည်း၊ တတိယ အားထုတ်ခြင်းသည် ဥဂ္ဂဟနိမိတ်ပင်တည်း၊ စတုတ္ထအားထုတ်ခြင်းသည်ပဋိဘာဂ နိမိတ်ပင်တည်း။ ပဋိဘာဂနိမိတ်ဆိုသည်ကား ပကတိသော ထွက်သက်ဝင်သက်လေ အတိုင်းကို လွန်၍ နူးညံ့သိမ်မွေ့၍ သွားပြီးလျှင်ထွက်သက်လေ ဝင်သက်လေ ဖြစ်သည်ကိုပင် ထွက်ဝင်မှန်း မသိလောက်အောင် ဖြစ်ပြီး၍ အဆင်းသဏ္ဌာန် အရောင်အလင်းနှင့် တကွလဲဝါဂွမ်းအစုကဲ့သို့ရင်း ပတ္တမြားလုံးကဲ့သို့ရင်းပုလဲလုံးကဲ့ သို့ရင်း ပုလဲသွယ်ကဲ့သို့ရင်းယောဂီပုဂ္ဂိုလ်၏စိတ်ဥာဏ်သို့ လိုက်၍ မပြောပြတတ်လောက်သော အရောင်အဆင်းနှင့်တကွ အမျိုးမျိုးအဖုံဖုံ တွေ့ကြုံတတ်ခြင်းရင်း အစရှိသည်ဖြင့် တခုခုထင်ပေါ်ဖြစ်ထွန်း၍ လာသော ပညတ္တိဓမ္မအထူးကို ပဋိဘာဂ နိမိတ်ဆိုသည်။ ပဋိဘာဂ နိမိတ်မည်သည် ပညတ်အာရုံအထူးဖြစ်၍အာရုံအသစ်ကဲ့သို့ ဖြစ်ပြန်၏။ သဘာဝဓမ္မမျိုး မဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက်လွယ်၏။ ကွယ်ပျောက်ပြန်လျှင် ပြန်၍ထင်မြင်ရန် အမှုလည်း ခက်ခဲ၏။

နိမိတ်ထင်ပုံ အထူးမှတ်ရန်–စိတ်သည် ခန္ဓာကိုယ်၌ မနေဘဲ အာရုံရှိရာသို့သွားလာ၍ အမျိုးမျိုးအဖုံဖုံ ကြံစည်စဉ်းစား၍ထင်ခြင်းသည် နိမိတ်အစစ်မဟုတ်။ စိတ်ရှိရာသို့ အာရုံကလာရိုက်၍ ထင်စေရမည်။

ဥပမာကား- ခေါတ်ပုံရိုက်သကဲ့သို့ ဖြစ်စေရမည်။ စိတ်ကား ခေါတ်မှန်ကဲ့သို့တည်စေရမည်၊ အာရုံကား အရိပ်အရောင်ကဲ့သို့ ရိုက်၍ ထင်စေရမည်။ဤကဲ့သို့ ထင်စေမှသာလျှင် နိမိတ်အစစ် ဖြစ်မည်။

## ၄-ဘာဝနာ သုံးပါး

၄။ ပရိကမ္မနိမိတ်-ဥဂ္ဂဟနိမိတ် နှစ်ပါးအခိုက်၌ ပွားများသော ဘာဝနာ သမာဓိသည်ပရိကမ္မဘာဝနာ သမာဓိမည်၏။ အပ္ပနာဈာန်သို့ မရောက်မီအကြား ပဋိဘာဂနိမိတ်ကိုအာရုံပြု၍ ပွားများသော ဘာဝနာ သမာဓိသည် ဥပစာရဘာဝနာသမာဓိ မည်၏။အပ္ပနာဈာန်သို့ ရောက်၍ ထိုဈာန်၏ အင်္ဂါကိုဆင်ခြင် သုံးသပ် ပွားများသော ဘာဝနာသမာဓိသည် အပ္ပနာဘာဝနာ သမာဓိမည်၏၊

ဈာန်၏အင်္ဂါဆိုသည်ကား၊ ဝိတက်ဝိစာရ ပီတိသုခ ဧကဂ္ဂတာ ဟူသော ပဌမဈာန်၏ အင်္ဂါငါးပါး၊ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာ ဟူသော ဒုတိယဈာန်၏ အင်္ဂါလေးပါး။ပီတိ သုခ ဧကဂ္ဂတာ-ဟူ သော တတိယဈာန်၏ အင်္ဂါသုံးပါး၊ သုခ ဧကဂ္ဂတာ ဟူသော စတုတ္ထဈာန်၏အင်္ဂါနှစ်ပါး၊ဥပေက္ခာ ဧကဂ္ဂတာ ဟူသောပဉ္စမ ဈာန်၏အင်္ဂါနှစ်ပါး၊ ပါဠိတော်၌ ပဉ္စမဈာန်ကိုအသီးအခြား ဟောတော်မမူ။ သုတ္တန်၌သာလျှင် ပဉ္စဈာန်ကို အသီးအခြား ဆိုလေသည်။

## ၅–ဈာန်ဟုခေါ်ပုံ

၅။ အဘယ့်ကြောင့် ဈာန်ဟုခေါ်သနည်းဟူမူ ကာမစ္ဆန္ဒ နိဝရဏစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဈာန်ဟု ခေါ်သည်။ ဝိတက်သည် တိန–မိဒ္ဓ၏ ဆန့်ကျင်ဘက် ဖြစ်သည်။ ဝိစာရသည် ဝိစိကိစ္ဆာ၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ ပီတိသည် ဗျာပါဒ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ သုခသည် ဥဒ္ဓစ္စ ကုက္ကုစ္စ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ဧကဂ္ဂတာသည် ကာမစ္ဆန္ဒ၏ ဆန့်ကျင် ဘက် ဖြစ်သည်။

## ၆–ပျံ–မပျံ ဈာန်နှစ်မျိုး

၆။ ဈာန်ရလျှင် ကောင်းကင်သို့ပျံနိုင်သည်ဟုတထစ်ချမှတ် ယူတတ်ကြကုန်၏။ ပဌမဈာန်– ဒုတိယဈာန် –တတိယဈာန်– စတုတ္ထဈာန်ကို ရရုံမျှဖြင့် ကောင်းကင်သို့ မပျံနိုင်။ ပဥ္စမဈာန် သည် သက်သက်သော ပဥ္စမဈာန် အဘိညာဏ် ကိစ္စတပ်သော ပဥ္စမဈာန်အားဖြင့် နှစ်ပါးရှိသည်တို့တွင် ဣဒ္ဓိဝိဓအဘိညာဏ် ကိစ္စတပ်သော ပဥ္စမဈာန်မှသာလျှင် လိုရာအရပ်သို့ ပျံသန်း နိုင်သည်။

## ၇–ဈာန်ပျံခြင်း နှစ်မျိုး

၇။ ပျံသွားသော ကိုယ်ကို ပေါ့ပေါ့ပါးပါး လူရှင်အများ တို့ ထင်မြင်နိုင်အောင် ပျံသွားခြင်းတမျိုး၊ လူ ရှင် အများတို့ မထင်မမြင်နိုင်ဘဲ ခဏတဖြုတ် ရှုတ်တရက် လျှင်မြန်စွာ မျက်စိ

တမိုတ်လျှပ်တပြက် စိတ္တက္ခဏ အတွင်းမှာပင်လျှင် လိုရာအရပ်သို့ ပျံသွားခြင်းတမျိုး အားဖြင့်နှစ်မျိုး ရှိသည်၊

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဓမ္မသင်္ဂဏီအနုဋီကာတို့၌ ဘွင့်ဆို၏။

## ၈-သတ္တဝါကို ကမ္ဘာမီး မလောင်

၈။ သမထတရားသက်သက်ကိုသာ အားထုတ်လျှင် နိမိတ်သုံးမျိုးထင်ပြီးသည်နောက် ဈာန်ကိုသာရစေသည်။ ရရန်အတွက်ကား ခဲခက်၏။ ပျက်ရန်အတွက်ကား လွယ်ကူ၏။ အာရုံငါးပါးတို့တွင် တပါးပါးကို သာယာနှစ်သက်သည်ရှိသော် ပျက်၏။ မည်သည့်ပုဂ္ဂိုလ် မည်သည့်သတ္တဝါမဆို တကမ္ဘာမှာ တခါဈာန်ရစမြဲ။ ကမ္ဘာမီး ဆိုသည်ကား သတ္တဝါကို မလောင်စကောင်း။ သတ္တဝါတွေ အကုန်လုံး ဈာန်ရ၍ ဗြဟ္မာပြည်သို့ ရောက်ကုန်ကြမှသာလျှင် လောင်ရစမြဲ။

## ၉-ဈာန်ရ-မရကမ္မဋ္ဌာန်းများ

၉။ ဈာန်ကိုရစေနိုင်သော ကမ္မဋ္ဌာန်းကားကသိုဏ်း၁၀-ပါး အသုဘ ၁၀-ပါး ကာယဂတာသတိ ၁-ပါး အာနာပါနသတိ၁-ပါး ဗြဟ္မဝိဟာရ ၄-ပါးအာရုပ္ပ ၄-ပါး။ဤ၃၀-သော ကမ္မဋ္ဌာန်းတို့သည်သာလျှင် ဈာန်ကိုရစေနိုင်သည်။

ဗုဒ္ဓါနုဿတိအစ မရဏာနုဿတိ အဆုံး ၈-ပါးသော အနုဿတိ။အာဟာရေပဋိကူလသညာ ၁၊စတုဓာတုဝဝတ္ထာန်၁၊

ဤ ၁၀-ပါး သောကမ္မဋ္ဌာန်းတို့သည် ဈာန်ကို မရစေနိုင်။ဈာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်းသာလျှင် ပဋိဘာဂ နိမိတ်ကိုထင်နိုင်သည်။ဈာန်ကိုမရစေနိုင်သော ကမ္မဋ္ဌာန်းတို့ကား ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်နှစ်ပါးကို ထင်နိုင်သည်၊ပဋိဘာဂနိမိတ် မထင်နိုင်။

ထို့ကြောင့်-ဗုဒ္ဓါနုဿတိအာဒီနဥ္စ နေဝ ပဋိဘာဂနိမိတ္တ အာရမ္မဏံ ဟောတိ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

ဗုဒ္ဓါနုဿတိအာဒီနဥ္စ၊ ဗုဒ္ဓါနုဿတိ-အစ-မရဏာနုဿတိ အဆုံး ဂ-ပါးသော အနုဿတိ၊ အာဟာရေပဋိကူလသညာ၊စတုဓာတုဝဝတ္ထာန်၊ဤ ၁၈-ပါးသောကမ္မဋ္ဌာန်းတို့အား လည်း။ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ နေဝ ဟောတိ၊မဖြစ်သည်သာလျှင်တည်း။အာရမ္မဏံ ဝေ၊ အာရုံသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ယခုအခါ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့ ထင်မြင်ကြသည်ကား အမှန်ပင်တည်း။ရင်း ထင်မြင်သော အာရုံကို ပဋိဘာဂနိမိတ် ယူလျှင် အဋ္ဌကထာနှင့် ဆန့်ကျင်လိမ့်မည်။ ဥဂ္ဂဟနိမိတ်ကိုယူမှသာလျှင် မဆန့်ကျင်နိုင်။ဥပစာရကား ဖြစ်နိုင်၏။အပ္ပနာကား မဖြစ်နိုင်။

**သမထသက်သက်အခဏ်းပြီး၏။**

# ၃-ဝိပဿနာအခန်း

## ၁-ဝိပဿနာအလုပ် တည်ထောင်ပုံ

၁။ ဝိပဿနာအလုပ် တည်ထောင်မှုသည် ရုပ်ကိုအစပြု၍ တည်ထောင်မှု နာမ်ကို အစပြု၍ တည်ထောင်မှု ဟူ၍နှစ်ပါးရှိ၏။ ရုပ်ကို အစပြု၍ တည်ထောင်မှုကား အာနာပါန ဝါယောဓာတ် ရုပ်ကို အစပြု၍ တည်ထောင်ရာသည်။ နာမ်ကိုအစပြု၍ တည်ထောင်မှုကား ထိုအာနာပါန၌ ပါဝင်သော ဝေဒနာစိတ်ကိုအစပြု၍တည်ထောင်ရာသည်။ ရုပ်ဟူသမျှတို့တွင် ဤအာနာပါန ဝါယောဓာတ် ရုပ်တရားထက် ပိုမိုရှင်းလင်း၍ သိသာနိုင်သော ရုပ်မရှိ။ နာမ်ဟူသမျှတို့တွင် ဝေဒနာထက် ပိုမိုရှင်းလင်း၍ သိသာနိုင်သော နာမ်မရှိ။ ထို့ကြောင့် ထိုရုပ်ကိုဖြစ်စေ၊ ထိုနာမ်ကို ဖြစ်စေ စွဲမြဲထင်မြင်အောင် အားထုတ်ရာ၏။ သို့သော် မိမိတို့၏ စိတ်ကသဘောသာ၍ကျသောဓာတ်ကို အားထုတ်လျှင် အထင်အမြင် လွယ်နိုင်သည်။

## ၂-အာနာပါန ဝါယောဓာတ် ဝိပဿနာ အားထုတ်ပုံ

၂။ သမထ အခန်း၌ ပြဆိုထားသော အတိုင်း ပဋိဘာဂ နိမိတ်သို့ရောက်အောင် အားထုတ်၍ စိတ်တည်ကြည် ငြိမ်သက်သောအခါကျမှသာ ဝိပဿနာအလုပ်ကို လုပ်ရာသည်။ ပဋိဘာဂ နိမိတ်သို့ မရောက်သော်လည်း စိတ်တည်ကြည်လျှင် အားထုတ်နိုင်ပါ၏။ ထို့ကြောင့်-

ဒ်ိဃံ အဿာသံ အနိစ္စတော အနုပဿနဋ္ဌေန ဝိပဿနာ၊ ဒုက္ခတော အနုပဿနဋ္ဌေန ဝိပဿနာ၊ အနတ္တတော အနုပဿနဋ္ဌေန ဝိပဿနာ။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

ဒီဃံ၊ ရှည်စွာ။ အဿာသံ၊ထွက်သက်ကို။ အနိစ္စတော၊မမြဲသော အနိစ္စလက္ခဏာအားဖြင့်။ အနုပဿနဋ္ဌေန၊ အဖန်ဖန် အထပ်ထပ်သုံးသပ်အပ်သောအနက်သဘောကြောင့်။ဝိပဿနာ၊ ဝိပဿနာမည်၏။ ဒုက္ခတော၊ ဆင်းရဲသော ဒုက္ခသက္ခဏာအားဖြင့်။ အနုပဿနဋ္ဌေန၊ အဖန်အထပ်ထပ် သုံးသပ်အပ်သော အနက်သဘောကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။အနတ္တတော၊အစိုးမရသော အနတ္တလက္ခဏာအားဖြင့်။အနုပဿနဋ္ဌေန၊ အဖန်ဖန် အထပ်ထပ် သုံးသပ်သော အနက် သဘောကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။

အဿာသောတိ ဗဟိနိက္ခမနဝါတော။
ပဿာသောတိ အန္တောပဝိသနဝါတော။

ဤသို့ပြဆိုသောကြောင့် အဿာသကို ထွက်သက်၊ ပဿာသကို ဝင်သက်ဟု အနက်ပေးရမည်။

ပါရာဇိကဏ် အဋ္ဌကထာအလို။

အဿာသောတိ အန္တောပဝိသန နာသိကဝါတော။
ပဿာသောတိ ဗဟိနိက္ခမန နာသိကဝါတော။

ဤသို့ပြဆိုသောကြောင့်အာဿာသကို ဝင်သက်၊ ပဿာသကို ထွက်သက်-ဟု အနက်ပေးရမည်။နှစ်ပါးစလုံး အမှန်ပင်တည်း။ သမ္မော၊သုတ်မဟာဝါ၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့ အလို။

## ၃-သမထနှင့် ဝိပဿနာလက္ခဏာ

သမထလက္ခဏာနှင့် ဝိပဿနာ၏လက္ခဏာကို ဤသို့မှတ်အပ်ကုန်၏။

၃။ နီဝရဏေ ဓမ္မေ သမေတီတိ သမထော။

နီဝရဏေ ဓမ္မေ၊ နီဝရဏတရားတို့ကို။ သမေတိ၊ ငြိမ်းစေတတ်၏။ဣတိ-တသ္မာ၊ ထို့ကြောင့်။ သမထော၊ သမထမည်၏။ ကာမစ္ဆန္ဒ-စသော နီဝရဏ တရားတို့ကို ငြိမ်းစေတတ်သောကြောင့် သမထမည်၏။ ရုပ်မှန်း နာမ်မှန်း အနိစ္စအချက်မှန်း ဒုက္ခအချက်မှန်း အနတ္တအချက်မှန်းတို့ကို မသိဘဲလျက် ထွက်သက်လေနှင့် ဝင်သက်လေကိုသာ အာရုံပြု၍မှတ်နေလျှင်သမထပင်ဖြစ်၏။ရုပ်မှန်း နာမ်မှန်း အနိစ္စအချက်မှန်း ဒုက္ခအချက်မှန်း အနတ္တအချက်မှန်းတို့ကို သိလျက် ထိုရုပ်နာမ်တို့၏ အဖြစ်အပျက်ကို လက္ခဏာတင်၍ သုံးသပ်ပါမူ ဝိပဿနာ ဖြစ်လေတော့၏။ နားမလယ်လျှင် သီသီကလေးနှင့် တသက်လုံး လွဲချော်တတ်၏။ ထို့ကြောင့်-

အနိစ္စတာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ
ဓမ္မေ ပဿတီတိ ဝိပဿနာ၊ ပညာယေတံ နာမံ။
ပဋိသမ္ဘိဒါမဂ်-အဋ္ဌကထာ။

အနိစ္စတာဒိဝသေန၊ အနိစ္စလက္ခဏာ အစရှိသည်၏ အစွမ်းအားဖြင့်။ ဝိဝိဓေဟိ၊ အထူးထူး အပြားပြားကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ ဓမ္မေ၊ သင်္ခါရဖြစ်သော ရုပ်-နာမ်-တရားတို့ကို။ ပဿတိ၊ မြင်တတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ ဇော၊ ဤဝိပဿနာဟူသော အမည်သည်။ ပညာယ၊ ပညာ၏။ နာမံ၊ အမည်တည်း။

သင်္ခါရဖြစ်သော ရုပ်နာမ်တရားတို့ကို အထူးထူးအပြားပြားသော အခြင်းအရာတို့ဖြင့် အနိစ္စလက္ခဏာ - ဒုက္ခလက္ခဏာ- အနတ္တလက္ခဏာ - အားဖြင့် ရှုတတ် မြင်တတ်သောကြောင့် ဝိပဿနာမည်၏။

ထိုထွက်သက်လေနှင့် ဝင်သက်လေတို့သည် ဝါယောဓာတ်ဟု ဆိုအပ်သော်လည်း ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ်တို့လည်း ပါမြဲဖြစ်လေသည်။

ထွက်သက်လေ မဟာဘုတ်နှင့် ဝင်သက်လေ မဟာဘုတ်သည် ရုပ်။ ထွက်ဝင်မှန်းသိသောစိတ်သည် နာမ်။

ထွက်သက်လေ ဝင်သက်လေတို့သည် ဘာမျှ မသိတတ်။ စိတ်ကသာ သိတတ်သည်။ ။ထို့ကြောင့် မသိလျှင် ရုပ်။ သိလျှင် နာမ်။ ရုပ်နာမ်နှစ်ပါးမှတ်။ ရုပ်နာမ်နှစ်ပါးဖြစ်ပုံ။

ခန္ဓာ အားဖြင့်ကား- ထွက်သက်လေ ဝင်သက်လေသည် ရူပက္ခန္ဓာ။ ထိုလေကို ခံစားသောဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ။ ထိုလေကို မှတ်သားသော သညာ စေတသိက်သည်

သညာက္ခန္ဓာ။ ထိုလေကိုစေ့ဆော်သော စေတနာ စေတသိက်သည် သင်္ခါရက္ခန္ဓာ။ ထိုလေကို ထွက်-ဝင်-မှန်းသိသော စိတ်သည် ဝိညာဏက္ခန္ဓာ။

## ၄-ရုပ်နာမ် ဖမ်းပုံ

၄။ ဤကဲ့သို့ ဖြစ်ကြကုန်သော ရုပ်-နာမ်-ခန္ဓာတို့ကို အာရုံပြုပြီး ဝင်သက်လေဖြစ်လာလျှင် နှာသီးဖျားက စောင့်၍ ရုပ်-နာမ်-ခန္ဓာ-တို့သည် ဖြစ်၍လာလေပြီဟု အဖြစ်တချက်တည်းကိုသာ ဖမ်းရာ၏။ ထွက်သက်လေ ထွက်သွားလျှင် နှာသီးဖျားက စောင့်၍ ရုပ်-နာမ်-ခန္ဓာတို့သည် ပျက်၍သွားလေပြီဟု အပျက်တချက်ထည်းကိုသာ ဖမ်းရာ၏။

ဤနေရာ၌ ဝင်သက်လေသည် တွက်သွားမှ ပျက်သည်ဟု မမှတ်ရာ။ ပရမတ္ထသဘာဝအတိုင်းဆိုလျှင် ရုပ်နာမ်တရားတို့သည် တနေရာမှ တနေရာသို့ တဆံဖျားမျှ ရွေ့ပြောင်းသည်ဟူ၍ မရှိ။ တနေရာတည်း၌ပင် ဖြစ်ပျက်ကြကုန်၏။ စိတ်ဉာဏ်က လိုက်နိုင်ပါမူ ဝင်သက်လေ၏ အစ-အလယ်-အဆုံး-တနေရာမှတနေရာသို့ မပြောင်းမရွေ့ဘဲ ဖြစ်ပျက်၍ ဖြစ်ပျက်၍ အစဉ်အတိုင်းသွားသည်တို့ကို ထင်မြင်အောင်နှလုံးသွင်းကြည့်ရှုနိုင်မူ ဆိုဘွယ်မရှိ၊ အလွန်ကောင်းပေ၏။

ဖြစ်သည် ပျက်သည် ဆိုသောစကားသည် ရှေ့အဆင်းနှင့် နောက်အဆင်း ရှေ့သဏ္ဌာန်နှင့် နောက်သဏ္ဌာန် ရှေ့ဖြစ်ပုံနှင့် နောက်ဖြစ်ပုံ မတူ ကွဲပြားသည်ကိုပင်လျှင် အဟောင်း အသစ်

ဟူ၍ရင်း ဖြစ်ပေါ်သည် ချုပ်ပျောက်သည် ဟူ၍ရင်း ဆို၏။ စိတ်ဉာဏ်က ဤကဲ့သို့ မလိုက်နိုင်မူ အဝင်၌ အဖြစ်တချက်ထည်းကိုဖမ်း။ အထွက်၌ အပျက်တချက်ထည်းကိုဖမ်း။ အဖြစ်ကို ဖြစ်စေ၊ အပျက်ကိုဖြစ်စေ တချက်ချက်မိလျှင် မဂ်ကိစ္စပြီးစီးနိုင်သည်။ ထွက်သက်လေ၌လည်း ထိုနည်းတူ မှတ်ယူအပ်ကုန်၏။ အရေးကြီးသောအချက်၊ကောင်းစွာ မှတ်အပ်၏။

ဤကဲ့သို့ဖြစ်ပျက်ကြကုန်သော ရုပ်-နာမ်-ခန္ဓာ- တို့သည် အမြဲမတည်ဘဲ ဖြစ်ချည်ပျက်ချည်နှင့် ဖြစ်ပျက်၍ ဖြစ်ပျက်၍ အစဉ်အတိုင်း သွားသော ရုပ်-နာမ်-တို့ကို ဉာဏ်၌ ထင်မြင်အောင် နှလုံးသွင်း ကြည့်ရှုရာသည်။ ၎င်းတရားကို သဘောကျနိုင်ရန်အတွက် ဥပမာအားဖြင့် ဤသို့သိအပ်ကုန်၏။

## ကြွက်ကလေးများဖမ်းပုံ

တိုက်ခန်းတခုသည် အပေါက်ကလေးတခုသာ ရှိရာ၏။ ၎င်းအပေါက်ကလေး၌ ကြွက်ငယ်ကလေးတို့သည် ထွက်လိုက် ဝင်လိုက်နှင့်သာ နေရာ၏။ ၎င်းကြွက်ငယ်ကလေးတို့ကို ဖမ်းယူလိုသောကြောင့် အပေါက်ခလေး၏အဝ၌ကောင်းစွာစောင့်၍လက်ဖြင့်ဖမ်းယူရာ၏။ ကြွက်ငယ်ကလေးတို့သည် လက်၏ရှေ့ကရင်း နောက်ကရင်း ခုန်ထွက်၍ ခုန်ထွက်၍သွားရာ၏၊ ခုန်ထွက်ပင်ခုန်ထွက်သော်လည်း ဝင်စရာ ထွက်စရာကား ဤအပေါက်ခလေးတခုသာ ရှိသောကြောင့် တနေ့နေ့ကျသောအခါလက်၌ကောင်းစွာမိရာ၏။ အပြင်၌လွှတ်၍ဖမ်းမူ အဖမ်းရ အတော်ခက်သွားလိမ့်မည်။

ထို့အတူ တိုက်ခန်းတည်းဟူသော ခန္ဓာကိုယ်၌ အပေါက်တည်းဟူသော နှာသီးဖျားကစောင့်၍ လက်တည်းဟူသော လက္ခဏာသုံးပါးဖြင့် ဆင်ခြင်သုံးသပ်သော် တနေ့နေ့ကျလျှင် ကြွက်ငယ်ကလေးတည်းဟူသော ရုပ်-နာမ်-တရားကို ဖမ်းမိနိုင်ရာသည်။ ဤနည်းကား အတွင်း၌လှောင်၍ဖမ်းသောနည်းဖြစ်၏။အခြားသော နည်းတို့ကား အပြင်၌ လွှတ်၍ ဖမ်းသောနည်းဖြစ်၏။မိလွယ်လျှင် အကောင်းချည်းသာ ဖြစ်၏။

## သတိပြုရန်အချက်

ဝင်သက်လေ၏ အစသည် နှာသီးဖျားအဆုံးသည်ချက်တိုင်ရင်း။ထွက်သက်လေ၏ အစသည် ချက်တိုင်ရင်း အဆုံးသည် နှာသီးဖျား၊အစ-နှင့် အဆုံးကို နှာသီးဖျားကနေ၍စောင့်ဖမ်းရာ၏။ ထွက်သက်လေနှင့် ဝင်သက်လေဖြစ်သောအခါ မမြန်စေမူ၍လေ ခပ်ရှည်ရှည်၊ခပ်မှန်မှန်၊ခပ်ဖြေးဖြေး၊ခပ်လေးလေး၊ ခပ်ဧးဧးနှင့် ထွက်ဝင်အောင် သတိထားရာ၏။ဂရုသိတ်ပြီးစိုက်လျှင် အထွက်အဝင်မြန်၍ မောသွားတတ်သည်။ အထွက် အဝင် မြန်သော် ရုပ်-နာမ် - ခန္ဓာတို့၏အဖြစ်-အပျက်ကို လက္ခဏာတင်၍လည်း မကောင်း။

## ၅-ဝိပဿနာအားထုတ်ပုံလိုရင်းအချက်

၅။ ဤနေရာ၌ လိုရင်းဖြစ်၍ ဝိပဿနာ အားထုတ်ပုံကို ကောင်းကောင်းကြီး သတိထားစေအပ်၏။ဝင်သက်လေနှင့်ထွက်သက်လေတို့၏ အဝင်အထွက်ကို တကြိမ် ရုပ်-နာမ်-အမြဲမရှိ

အနိစ္စ"ဟုနှလုံးသွင်း။နောက်တကြိမ်"ရုပ်နာမ်ဆင်းရဲ၏ဒုက္ခ"ဟု နှလုံးသွင်း။နောက်တကြိမ်"ရုပ်နာမ်အစိုးမရ အနတ္တ" ဟု နှလုံးသွင်း။စိတ်ကောင်းကောင်းမထိန်းနိုင်သေးသောအခါ ဖြစ်လျှင် ဝင်သက်လေ ဖြစ်သည်နှင့် တပြိုင်တည်း ရုပ်-နာမ်-ဟု ပြီးစီးအောင် နှလုံးသွင်း။ထွက်သက်လေထွက်သည်နှင့် ထပြိုင်တည်း "အမြဲမရှိအနိစ္စ"ဟု ပြီးအောင်နှလုံးသွင်း။ဒုက္ခ-အနတ္တတို့လည်း ထို့ အတူပင်တည်း။ ပုတီးနှင့်သော်၎င်း တလုံးစီး တလုံးစီ စိပ်၍ နှလုံးသွင်းအပ်၏။ဥပုသ်စောင့်သောအခါတို့၌လည်း ဤနည်းဖြင့် တနေ့လျှင် ပုတီးသုံးပတ်ထက် မနဲအောင် အားထုတ် နှလုံးသွင်း၍ စိပ်အပ်၏။ ရုပ်နာမ်ဆိုသဖြင့်ဝါယောဓာတ်-ရုပ်နှင့် ထိုရုပ်၏ အထွက်အဝင်ကို သိသောနာမ်။ ၎င်း ၂-ပါးကိုသတိရစေအပ်၏။

အမြဲမရှိအနိစ္စ-ဆိုသဖြင့် ရုပ်နာမ်သည် တနေရာတည်း၌ အမြဲမတည်ဘဲ ထွက်ဝင်၍ ဖြစ်ပျက်နေသည်ကို သတိ့ရစေအပ်၏။ဆင်းရဲ၏ဒုက္ခဆိုသဖြင့် ယခုအဖန်ဖန်ဖြစ်၍ ယခု အဖန်ဖန်ပျက်သည်ကို သတိရစေအပ်၏။ အစိုးမရ အနတ္တ- ဆိုသဖြင့် ရုပ်နာမ်တို့၏ အထွက်-အဝင်ကို မထွက်မဝင်အောင် တားဆည်း၍မရသည်ကို သတိရစေအပ်၏။မိမိတို့ဉာဏ်စွမ်းက လိုက်နိုင်ပါမူ အဝင်၌ အစ-အလယ်-အဆုံး၊ အထွက်၌ အစ-အလယ်-အဆုံး သုံးပါးလုံး ဖြစ်ပျက်၍ ဖြစ်ပျက်၍အစဉ်အတိုင်းသွားသည်တို့ကို လိုက်၍ နှလုံးသွင်း ကြည့်ရှုနိုင်မူ လက္ခဏာ အတူးတင်ရန်မလို။ တင်ပြီးသကဲ့သို့ ဖြစ်၏။

အနိစ္စအချက်ကြီးပေတည်း။ ။ဒုက္ခ အချက်ကြီးပေတည်း။ အနတ္တအချက်ကြီးပေတည်း။

## ၆–ကမ္မဋ္ဌာန်းလမ်း ခွဲပြချက်

၆။ ကမ္မဋ္ဌာန်းလမ်းသည်-

(၁) သုဒ္ဓဝိပဿနာ ယာနိကလမ်း

(၂) သမထဝိပဿနာ ယာနိကလမ်းဟူ၍ နှစ်လမ်းရှိ၏။

သုဒ္ဓဝိပဿနာ ယာနိကလမ်းဟူသည်ကား ဝိပဿနာအလုပ် သက်သက်ပင်တည်း။သမထဝိပဿနာ ယာနိကလမ်း ဟူသည် ကား ရှေးဦးစွာ သမထအလုပ်ကို လုပ်၍ စိတ်တည်တံ့သော သမာဓိရမှ ဝိပဿနာအလုပ်ကိုလုပ်ခြင်းပင်တည်း။သမထအလုပ် ကို သက်သက် မလုပ်ဘဲ ဝိပဿနာ အလုပ်မှာပင် အပြီးပါဝင် အောင် အားထုတ်မည်ဆိုလျှင် ဉာဏ်စွမ်း ဝီရိယစွမ်း ရှိသောသူ မှန်ပေမူပြီးစီးနိုင်ပေ၏။ယခုပြဆိုပြီးဖြစ်သော အာနာပါနသမထ အားထုတ်နည်း၊အာနာပါန ဝါယောဓာတ် ဝိပဿနာ အား ထုတ်နည်း။၎င်းနည်း နှစ်ပါးတို့တွင် ဝိပဿနာနည်းဖြင့် အား ထုတ်သော် သမထနည်း အပြီးပါဝင်တော့သည်သာ။

## ၇–ဝေဒနာ ကမ္မဋ္ဌာန်း

၇။ ပြဆိုအပ်ပြီးသော အာနာပါန ကမ္မဋ္ဌာန်း၌ ဝေဒနာ တရားများ အပြီးပါဝင်သော်လည်း အထူးဝိသေသ အားထုတ် နှလုံးသွင်းရန် ဝေဒနာတရား တခုကို ပြဆိုဦးအံ့။ **နာမ်တရား**

ဟူသမျှတို့တွင် ဝေဒနာသည် အထင်ရှားဆုံး အသိလွယ်ဆုံး ဖြစ်သည်။ ဝေဒနာတရားနှင့်ပရိနိဗ္ဗာန် စံဝင်တော်မူကြသည်ကား ဝတ္ထုသက်သက်တို့သည် များစွာရှိကြကုန်၏။ ထိုအပေါင်းတို့တွင် မြတ်စွာဘုရားရှိစဉ်အခါ၌ ဂေါဓိကရဟန်းသည် မကျန်းမာသည့်အတွက် ဈာန် ၇—ကြိမ်တိုင်တိုင်ပျက်ဘူး၏။ နောက်ဆုံးအကြိမ်၌ ဈာန်ကိုရနေဆဲအခါတွင် သင်ဓုန်းဓါးနှင့်လည်ပင်းကို လှီးပြီးလျှင် ခဏတဖြုတ် ရုတ်တရက်ချက်ချင်း ဖြစ်ပေါ်၍လာသော ဒုက္ခဝေဒနာကို ဝိပဿနာ တင်လိုက်သော ခဏ၌ ဇီဝိတသမသီသီ-ရဟန္တာဖြစ်၍နိဗ္ဗာန်သို့ စံဝင်တော်မူသည်။ ထိုဂေါဓိကမှာကား တိဟိတ်ပုဂ္ဂိုလ်အစစ် ဖြစ်နေပြီး၍ ဈာန်ကိုလည်း ရနေဆဲအခါဖြစ်သောကြောင့် သမာဓိမှာဆိုဘွယ်မရှိအောင် ခိုင်မြဲနေတုန်းဖြစ်၍ တခဏအတွင်းမှာပင်လျှင် ရဟန္တာဖြစ်လေသည်။ မိမိတို့၏ ကိုယ်ကို ဒွိဟိတ်မှန်း တိဟိတ်မှန်း ကောန် မသိသေးဘဲ လျက်ဂေါဓိကရဟန်းကို အားကျ၍ လည်ပင်းကိုဖြတ်သည်ရှိသော် လည်ပြတ်ရုံသာ ရှိလိမ့်မည်။ ထို့ကြောင့်—

ဝေ ဟိ မိရာ ကုဗ္ဗန္တိ၊ နာဝကင်္ခန္တိ ဇီဝိတံ။
သမူလံ တဏှမဗ္ဗုယှ၊ ဂေါဓိကော ပရိနိဗ္ဗုတော။

သဂါထာဝဂ္ဂသံယုတ်-ပါဠိတော်။

မာရ၊ မာရ်နတ်။ မိရာ၊ ပညာရှိတို့သည်။ ဧဝံဟိ၊ ဤသို့လျှင်။ ကုဗ္ဗန္တိ၊ ပြုကြကုန်၏။ ဇီဝိတံ၊ အသက်ကို။ နာဝကင်္ခန္တိ၊ မနှမြောကြကုန်။ မာရ၊ မာရ်နတ်။ ဂေါဓိကော၊ ဂေါဓိကသည်၊ တဏှံ၊

တဏှာကို။ သမူလံ၊ အမြစ်နှင့်တကွ။ အဗ္ဗုယှ၊ နုတ်ပယ်၍။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုလေပြီ။

ဝေဒနာတရားငါးပါးတို့တွင်လည်း ဒုက္ခဝေဒနာသည်အသိလွယ်ဆုံး အထင်ရှားဆုံးဖြစ်သည်။ ထို့ကြောင့် ကောင်းစွာ နှလုံးသွင်းအပ်သေး၏။ ပြဆိုပြီးသော အာနာပါနာ သမထ အားထုတ်နည်း အာနာပါ ဝါယောဓာတ် ဝိပဿနာ အားထုတ်နည်းတို့ကို အားထုတ်ပြီး၍ သမာဓိရသောအခါသို့ ရောက်ပြီးသည့်နောက် မိမိတို့သဘောကျ နှစ်သက်သော အချိန်အခါမှာပင်လျှင် အားထုတ်နှလုံးသွင်းအပ်၏။

ထိုင်၍ အားထုတ်လိုက်သောအခါ အနည်းငယ် ညောင်း၍လာလိမ့်မည်။ ညောင်းသည်ဆိုသော စကားသည် ဒုက္ခဝေဒနာပင်တည်း။ ထိုဒုက္ခဝေဒနာသည် မညောင်းခင်အခါက မထင်ရှား။ ညောင်းမှသာလျှင်ထင်ရှား၏၊ နည်းနည်းညောင်းလျှင် နည်းနည်းထင်ရှားသည်။ များများညောင်းလျှင် များများ ထင်ရှားသည်။ ထုံကျင်၍လာသော်၎င်း ကိုက်ခဲ၍လာသော်၎င်း ထို့ထက်ပင် ထင်ရှား၍ ထင်ရှား၍လာလေ၏။ ထိုထင်ရှား၍ ထင်ရှား၍ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာကိုသာလျှင် နှလုံးသွင်းအပ်၏။

## အမှတ်လွဲမှားတတ်ပုံများ

ညောင်းညာပါစေ ညောင်းညာပါစေဟူ၍၎င်းထုံကျင်ပါစေ ထုံကျင်ပါစေဟူ၍၎င်း၊ ကိုက်ခဲပါစေ ကိုက်ခဲပါစေ ဟူ၍၎င်း၊ ယိမ်းယိုင်ပါစေ ယိမ်းယိုင်ပါစေဟူ၍၎င်း ဘယ်အခါမျှ နှလုံး

မသွင်းအပ်၊ ဝေဒနာကို ဖုံးအုပ်နေသည်။ ယောဂီပုဂ္ဂိုလ်တဦး ကရှေ့ကနေ့၍လှဲနေလျှင် နောက်ကလိုက်သော ယောဂီတွေ အကုန် လှဲကုန်၏။ သြောင်းညာ ထုံကျင်ကိုက်ခဲ၍ လာသော အခါ သူ့အလိုလိုယိမ်းယိုင်တတ်သည်။ထိုအခါ စိတ်ကိုလွှတ်၍ စိတ်အတိုင်းလိုက်၍ ထားလျှင် အမျိုးမျိုးဖြစ်ရုံမျှမက ထ၍ပင် ခုန်တတ်သေးသည်။ အကောင်းမဟုတ်။ စိတ်ကိုမလွှတ်ရာ။ စိတ် လှည့်စားခြင်းပင်ဖြစ်သည်။ ကြာလျှင် အရူးကဲ့သို့ ဖြစ်တတ်၏။ ဤကဲ့သို့ဖြစ်သည်ကိုပင် သမာဓိ မှတ်ထင်တတ်သေးသည်။

သမာဓိ ဆိုသည်ကား မိမိတို့အားထုတ်အပ်သော အာရုံတခု မှ အာရုံတခုသို့ မပြောင်းမရွှေ့ဘဲ တည်ကြည်ငြိမ်သက်၍နေ သော စိတ်–ဧကဂ္ဂတာ–ကိုဆိုသည်။ အာရုံတခုမှ အာရုံတခုသို့ ပြောင်းရွှေ့၍အမျိုးမျိုးအဖုံဖုံ ဖြစ်လျှင် ဝိဘက်လှည့်စားခြင်း ကြောင့်သာဖြစ်သည်။ငင်းဝိတက်ကို သမာဓိမှတ်ထင်က အလွန် မှားခြင်းဖြစ်သည်။

ဘယ်ဘက်ကဒူးကိုခေါက်၍ ထိုင်သော် ၎င်းခေါက်၍ ထိုင် သော ဒူးဦထင်ရှား၏။ ညာဘက်ကဒူးကို ခေါက်၍ထိုင်သော် ၎င်းခေါက်၍ထိုင်သောဒူးဦထင်ရှား၏၊ ပလ္လင်ခွေ၍ ထိုင်သော် ဘယ်ဒူးဦ၎င်းညာဒူးဦ၎င် ဒုက္ခဝေဒနာ ဖြစ်ပေါ်လွယ်သော နေရာတခုခုဦသာလျှင် နှလုံးသွင်းအပ်၏၊ ထို့နောက် မိမိတို့၏ စိတ်ဉာဏ်ကလိုက်နိုင်ပါမူ တကိုယ်လုံးဦ ပျံ့နှံ့၍ သွားသည်တို့ ကို ထင်မြင်အောင် နှလုံးသွင်းအပ်၏။

## ၈-ဝိပဿနာအားထုတ်ပုံ
## နှလုံးသွင်းပုံလိုရင်းထား

၈။ ဝေဒနာ အမြဲမရှိ အနိစ္စ။ ဝေဒနာဆင်းရဲ၏ဒုက္ခ၊ ဝေဒနာ အစိုးမရ အနတ္တ။ ဤသို့ လက္ခဏာဖြင့် တင်၍ သုံးသပ်ရာ၏။

**ဝေဒနာ** ဆိုသဖြင့် ဖြစ်ပေါ်၍နေသောနေရာ၌ ဝေဒနာကို အာရုံပြုအပ်၏။ အမြဲမရှိအနိစ္စ-ဆိုသဖြင့် ဝေဒနာတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကိုအာရုံပြုအပ်၏၊ ဆင်းရဲ၏ဒုက္ခ-ဆိုသဖြင့် ဝေဒနာ တရားတို့ ယခုအဖန်ဖန်ဖြစ်၍ ယခုအဖန်ဖန်ပျက်သည်ကို အာရုံပြု အပ်၏၊ အစိုးမရအနတ္တ-ဆိုသဖြင့် ဝေဒနာတရားတို့ကိုမဖြစ်မပျက် ရအောင် တားဆီး၍ မရသည်ကို အာရုံပြုအပ်၏။ စိတ်ဉာဏ်က လိုက်နိုင်လျှင် ဝေဒနာတရားတို့ တကိုယ်လုံးပျံ့နှံ့၍ မိုဃ်းရိပ်များ လေသင့်ရာသို့ ရွေးရွေး-ရွေးရွေး-ရွေးရွေး-နှင့် သွားနေ သကဲ့သို့ အသွင်အပြောင်းပြောင်းလဲ၍ ပြောင်းလဲ၍ဖြစ်ပျက်၍ဖြစ်ပျက်၍ သွားသည်တို့ကို အာရုံစူးစိုက်၍ နှလုံးသွင်းနိုင်လျှင် လက္ခဏာ အထူးတင်နေရန် မလိုတော့ချေ။ တင်ပြီးသကဲ့သို့ဖြစ်၏။

## ၉-ဝိပဿနာသုံးမျိုး

၉။ ဝိပဿနာသည် အနိစ္စာနုပဿနာ-ဒုက္ခာနုပဿနာ-အနတ္တာနုပဿနာဟူ၍ သုံးမျိုးသာရှိ၏။ ရုပ်ဓာတ်ကိုဖြစ်စေ နာမ် ဓာတ်ကိုဖြစ်စေ ထိုလက္ခဏာဖြင့်မတင်မသုံးသပ်သော် ဝိပဿနာ အစစ် မဖြစ်နိုင်။ ယခုအခါ ရေးသားကြသော ကျမ်းစာတို့သည် များစွာရှိကြကုန်၏။ ရှိသော်လည်းဝိပဿနာစခန်းသို့တစ်တစ်ခွခွ မိမိခရဖမ်းပုံကိုပြသောကျမ်းကားအလွန်နဲကုန်၏။ စိတ်မရဲကြပေ

**ပထဝီ** သည်ခက်မာခြင်းနူးညံ့ခြင်း-သဘောရှိပါပေစွတကား။
**အာပေါ** သည် ဖွဲ့စေးခြင်းယိုစီးခြင်းသဘောရှိပါပေစွတကား။
**တေဇော** သည် ပူခြင်းခြေင်း သဘောရှိပါပေစွတကား။
**ဝါယော** သည်ထောက်ကန်ခြင်း လှုပ်ရှားခြင်းသဘော ရှိပါ
ပေစွ တကား။

ဤကဲ့သို့ရေးသားခြင်းတို့သည် ရုပ်ကို သုံးသပ်သော သမ္မသန
ဉာဏ်၌သာလျှင် ဝပ်၍နေ၏။မဂ်ကို ရနိုင်ရန် အကြောင်းမရှိ။

## ၁၀-ရုပ်နှင့် ဝေဒနာ ဖြစ်ပေါ်ပုံ ဥပမာ

၁၀။ ရုပ်တရား ဝေဒနာတရားတို့ဖြစ်ပေါ်ပုံ ဥပမာကား— ရေတံခွန်ကြီးများ စီးဆင်း၍ ကျနေသော နေရာတို့၌ ရေမြှုပ်စိုင် အခဲကြီးတို့သည်ရင်း ရေပွက်ငယ်ကလေးတို့သည်ရင်း ရှိကြကုန်၏။ ထိုရေမြှုပ်စိုင် ရေပွက်ငယ်ကလေးတို့သည် ရပ်တည်ခြင်းငှါ မစွမ်းနိုင်ကြသည်နှင့် တပြိုင်တည်းဖြစ်၍ ဖြစ်သည်နှင့် တပြိုင်တည်း ပျက်ရပြန်၏။ တသွန်သွန်ကျ၍ နေသောကြောင့် တဖြစ်တည်းဖြစ်၍ တပျက်တည်းပျက်ရပြန်၏။ ထို့အတူ ကံ–စိတ်–ဥတု အာဟာရ-တည်းဟူသော ရေတံခွန်ကြီးက အမြဲစီးဆင်း၍ ကျနေသောကြောင့် ရုပ်နှင့်တူသော ရေမြှုပ်စိုင်ဝေဒနာနှင့်တူသော ရေပွက်ငယ်ကလေးတို့သည် တဖြစ်တည်းဖြစ်၍ တပျက်တည်း ပျက်ရလေ၏။

## ၁၁-ဝေဒနာကို ရှုရာ အမျိုးမျိုး ထင်ပုံ

၁၁။ ထိုဝေဒနာကို နှလုံးသွင်း အားထုတ်သောအခါ မိမိတို့၏စိတ်ဉာဏ်၌ ဖြစ်ပေါ် တတ်သည်ကား— သံမှုန့် ကလေးတို့သည်၎င်း- မီးအထဲသို့ ပစ်ချလိုက်သောအခါ ဝင်းဝင်းဝါဝါ စိမ်းစိမ်းရွှေရွှေ လက်ခနဲ လက်ခနဲနှင့် အကောင်း ကလေးတွေကဲ့သို့၎င်း အကွက်ကလေးတွေကဲ့သို့၎င်း အရောင်အဆင်းနှင့်တကွ ဖွားဖွား- ဖွားဖွား- ဖွားဖွား–ဖွားဖွား–နှင့် နေသည် တို့ကို၎င်း၊ တဇွာရိုမှုမှုန့် ကလေးတို့သည် နေရောင်နေပြောင်၌ ဝဲလွဲ့၍ ဝဲလွဲ့၍ လယ်ပတ်နေသကဲ့သို့၎င်း လူရုပ်ပုံစံ မီးရှူး မီးပန်းများကို ရှို့သောအခါ ယမ်းမှုန့်တို့သည် တဖွားဖွားနှင့် ဖြစ်၍ တဖွားဖွားနှင့် ပျက်သကဲ့သို့၎င်း ထင်မြင်နိုင်ကုန်၏။ သို့သော် စိတ်ကကြံစည်၍ထင်လျှင် စိတ်အကြံအစည်သာဖြစ်မည်။ စိတ်က ကြံစည်ခြင်း မပြုဘဲ မနေသဒ္ဒါရ၍အလိုလိုထင်စေမှသာလျှင်အမှန် အတိုင်းဖြစ်ရမည်။၎င်းစကားမျိုးတို့ကိုရဟန်းတော်များဝါကြွား သောစိတ်ဖြင့် မပြောဆိုအပ်။ သိက္ခာပုဒ်၌ ငြိစွန်းမှာ စိုးရိမ်ရသည်။ အထူး သတိထားတော်မူရန် သူတပါးကို ပြောဆိုခြင်းသည် မိမိကိုယ်၌ ကျေးဇူးမများလှချေ။

ဈာန်–မဂ်–ဖိုလ် တရား ဆိုသည်ကား ဈာန်ကို ရတတ်စေသော သမထကမ္မဋ္ဌာန်းများကို အားထုတ်သောအခါ ဤကဲ့သို့ ထင်သည် ဤကဲ့သို့ မြင်သည် ဟု ပြောလျှင်ပင် ဈာန်အနီးသို့

ရောက်နေသည်။ ဝိပဿနာကမ္မဋ္ဌာန်း၌လည်း ဤကဲ့သို့ ထင်သည် ဤကဲ့သို့ မြင်သည်ဟု ပြောလျှင်ပင် မဂ်အနီးသို့ ရောက်နေသည်၊ ကောင်းစွာ သတိရှိအပ်၏။

ခပ်သိမ်းသော မြတ်စွာဘုရားတို့သည်လည်း အာနာပါန ကမ္မဋ္ဌာန်း၌သာလျှင် တည်၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်မြဲ ဓမ္မတာဖြစ်၏။ ဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်ပြီးသောအခါ၌လည်းအာနာပါနကမ္မဋ္ဌာန်းကိုအသက်ထက်ဆုံး မစွန့်ကြကုန်ပြီ၊ လူသာမန်-ရှင်သာမန် တို့ နှင့်ထိုက်တန်သော ကမ္မဋ္ဌာန်းမဟုတ်။ လူပညာရှိကြီး ရှင်ပညာရှိကြီးတို့နှင့်သာ ထိုက်တန်သောကမ္မဋ္ဌာန်းဖြစ်သည်။ မြတ်စွာဘုရားကလည်း ၎င်းကမ္မဋ္ဌာန်းကို အခြားသော ကမ္မဋ္ဌာန်းတို့ထက် ထွန်း မြတ်လွန်ကဲသော ဂုဏ်ပုဒ်တို့နှင့် များစွာ ချီးမွမ်းတော်မူသည်။

ခန္ဓာကိုယ်၌ပထဝီဓာတ် ၂၀၊ အာပေါဓာတ် ၁၂-ပါး၊ တေဇောဓာတ် ၄-ပါး၊ ဝါယောဓာတ် ၆-ပါး အားဖြင့်ဓာတ် ၄၂-ပါးရှိသည်တို့တွင် ဤအာနာပါန ဝါယောဓာတ်ထက် ပိုမိုလွန်ကဲ၍ သိသာရှင်းလင်းနိုင်သော ဓာတ်ကားမရှိပြီ၊ သညာသိ အစွမ်းဖြင့်လည်း ရှင်းလင်းသည်၊ သညာသိ အစွမ်းဖြင့်လည်း မရှုပ်ထွေးနိုင်။

ထိုအာနာပါန ကမ္မဋ္ဌာန်းတခုကို ပွားများပါမူ သတိပဋ္ဌာန်လေးပါး ဗောဇ္ဈင်ခုနစ်ပါး မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးတို့ကိုလည်း ပြီးစီးစေနိုင်ကုန်၏။ ။ထို့ကြောင့်-

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ၊ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ၊ သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။

ဥပရိပဏ္ဏာသပါဠိတော်၊ မဟာဝဂ္ဂသံယုတ် ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။အာနာပါနဿတိ၊ အာနာပါနဿတိ ကမ္မဋ္ဌာန်းအလုပ်သည်။ ဘာဝိတာ၊ ပွားစေအပ်သည်ရှိသော်။ ဗဟုလီကတာ၊ နေ့ရက်များစွာ လေ့လာခြင်းကို ပြုအပ်သည်ရှိသော်။စတ္တာရော သတိပဋ္ဌာနေ၊ လေးပါးသော သတိပဋ္ဌာန်တို့ကို။ ပရိပူရေန္တိ၊ပြည့်စုံစေနိုင်ကုန်၏၊ စတ္တာရော သတိပဋ္ဌာနာ၊ လေးပါးသောသတိပဋ္ဌာန်တို့သည်။ဘာဝိတာ၊ ပွားစေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ နေ့ရက်များစွာ လေ့လာခြင်းကို ပြုအပ်ကုန်သည်ရှိသော်။သတ္တဗောဇ္ဈင်္ဂေ၊ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့ကို။ပရိပူရေန္တိ၊ ပြည့်စုံစေနိုင်ကုန်၏။ သတ္တဗောဇ္ဈင်္ဂါ၊ ခုနစ်ပါးသောဗောဇ္ဈင်တရားတို့သည်။ ဘာဝိတာ၊ ပွားစေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ နေ့ရက်များစွာ လေ့လာခြင်းကိုပြုအပ်ကုန်သည်ရှိသော်။ ဝိဇ္ဇာဝိမုတ္တိံ၊ဝိဇ္ဇာဟု ဆိုအပ်သော-မဂ်ဉာဏ်လေးပါး ဝိမုတ္တိဟု ဆိုအပ်သော ဖိုလ်ဉာဏ်လေးပါးတို့ကို။ ပရိပူရေန္တိ၊ ပြည့်စုံစေနိုင်ကုန်၏။

စိတ္တာဝိမုတ္တော အရိယဖလသမ္ပယုတ္တာ ဝိဇ္ဇာ ဝါ

စတုမဂ္ဂသမ္ပယုတ္တာ ဝိမုတ္တိ ဖလသမ္ပယုတ္တာ။

မဟာဝဂ္ဂသံယုတ်—အဋ္ဌကထာ။

ဤသို့ အာနာပါန ကမ္မဋ္ဌာန်းတခုကို အားထုတ်လျှင်သတိပဋ္ဌာန်းလေးပါး ဗောဇ္ဈင်ခုနစ်ပါးမဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးတို့ကိုလည်း ပြည့်စုံစေနိုင်သောကြောင့် ကောင်းစွာအားထုတ်ရာ၏။

## ၁၂–ဗောဓိပက္ခိယ တရားများ ပါဝင်ပုံ

၁၂-သတိပဋ္ဌာန် လေးပါးပြီးစီးပါဝင်ပုံ–

(၁) ထွက်သက်ဝင်သက်—အစရှိသောရုပ်ကာယ၌ ခိုင်မြဲစွာတည်သောသတိသည် ကာယာနုပဿနာ သတိပဋ္ဌာန် မည်၏။ (၂) ထိုထွက်သက်ဝင်သက်ကို ခံစားသောဝေဒနာသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်မည်၏။ (၃) ထိုထွက်သက်ဝင်သက်ကို အာရုံပြုသော စိတ်သည် စိတ္တာနုပဿနာ သတိပဋ္ဌာန်မည်၏။ (၄)ထိုထွက်သက်ဝင်သက်လေတို့ကို လက္ခဏာအားဖြင့် တင်၍သုံးသပ်ခြင်းသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်မည်၏။

သမ္မပ္ပဓာန် လေးပါးပြီးစီးပါဝင်ပုံ–

သမ္မပ္ပဓာန်လေးပါးကား—

(၁) ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ပစ်ရအောင်လုံ့လပြုခြင်း(၂)မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေရအောင်လုံ့လပြုခြင်း။(၃)မဖြစ်သေးသော ကုသိုလ်တရာ

တို့ကို ဖြစ်စေခြင်းငှာ လုံ့လပြုခြင်း။(၄)ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တဖန်တိုးပွားအောင် လုံ့လပြုခြင်း-အားဖြင့် စေတသိက်တလုံးသာရ၏။ ထိုတရားတို့သည် အာနာပါန ကမ္မဋ္ဌာန်းတည်းဟူသော အမိက ကုသိုလ်တရားကို ပွားများ အားထုတ်လျက်နေသောကြောင့်ဆိုဘွယ်မရှိ၊အပြီးပါဝင်တော့သ ည်သာ။

ဣဒ္ဓိပါဒ် လေးပါး ပြီးစီးပါဝင်ပုံ—

(၁) ထိုအာနာပါန ကမ္မဋ္ဌာန်းကို ပွားများအာ းထုတ်လိုသော ဆန္ဒစေတသိက်သည် ဆန္ဒိဒ္ဓိပါဒ် မည်၏။ (၂) ပွားများအားထုတ်သော ဝီရိယစေတသိက်သည် ဝီရိယိဒ္ဓိပါဒ် မည်၏။ (၃)ပွားများအားထုတ်သောအခါ ဖြစ်ပေါ်သော စိတ်သည် စိတ္တိဒ္ဓိပါဒ်မည်၏။ (၄) ပွားများအားထုတ်သောအခါ၌ ဖြစ်သော ဝိပဿနာဉာဏ်သည် ဝီမံသိဒ္ဓိပါဒ်မည်၏။

ဣန္ဒြေငါးပါး ပြီးစီးပါဝင်ပုံ—

(၁) ထိုအာနာပါနကမ္မဋ္ဌာန်းကိုပွားများအားထုတ်လိုသော သဒ္ဓါစေတသိက်သည်သဒ္ဓိန္ဒြေမည်၏။(၂)ပွားများအားထုတ်လိုသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။(၃) ပွားများအားထုတ်သောအခါ၌ဖြစ်သော သတိစေတသိက်သည် သတိန္ဒြေမည်၏။ (၄) ပွားများအားထုတ်သောအခါအာရုံကိုတည်ကြည်စွာ ယူသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေမည်၏။(၅)ဝိပဿနာ ရှုဆင်ခြင်သောအခါ၌ ဖြစ်သော ပညာစေတသိက်သည် ပညိန္ဒြေမည်၏။

ဗိုလ် ငါးပါးကား ထို့အတူပင်တည်း။

(၁) သဒ္ဓါဗိုလ်။(၂)ဝိရိယဗိုလ်။(၃)သတိဗိုလ်။(၄)သမာဓိဗိုလ်။(၅)ပညာဗိုလ်။

ဗောဇ္ဈင် ခုနစ်ပါး ပြီးစီးပါဝင်ပုံ—

(၁) ထိုအာနာပါန ကမ္မဋ္ဌာန်း၌ခိုင်မြဲစွာတည်သောသတိသည် သတိသမ္ဗောဇ္ဈင်မည်၏။(၂) ထိုသို့အားထုတ်၍ တရားအပေါ်၌ အဆင်ခြင်အစဉ်းစားအလိမ္မာပွားများခြင်းသည်ဓမ္မဝိစယ သမ္ဗောဇ္ဈင်မည်၏။(၃) ထိုသို့အားထုတ်၍တနေ့တခြားဝီရိယတရားတို့ ပွားများ၍ သွားခြင်းသည် ဝီရိယသမ္ဗောဇ္ဈင်မည်၏။(၄) ထိုအလုပ်၌စိတ်ပျော်မွေ့ခြင်းသည်ပီတိသမ္ဗောဇ္ဈင်မည်၏။ (၅) ပီတိတရား ဖြစ်ပွားသောအခါမှစ၍ ပျင်းရိခြင်းငိုက်မြည်းခြင်းအစရှိသောပူလောင်မှုတို့ ငြိမ်းခြေင်းသည်ပဿဒ္ဓိသမ္ဗောဇ္ဈင်မည်၏။ (၆) ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်သည်ရှိသော်ထိုအာရုံ၌ ကောင်းစွာ တည်ကြည်ခြင်းသည် သမာဓိသမ္ဗောဇ္ဈင်မည်၏။ (၇)သမာဓိသမ္ဗောဇ္ဈင် ဖြစ်သည်ရှိသော် စိတ်၏မငြိမ်သက်မှုအတွက်နှင့်ကြောင့်ကြစိုက်ဘွယ်မရှိခြင်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်မည်၏။

မဂ္ဂင် ရှစ်ပါး ပြီးစီးပါဝင်ပုံ—

မဂ္ဂင်ရှစ်ပါးကား သီလ-သမာဓိ-ပညာပင်တည်း။

(၁) သမ္မာဝါစာ (၂)သမ္မာကမ္မန္တ(၃) သမ္မာအာဇီဝ။ ၎င်းမဂ္ဂင်သုံးပါးကား သီလအရာ၌ ပါဝင်၏။(၁)သမ္မာဝါယာမ (၂)သမ္မာသတိ(၃)သမ္မာသမာဓိ။၎င်းမဂ္ဂင်သုံးပါးကား သမာဓိအရာ၌ပါဝင်၏။(၁)သမ္မာဒိဋ္ဌိ(၂) သမ္မာသင်္ကပ္ပ ၎င်းမဂ္ဂင်နှစ်ပါးကား ပညာအရာ၌ ပါဝင်၏။ ထို့ကြောင့်- အာနာပါနကမ္မဋ္ဌာန်းကို ကောင်းစွာအားထုတ်၍ ဝိဇ္ဇာဝိမုတ္တိဉာဏ်နှစ်ပါးနှင့် ပြည့်စုံသောအခါ မဂ္ဂင်ရှစ်ပါးတို့သည်အပြီးပါဝင်ကုန်၏။

အသီးတရာအညာတခု ဆိုသကဲ့သို့ အသီးက ခူးဆွတ်သော် တလုံးစီသာခူးဆွတ်နိုင်၏။ အညာက ခူးဆွတ်သော် အသီးဟူသရွေ့ အလုံးစုံပါလာရကုန်၏။ သတိပဋ္ဌာန်လေးပါးစသည်တို့ကိုတပါးစီတပါးစီခွဲ၍အားထုတ်သော် အသီးက ခူးဆွတ်သည်နှင့်တူ၏။ပြဆိုပြီးသောအတိုင်းအာနာပါနဝါယောဓာတ်တခုကို မိမိရရ ကောင်းစွာ အားထုတ်သည်ရှိသော် အညာက ခူးဆွတ်သည်နှင့်တူ၏။ ဤသို့အာနာပါနကမ္မဋ္ဌာန်းတခု၌ပင်လျှင်ဗောဓိပက္ခိယတရားများ ၃၇-ပါးတို့သည်လည်း အပြီးပါဝင်ကုန်သည်။

## ၁၃-ပဋိပတ်ကျင့်စဉ် ဝိသုဒ္ဓိ ၇ ပါး ရှင်းပြချက်

၁၃။ ဝိပဿနာကမ္မဋ္ဌာန်း၌ ပဋိပတ်ကျင့်စဉ်ဝိသုဒ္ဓိ ၇-ပါးကား ကျမ်းဂန်၌လာ၏။လာသည်အတိုင်း တခုပြီးမှ တခု၊တခုစင်ကြယ်မှတခု အားထုတ်ရမည်ဆိုလျှင် တရားကိုအားထုတ်ခွင့်ရကြတော့မည်မဟုတ်။ဝိသုဒ္ဓိခုနစ်ပါးအလုပ်နှင့်ပင်အချိန်ကုန်ပြီးတရားအားထုတ်ရန်အတွက် စိတ်ပျက်၍တရားကို အားမထုတ်

ချင်ဘဲ ပျင်းရိ၍နေတတ်ကြသည်။ တထစ်ချ မမှတ်ယူအပ်၊ ဝိသုဒ္ဓိ ၇-ပါးစင်ကြယ်မှမဂ်ရနိုင်ကြောင်းကိုရည်၍ပြဆိုခြင်း ဖြစ်သည်။ မစင်ကြယ်လျှင် မဂ်ကိုသာမရနိုင်။ မဂ်အခြေကားဖြစ်နိုင်သေး၏။

သမထ အရာ၌လည်းသပ္ပါယ ခုနစ်ပါး ပလိဗောဓဆယ်ပါး စသည် ပြဆိုခြင်းကား ဈာန်၏အန္တရာယ်ဖြစ်၍ ဈာန်ကိုမရစေနိုင်သောအကြောင်းကိုရည်၍ပြဆိုခြင်းဖြစ်သည်။ ဈာန်မရသော်လည်း သမာဓိကား ရသင့်သလောက် ရနိုင်သေး၏။ မည်သည့်နေရာ၌မဆိုအားထုတ်အပ်၏၊ အားမထုတ်လျှင်ဘာမှ မဖြစ်နိုင်၊ ဘာမျှမရနိုင်။

ဝိသုဒ္ဓိ ခုနစ်ပါးကား သီလ-သမာဓိ-ပညာ—ပင်တည်း။ သီလဝိသုဒ္ဓိကား-သီလ၊ စိတ္တဝိသုဒ္ဓိကား-သမာဓိ။ ဒိဋ္ဌိဝိသုဒ္ဓိ—ကင်္ခါဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ-ဉာဏဒဿနဝိသုဒ္ဓိ—ဤငါးပါးသောသမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်အပြားသည် ပညာ၊ ထို ခုနစ်ပါးတို့တွင်လည်း စိတ္တဝိသုဒ္ဓိအထူးမှာ သမထယာနိကပုဂ္ဂိုလ်၌သာလိုအပ်၏။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမှာ မဂ်ဖိုလ်သို့မရောက်သေးဘဲလျက် ရောက်ပြီဟု ထင်မှတ်သော အဓိမာနိက ပုဂ္ဂိုလ်၌သာ လိုအပ်၏။ အကြွင်းငါးပါးသည် ပုဂ္ဂိုလ်အများနှင့်ဆက်ဆံ၏။

တနည်းအားဖြင့်ဤသို့သွင်းယူအပ်၏။ အာနာပါနကမ္မဋ္ဌာန်းတခုကိုကောင်းစွာအားထုတ်၍ နေသည်ရှိသော် ရဟန်းတော်တို့၏ သိက္ခာပုဒ်အကျဉ်းအားဖြင့် ၂၂၇-ပါး၊ အကျယ်အားဖြင့်

ကုဋ္ဌေ ကိုးထောင့်တရာ့ ရှစ်ဆယ် ငါးသန်း သုံးသောင်း ခြောက်ထောင်ကုန်သော သိက္ခာပုဒ်တို့ကို ကျူးလွန်ခွင့်မရနိုင်သောကြောင့် ပါတိမောက္ခ သံဝရသီလနှင့်လည်းပြည့်စုံနိုင်၏။ ဣန္ဒြိယသံဝရသီလ သည်လည်း ထို့အတူ လုံခြုံပြီးဖြစ်တော့သည်သာ။ ပစ္စယသန္နိဿိတသီလ သည်လည်း အထူး ဆိုဘွယ်မရှိ။ အာဇီဝပါရိသုဒ္ဓိသီလကောင်းစွာဖြစ်နိုင်၏။ လူတို့၏ သီလမှာမူ အထူးပြဆိုရန်မလို။ ဤကဲ့သို့အားထုတ်၍ နေသည်ရှိသော် မိမိတို့၏ စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ သာလျှင် စူးစိုက်၍ကောင်းစွာတည်နေသောကြောင့် စိတ္တဝိသုဒ္ဓိလည်းဖြစ်နိုင်၏။

နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ။

နာမရူပ ပရိဂ္ဂဟော၊ နာမ်–ရုပ်–နှစ်ပါးကို သိမ်းဆည်းခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိ နာမ၊ ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။ ။အာနာပါန ဝါယောဓာတ်သည်ရုပ်။ ထွက်ဝင်မှန်း သိသောစိတ်သည်—နာမ်။ ဤသို့ရုပ်နာမ်ကိုသိမ်းဆည်းခြင်းကြောင့် ဒိဋ္ဌိဝိသုဒ္ဓိလည်း ဖြစ်နိုင်၏။

ကာယဉ္စ စိတ္တဉ္စ ပဋိစ္စ အဿာသပဿာသာ။ ဝိသုဒ္ဓိမဂ်။

ကာယဉ္စ၊ ကိုယ်ကိုရင်း။ စိတ္တဉ္စ။ စိတ်ကိုရင်း၊ ပဋိစ္စ၊ စွဲ၍။ အဿာသပဿာသာ၊ ထွက်သက် - ဝင်သက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။အာနာပါန ဝါယောဓာတ် ရုပ်တရားသည် ကိုယ်ကိုရင်း စိတ်ကိုရင်းစွဲ၍ဖြစ်၏။ ထို့ကြောင့် စိတ္တဇရုပ် အစစ်ပင်တည်း။ စိတ်သည် ဝတ္ထုရုပ် ခြောက်ပါး အာရုံခြောက်ပါး တို့ကြောင့်

ဖြစ်ကုန်၏။ဤသို့ရုပ်၏ ဖြစ်ကြောင်းနှင့် နာမ်၏ဖြစ်ကြောင်းကို သိသောကြောင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိလည်းဖြစ်နိုင်၏။မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိကား အားထုတ်ဆဲအခါ၌ မသက်ဆိုင်။ ရုပ်ခေတ် နာမ်ခေတ်တို့၌ လက္ခဏာဖြင့်တင်၍ ကောင်းစွာထင်မြင် လျှင်ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိလည်းဖြစ်နိုင်၏။ ဉာဏဒဿန ဝိသုဒ္ဓိကားမဂ်ဖိုလ်သို့ရောက်သောအခါမှသာလျှင်ဖြစ်နိုင်၏။

## ၁၄-ဝိပဿနာဉာဏ် ၁၀-ပါး ပါဝင်ပုံ

၁၄။ ဝိပဿနာကမ္မဋ္ဌာန်း၌ ဝိပဿနာဉာဏ်ဆယ်ပါးကား ကျမ်းဂန်၌ လာသေး၏။ဝိပဿနာတရားကို-ပွားများအားထုတ် သောအခါ မိမိတို့၏ဉာဏ်၌ ဖြစ်ပေါ်၍လာသော ဉာဏ်ဆယ် ပါးကို ဝိပဿနာဉာဏ်ဆယ်ပါးဟူ၍ခေါ်ဆိုသည်။ ဆရာလုပ် သူက ရုပ်၏ လက္ခဏာ နာမ်၏လက္ခဏာနှင့် တကွ ဝိပဿနာ တရားအားထုတ်ပုံကို နည်းပေးလိုက်သောအတိုင်း ကောင်းစွာ အားထုတ်ပါလျှင် ထိုဆယ်ပါးသော ဝိပဿနာဉာဏ်တို့သည် အလိုလိုမိမိတို့၏ ဉာဏ်၌ဖြစ်ပေါ်၍ လာလေ၏။

(၁) ဖြစ်ပေါ်လာပုံကား ဤကားရုပ် ဤကားနာမ်ဟုရုပ် နာမ်တရားတို့ကိုသိုးသပ်သောဉာဏ်သည် သမ္မသနဉာဏ်မည်၏။

(၂) ထိုရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို မြင်အောင် ရှုကြည့်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။

(၃) အပျက် တခုတည်းတို့သာ မြင်အောင်ရှုတတ်သော ဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

ဤဉာဏ်သုံးပါးကား ဆရာနှင့် ကင်း၍ မဖြစ်နိုင်။ နောက် ဉာဏ်ခုနစ်ပါးကားအလိုလိုထင်၍ လာသောဉာဏ်ဖြစ်၍ ဆရာနှင့်ကင်းနိုင်၏။

(၄) ထိုရုပ်နာမ်တရားတို့သည် ဖြစ်ချည်ပျက်ချည် နှင့်သာ မျက်စိတမှိတ်လျှပ်တပျက်မျှ ရပ်တည်၍မနေ၊ တဖြစ်တည်းဖြစ်၍ တပျက်တည်းပျက်နေသည်ကို သိမြင်သောအခါ ဘဝအဆက် ဆက်တို့၌ ရုပ်နာမ်တို့သာ ဖြစ်လိုက် ပျက်လိုက်နှင့် သံသရာ မဆုံးနိုင်အောင်ညှဉ်းဆဲနှိပ်စက်၍ နေပါတကားဟု ထိုရုပ်နာမ်တို့ကိုပင် ဘေးဟု မှတ်ထင်သောဉာဏ်သည် ဘယဉာဏ်မည်၏။

(၅) ဤကဲ့သို့ကြောက်လန့်ပြီးနေရကတည်းကထိုရုပ်နာမ်တရားတို့၏အပေါ်၌ အပြစ်မြင်သောဉာဏ်သည် အာဒီနဝဉာဏ်မည်၏။

(၆) ဤကဲ့သို့အပြစ်ကိုမြင်လျှင်သြော်-ဤသံသရာဝဋ်ဆင်းရဲကြီးထဲ၌ နေရခြင်းသည်ကား အနည်းငယ်မျှသုခမရှိ၊ ဒုက္ခအတိကြီးသာဖြစ်ပါ၏။ တကားဟု ငြီးငွေ့သော ဉာဏ်သည် နိဗ္ဗိန္ဒဉာဏ်မည်၏။

(၇) ဤကဲ့သို့ငြီးငွေ့သောဉာဏ်ဖြစ်ပေါ်ပြီးလျှင် ထိုသံသရာဝဋ်ဆင်းရဲမှ အားကြီးစွာ လွတ်လိုသောစိတ်ရှိသောဉာဏ်သည်မုစ္စိတုကမျတာဉာဏ်၏။

(၈) ဆိုအပ်ခဲ့ကုန်ပြီးသော ရှေ့ကဉာဏ်တို့ ဖြစ်ပေါ်ပြီး နောက်သံသရာမှမလွတ်လွတ်အောင် မဂ်ကိုမရရအောင်ကြိုးစားကာအားထုတ်လေ့ရှိသော ဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

(၉)ထိုကဲ့သို့ကြိုးစားကာ အားထုတ်၍ ရုပ်နာမ် ခန္ဓာတို့၌ ကပ်ငြိတွယ်တာခြင်းမရှိသော ဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ် မည်၏။

(၁၀)မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်အောင် သင့်လျော်စွာ ရင့်သန်၍ နေသောဉာဏ်သည် အနုလောမ ဉာဏ်မည်၏။ ၎င်း ဝိပဿနာ ဉာဏ်ဆယ်ပါးတို့ ဖြစ်ပေါ်ပြီး နောက်၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဟုဆိုသော လောကုတ္တရာဉာဏ်သည် ဖြစ်ပေါ်လာလေ၏။

## ၁၅-ပရိညာ ၃-ပါးဖြင့်ပိုင်းခြားပုံ

၁၅။ ပရိညာအားဖြင့်ပိုင်းခြားလျှင် သုံးပါးသာလျှင်ဖြစ်၏။

(၁) ရုပ်-နာမ်-နှစ်ပါးကို ပိုင်းခြား၍ သိခြင်းသည် ဉာတပရိညာမည်၏။

(၂) ရုပ်နာမ်နှစ်ပါးကို လက္ခဏာရေးသုံးပါးဖြင့် ပိုင်းခြား၍သိခြင်းသည် တီရဏပရိညာမည်၏။

(၃) လက္ခဏာတို့ဖြင့် ပိုင်းခြား၍ သိသောအခါ မဂ်အား လျော်စွာကိလေသာကိုပယ်ခြင်းသည် ပဟာနပရိညာမည်၏။

တနည်း ရုပ်နာမ်၏ သဘောလက္ခဏာကို ပိုင်းခြား၍သိသော နာမရူပ ပရိစ္ဆေဒဉာဏ်၊ရုပ်နာမ်၏ဖြစ်ကြောင်းကို ပိုင်းခြား၍သိသော ပစ္စယပရိဂ္ဂဟဉာဏ်။၎င်းဉာဏ်နှစ်ပါးသည် ဉာတပရိညာ သမ္မသနဉာဏ်-ဥဒယဗ္ဗယဉာဏ် နှစ်ပါးသည် တီရဏပရိညာ။ ဘင်္ဂဉာဏ်အစ မဂ်ဉာဏ်အဆုံးသည် ပဟာနပရိညာ။

ဤကဲ့သို့ ပြဆိုအပ်ခဲ့ပြီးသော သင်္ခါရဖြစ်ကုန်သောရုပ်နာမ် တရားတို့ကို စွဲမြဲစွာ ဝိပဿနာတရားကိုအားထုတ်လျက် နေထိုင်

သော ပုဂ္ဂိုလ်တို့သည်အပါယ်လေးဘုံသို့ မသက်ဆင်းရဘဲဒုတိယဘဝ၌သော်၎င်း တတိယဘဝ၌သော်၎င်း ခုနစ်ဘဝ အတွင်း၌သော်၎င်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဧကန်ရတော့မည် ဖြစ်သောကြောင့်မဟာသောတာပန်ကြီးတို့အပါယ်တံခါးပိတ်၍ အပါယ်ကိုမကျဘဲနေသလိုထို့အတူ-အပါယ်ကို မကျတော့ဘဲဖြစ်ပါ၍ ထိုပုဂ္ဂိုလ်ကို စူဠသောတာပန်ဟူ၍ ခေါ်ဆို၏။ ထို့ကြောင့်—

ဧဝံ သင်္ခါရေ သလ္လက္ခေတွာ ဋ္ဌိတဿပန ဘိက္ခုနော ဒသ ဗလဿ သာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ၊ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတ ဂတိကော စူဠသောတာပန္နော နာမ ဟောတိ။ ဝိဘင်းအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ပန၊ မဟာသောတာပန်ဖြစ်သည်မှတပါး စူဠသောတာပန်ဖြစ်သည်ကို ဆိုဦးအံ့။သင်္ခါရေ၊ သင်္ခါရဖြစ်ကုန်သော ရုပ်နာမ်တရားတို့ကို။ဧဝံ၊ ဤပြဆိုခဲ့ပြီးသည့် အတိုင်း။ သလ္လက္ခေတွာ၊ ကောင်းစွာမှတ်ယူ၍။ဋ္ဌိတဿ၊ ဝိပဿနာ၌ရှုလျက်တည်နေသော၊ ဘိက္ခုနော၊ ရဟန်းအား။ ဒသဗလဿ၊ မြတ်စွာဘုရား၏။သာသနေ၊ သာသနာတော်၌။ မူလံ၊ အမြစ်ရင်းသည်၊ ဩတိဏ္ဏံ နာမ၊ တွယ်သည်မည်သည်။ဟောတိ၊ ဖြစ်၏။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော တည်ရာမှီရာ ရှိသည်ဖြစ်၍။ နိယတဂတိကော၊ မြဲသောလားရာ ကောင်းသောသုဂတိဘဝရှိသည်ဖြစ်၍၊စူဠသောတာပန္နောနာမ၊

စူဠသောတာပန်မည်သည်။ ဝါ၊ သောတာပန်ငယ် - သောတာပန်လောင်းမည်သည်။ ဟောတိ၊ ဖြစ်ပေတော့၏။

## ၁၆-စူဠသောတာပန်ဖြစ်ပုံ

၁၆။ဤသို့ပြဆိုထားလေသောကြောင့်သင်္ခါရဖြစ်ကုန်သော ရုပ်နာမ်တရားတို့က ဝိပဿနာပွားများလျက် ကောင်းစွာတည်နေသောပုဂ္ဂိုလ်တို့သည် ယခုမြတ်စွာဘုရား၏ သာသနာတော်၌ အမြင်ရင်းစိုက်မိသည်ဖြစ်သောကြောင့် လားရာ ဂတိမှာလည်းကောင်းသော သုဂတိသို့သာ လားရ၍ ဒုတိယဘဝ-စသည်တို့၌ ကေန်မဂ်ဖိုလ်တရားတို့ကိုရတော့မည့်ပုဂ္ဂိုလ်ဖြစ်သောကြောင့် ၎င်းပုဂ္ဂိုလ်ကို စူဠသောတာပန်၊ ဟုခေါ်ဆို၏။

တနည်းအားဖြင့် ယထာဘူတဉာဏ်နှင့် ပြည့်စုံ၍ ဝိပဿနာတရားပွားများ အားထုတ်လျက်နေသော ပုဂ္ဂိုလ်ကို စူဠသောတာပန်ဟု ခေါ်ဆို၏၊

အထက်က ပြဆိုအပ်ခဲ့ကုန် ပြီးသော ရုပ်နာမ်တရားတို့၏ သဘောလက္ခဏာကို ပိုင်းခြား၍ သိသောဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်ဟု ခေါ်ဆို၏။ ရုပ်သည်အကြောင်းတရားလေးပါးတို့ကြောင့်ဖြစ်၏။ နာမ်သည် ရုပ်ဝတ္ထုခြောက်ပါးနှင့်အာရုံခြောက်ပါးတို့ကြောင့် ဖြစ်၏။ ဤကဲ့သို့ ရုပ်၏ဖြစ်ကြောင်းနှင့် နာမ်၏ဖြစ်ကြောင်းကို သိသောဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဟူ ခေါ်ဆို၏၊ ထိုဉာဏ်နှစ်ပါးကိုယထာဘူတဉာဏ်ဟု ခေါ်ဆို၏။ ထို့ကြောင့်—

ဣမိနာ ဉာဏေန သမ္ဗန္ဓာဂတော ဝိပဿကော
ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော
နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ဖြပဟ္မဇာလသုတ်အဋ္ဌကထာ။

ဣမိနာဉာဏေန၊ နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟ ဉာဏ်နှစ်ပါးနှင့်ပြည့်စုံသဖြင့် ဟုတ်မှန်တိုင်းကို သိမြင်သော ယထာဘူတဉာဏ်နှင့်။ သမ္ဗန္ဓာဂတော၊ ပြည့်စုံသော။ ဝိပဿကော ဝိပဿနာတရားကို ပွားများအားထုတ်လျက်နေသော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သောတည်ရာမှီရာရှိသည်ဖြစ်၍။ နိယတဂတိကော၊ မြဲသောလားရာ ကောင်းသောသုဂတိဘဝရှိသည်ဖြစ်၍။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်မည်သည်။ ဝါ၊ သောတာပန်ငယ်–သောတာပန်လောင်းမည်သည်။ ဟောတိ၊ ဖြစ်ပေတော့၏။

## ၁၇–နောင်ဘဝ ထခဏာချင်း မဂ်ဖိုလ်ရပုံ

၁၇။ ဤဘဝက ဝိပဿနာတရားတို့ကို ပွားများအားထုတ်၍ သွားခဲ့ဘူးသော ပုဂ္ဂိုလ်တို့သည် နောင်–ဥပပတ်ပဋိသန္ဓေနေ၍ နတ်ဘဝ–စသည်တို့၌ ဖြစ်မူ ဤဘဝက အားထုတ်ခဲ့ဘူးသောတရားတို့သည် လျင်မြန်စွာပေါ်ပေါက်၍ မဂ်တရားဖိုလ်တရားတို့ကိုရနိုင်ပေ၏။ ။ထို့ကြောင့်–

တဿ တတ္ထ သုခိနော၊ ဓမ္မာပဒါနိ ပလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ အထခေါ သော သတ္တောခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ။ ။အင်္ဂုတ္တိုရ်ပါဠိတော်။

တဿ၊ ထိုလူ့ပြည်က ဝိပဿနာ တရားကို အားထုတ်၍ ဒိဋ္ဌိပြုတ်လုနီးနီးနှင့် စုတေသဖြင့် နတ်ပြည်သို့ ရောက်သောသူအား။ တတ္ထ၊ ထိုနတ်ပြည်၌။ သုခိနော၊ မပင်မပန်း ချမ်းချမ်းသာသာ။ ဓမ္မပဒါနိ၊ လူ့ဘဝက အားထုတ်ခဲ့ဘူးသော တရားအစုတို့သည်။ ပလဝန္တိ၊ ခေါင်းချင်းပေါ်လာရလေကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သတုပ္ပါဒေါ၊ ငါသည် နတ်ပြည်သို့ ရောက်လာချေပြီ တကားဟု သတိရမှုသည်။ ဒန္ဓော၊ နှေးသော်လည်း နှေး၍နေသေး၏။ အထခေါ၊ စင်စစ်သော်ကား။ သော သတ္တော၊ ထိုသူသည်။ ခိပ္ပမေဝ၊ လျင်မြန်သာစွာလျှင်။ ဝိသေသဘာဂီ၊ မဂ်ဖိုလ် နိဗ္ဗာန်တရားထူး တရားမွန်ကို ရခြင်းအဘို့ရှိသည်။ ဟောတိ၊ ဖြစ်လေတော့၏။ လူ့ဘဝက ဝိပဿနာတရားများ အားထုတ်လျက်နှင့်မဂ်မရသေးဘဲစုတိစိတ်ကျ၍ တိဟိတ်ပဋိသန္ဓေနှင့် နတ်ပြည်သို့ ရောက်သောအခါလူ့ဘဝကဲ့သို့ပင် ပင်ပင်ပန်းပန်းအားမထုတ်ရတော့ဘဲ သက်သက်သာ ကလေးနှင့် ဘွားကနဲပေါ်ပေါက်ပြီး မဂ်ဖိုလ်တရားတို့ကို ရကြပေလိမ့်မည်။ သို့အတွက်ကြောင့် ယခုဘဝ၌ပင်မရပါသော်လည်း ဒုတိယဘဝ တတိယဘဝတို့၌ သက်သက်သာသာနှင့်ရကြလေအောင် ကြိုးစား၍ အားထုတ်ရာ၏။ မဂ်နှင့်စပ်သောတရား ဖိုလ်နှင့်စပ်သောတရား တို့ကို

ကြားနာကာမျှနှင့်ပင် ဒုတိယဘဝ တတိယဘဝတို့၌ မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့တို့ကို ရသွားသည် အတွက်ကြောင့် မဂ်ဉာဏ်-ဖိုလ်ဉာဏ်တို့ကို ရရန် အကြောင်းရှိပေ၏။ ။ထို့ကြောင့်—

ဘဂဝတော ဓမ္မဿဝဏေန ဥပနိဿယသမ္ပတ္တိ
ပတ္တာ တာယေဝ ဥပနိဿယသမ္ပတ္တိယာ ဒုတိယေ ဝါ
တတိယေ ဝါ မဂ္ဂဖလဘာဂိနော ဟောန္တိ။

ဘဂဝတော၊မြတ်စွာဘုရား၏။ဓမ္မဿဝဏေန၊မဂ်နှင့်စပ်ဖိုလ်နှင့်စပ်သော တရားတော်ကို ကြားနာရသဖြင့်။ ဥပနိဿယသမ္ပတ္တိ၊ဥပနိဿယ၏ပြည့်စုံခြင်းသို့။ပတ္တာ၊ရောက်၍။တာယေဝ ဥပနိဿယသမ္ပတ္တိယာ၊ထိုဥပနိဿယနှင့် ပြည့်စုံသဖြင့်။ ဒုတိယေ ဝါ၊ ဒုတိယဘဝ၌ သော်၎င်း၊ တတိယေ ဝါ၊ တတိယဘဝ၌ သော်၎င်း။ မဂ္ဂဖလဘာဂိနော၊ မဂ်ဖိုလ်ရရန် မျိုးအမှန်ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ပေကုန်၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ယခုဘဝက မဂ်နှင့်စပ်သောတရား ဖိုလ်နှင့်စပ်သောတရားတို့ကို ကြားနာသွားရသည်ရှိသော် ဒုတိယဘဝတတိယဘဝတို့၌ ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရနိုင်ပေသည်။ ဒုတိယဘဝ တတိယ ဘဝတို့၌ မဂ်မျိုးစေ့ကား ပါ၏။၎င်းမျိုးစေ့ကိုပေါက်အောင်အားထုတ်နှလုံးသွင်းရာ၏။ အားမထုတ် နှလုံးမသွင်းဘဲ ပျင်းရိသောစိတ် ဝင်ပြီးနေခဲ့လျှင် မျိုးစေ့ပေါက်မည်မဟုတ်။ ယခုဘဝ၌ ဝိပဿနာ တရားတို့ကို

အဖန်ဖန်ပွားများလျက် အားထုတ်၍နေသည်ရှိသော် ယခုဘ၀၌ပင်လျှင် နိဗ္ဗာန်ကို ရနိုင်ပါ၏။ အကယ်၍ မရဘဲနေခဲ့လျှင် အကြာဆုံးခုနစ်ဘ၀ အတွင်းဖြင့် ကေန်ရနိုင်ပေ၏။ ထို့ကြောင့်—

သစေ ဝိပဿနာသမ္မာဒိဋ္ဌိ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌေ၀ ဓမ္မေ နိဗ္ဗာနံ ပါပေတုံ သက္ကောတိ၊ ဣစ္စေတံ ကုသလံ၊ သစေ န သက္ကောတိ၊ သတ္တဘ၀ေ ဒေတိ။ အင်္ဂုတ္တိုရ်အဋ္ဌကထာ။

ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ကို၊ ဘာဝိတာ၊ ပွားအပ်စေသည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာလေ့လာခြင်းကို ပြုအပ်သည်ရှိသော်။ ဒိဋ္ဌေ၀ ဓမ္မေ၊ ယခုမျက်မှောက်ဖြစ်သော ဘ၀၌ပင်လျှင်၊ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပေတုံ၊ ရောက်စေခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဣစ္စေတံ-ဣတိ ဧတံ၊ ဤသို့စွမ်းနိုင်ခြင်းသည်။ ကုသလံ၊ ကောင်း၏။ သစေ န သက္ကောတိ၊ အကယ်၍ မစွမ်းနိုင်ကြသည်ဖြစ်အံ့။ သတ္တဘ၀ေ၊ ခုနစ်ဘ၀ကိုင်တိုင်။ ဒေတိ၊ ဝိပဿနာအကျိုး ရှိန်မညိုး၍၊ တန်ခိုးကြီးစွာ ပေးနိုင်ပါ၏။

လောက၌ တရားအတုအပတို့သည် ဖြစ်ပေါ်ကုန်ငြားအံ့။ မဂ်ဖိုလ်တရားသည် ကွယ်ပျောက်ကုန်လတ္တံ့။ ။ထို့ကြောင့်—

ယတော စ ခေါ ကဿပ သဒ္ဓမ္မပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ၊ အထ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။

ကဿပ၊ ချစ်သားကဿပ။ ယတော-ယသ္မာ၊ အကြင့်ကြောင့်။ လောကေ၊ လောက၌။ သဒ္ဓမ္မပဋိရူပကံ၊ သူတော်ကောင်းတရား

အတုအ ပသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ အထ၊ ထိုသို့ဖြစ်သောအခါ၌။ သဒ္ဓမ္မဿ၊မဂ်တရား-ဖိုလ်တရား၏။ အန္တရဓာနံ၊ ကွယ်ပျောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။

## ၁၈-ကျင့်ကြံက ရဟန္တာ ဖြစ်နိုင်ကြောင်း

၁၈။ ယခုအခါအချို့သောသူတို့ပြောဆိုတတ်ကြသည်ကား သောတာပန်ခေတ်မရှိတော့၊ အားမထုတ်ပေမဲ့အားထုတ်ကျိုးမနပ်ဟု ပြောဆိုကြကုန်သောစကားတို့ကို နဲနဲမျှမယုံကြည်အပ်မမှတ်အပ်။ အဘယ့်ကြောင့်ဆိုတော်—

ဣမေ စ သုဘဒ္ဒ ဘိက္ခူ၊ သမ္မာ ဝိဟရေယျုံ။
အသုညော လောကော အရဟန္တေဟိ အဿ။

သုတ်မဟာဝါ ပါဠိတော်။

သုဘဒ္ဒ၊ သုဘဒ်ရဟန်း။ ဣမေ စ ဘိက္ခူ၊ ဤရဟန်းတို့သည်။ သမ္မာ၊ကောင်းစွာ။ ဝိဟရေယျုံ၊ကျင့်ကြံ၍ နေနိုင်ကုန်ငြားအံ့။ လောကော၊ လောကသည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ မဆိတ်သည်။ အဿ၊ ဖြစ်ရာ၏။

ဤသို့ပါဠိတော်၌ ထင်ထင်ရှားရှားကြီး ဟောထားတော်မူသောကြောင့် သာသနာကြီး နေလိုလလို ထင်ရှားရှိခိုက်ကျင့်ကြံ၍ အားထုတ်ခဲ့ပါလျှင် မိမိတို့၏ ပဋိသန္ဓေက တိဟိတ်ဖြစ်ခဲ့ပါမူ သောတာပန်တွင်မက ရဟန္တာအထိဖြစ်နိုင်၏ဟု သေသေချာချာကြီးမှတ်ယူအပ်၏။

ယခုအခါ အနယ်နယ်မှာလိုပင် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်တို့ အလွန် ပေါများကြကုန်၏။ သို့အတွက်ရင်းအရိယာပုဂ္ဂိုလ်တို့ကိုဤသို့ စမ်းသပ်ကြည့်ရှုရာ၏။

## သောတာပန်စမ်းနည်း

၁၉။ ဘဝန္တရေပိ ဟိ အရိယသာဝကော ဇီဝိတဟေတုပိ နေဝ ပါဏံ ဟနတိ၊ န သုရံ ပိဝတိ၊ သစေပိဿ သုရဉ္စ ခီရဉ္စ မိဿေတွာ မုခေ ပက္ခိပန္တိ၊ ခီရမေဝ ပဝိသတိ၊ န သုရာ။ ယထာ ကိံ ကောဉ္စသကုဏာနံ ခီရမိဿကေ ဥဒကေ ခီရမေဝ ပဝိသတိ၊ န ဥဒကံ။ သီလက္ခန် အဋ္ဌကထာ။

ဟိ-သစ္စံ၊မှန်၏။ ဘဝန္တရေပိ၊ ဘဝတပါး၌လည်း။အရိယသာဝကော၊အရိယာသာဝကသည်။ဇီဝိတဟေတုပိ၊ အသက်၏အန္တရာယ်ဖြစ်ခြင်းဟူသောအကြောင်းကြောင့်လည်း။ ပါဏံ၊ သတ္တဝါကို။ နေဝ ဟနတိ၊သတ်လည်းမသတ်။ သုရံ၊အရက်ကို။ န ပိဝတိ၊သောက်လည်း မသောက်။သုရဉ္စ၊အရက်ကိုရင်း။ခီရဉ္စ၊ နို့ရည်ကိုရင်း။မိဿေတွာ၊ရောနှော၍။ အဿ၊ ထိုအရိယာသာဝက၏။ မုခေ၊ခံတွင်း၌။သစေပိ ပက္ခိပန္တိ၊အကယ်၍လည်းထည့်ကုန်ငြားအံ့။ခီရမေဝ၊ နို့ရည်သည်သာလျှင်။ ပဝိသတိ၊ဝင်၏။ သုရာ၊ အရက်သည်။ န ပဝိသတိ၊မဝင်။ယထာ ကိံ၊ ဥပမာပုံဆို အဘယ်ကဲ့သို့နည်း ဟူမူကား။ကောဉ္စသကုဏာနံ၊ ကြိုးကြာငှက်တို့၏။ မုခေ၊ ခံတွင်း၌။ ဥဒကေ၊ ရေ၌။ ခီရမိဿကေ၊ နို့ရည်ရောသဖြင့်။သစေပိပက္ခိပန္တိ၊အကယ်၍လည်းထည့်ကုန်ငြားအံ့။

ဒီရမေ၀၊ နို့ရည်သည်သာလျှင်၊ ပဝိသတိ၊ ဝင်၏။ ဥဒကံ၊ ရေသည်။ န ပဝိသတိ၊ မဝင်။

သောတာပန်ပုဂ္ဂိုလ်တို့သည် သူတပါး၏ အသက်ကို မည်သည့်အခါမျှမသတ်။ ပိုးရွခြပုန်းကလေးတကောင်ကို မင်းသတ်ရမည် မသတ်လျှင် မင်းကိုသတ်မည်ဟု ပြုလုပ်သော်လည်းမိမိ၏ အသက်ကိုသာအသေခံသည်။ သူတပါး၏ အသက်ကိုမသတ်။

သောတာပန်ပုဂ္ဂိုလ်တို့သည် အရက်ကို မည်သည့်အခါမျှ မသောက်။မင်းသည် အရက်ကို သောက်ရမည်မသောက်လျှင် ဟောဒီမီးပုံးကြီးထဲကို ခုန်ဆင်းရမည်ဟုပြုလုပ်သော်လည်းမီးပုံကြီးထဲသို့သာ ခုန်ဆင်းသည်။ အရက်ကိုမသောက်။ အကယ်၍ နို့ရည်နှင့်-အရက်နှင့်တဝက်စီ ထည့်၍တိုက်သော် နို့ရည်သာ ဝင်၏။အရက်မဝင်။ဥပမာကား ကြိုးကြာငှက်တို့သည်ရေကိုမည်သည့်အခါမျှမသောက်၊ နို့ရည်နှင့် ရေနှင့်ရော၍တိုက်လျှင် နို့ရည်သာဝင်၏၊ရေမဝင်။ အဟိဘ်တိရစ္ဆာန်ပင် ဖြစ်သော်လည်း နို့ရည်နှင့် ရေနှင့်ခွဲ၍ယူနိုင်သေးသည်။ သောတာပန်ပုဂ္ဂိုလ် ကြီးဖြစ်လျက် နို့ရည်နှင့်အရက်ခွဲ၍ မယူနိုင်စရာမရှိ။

မဂ်ဖိုလ်နိဗ္ဗာန်တရားကို ရကြသိုသော ပုဂ္ဂိုလ်တို့သည် ယခုပြဆိုအပ်ခဲ့ကုန်ပြီးသော တရားအစုစုတို့ကို ကောင်းစွာ ကြည့်ရှုမှတ်သား၍ အားထုတ်နှလုံးသွင်းပါမူနိဗ္ဗာန်နှင့်ဝေးမည်မဟုတ်သတိုမေ့လျော့ပြီး ပေါ့ပေါ့ဘန်တန်နှင့်နေပါလျှင် ကြာလေဝေးလေ ကြာလေ ဝေးလေ ဖြစ်ကြပေလိမ့်မည်။

## ၂၁-နိဗ္ဗာန်သည် အနီး၌ ကပ်စနေပုံ

၂၀။ နိဗ္ဗာန်ဆိုဒါသည် တရားကိုမသိမမြင်က အဝေးကြီးဟုမှတ်ထင်ရ၏။ တရားကို သိမြင်သော် ကိုယ်၏အနားမှာတွင် ကပ်လျက်နေသည်ကို သိနိုင်၏။ ။ထို့ကြောင့်—

သန္တိကေန ဇာနန္တိ မဂ္ဂါ ဓမ္မဿ အကောဝိဒါ။
သံယုတ်ပါဠိတော်။

ဓမ္မဿ၊ ပရမတ္ထတရား၌။ အကောဝိဒါ၊မလိမ္မာကုန်သော။ မဂ္ဂါ၊ပုထုဇ္ဇန် လူပြိန်းတို့သည်။နိဗ္ဗာန်၊နိဗ္ဗာန်တရားကို၊သန္တိကေ၊ ကိုယ့်အနားတွင်းနီးကပ်လျက်နှင့်။န ဇာနန္တိ၊ မသိနိုင်ကြကုန်။

နိဗ္ဗာန်ဆိုဒါသည်ကိုယ့်အနားမှာဘွင် ကပ်လျက်နေသည်၊ တွေ့မြင်လိုလျှင်နောက်က ပြဆိုအပ်ခဲ့ကုန်ပြီးသော တရားတို့ကို ကောင်းမွန်စွာ ကြိုးစားအားထုတ်၍ နေရာကုန် သတည်း။

ဤကဲ့သို့ပြဆိုအပ်ခဲ့ကုန်ပြီးသောအစီအစဉ်တို့သည် ကလျာဏ ပုထုဇ္ဇန်နှင့်စူဠသောတာပန်ကို အရင်းထားပြီးသေးပါးသောမဂ် လေးပါးသော ဖိုလ်တို့ကိုလည်း ရနိုင်ပြီဖြစ်သောကြောင့် နိဗ္ဗာန် သို့ ရောက်ရန်လမ်းမှာ အနီးဆုံးသော ဖြတ်လမ်းသဖွယ်နှင့် တူ သည့်အဖြစ်ကြောင့်ယောဂီပုဂ္ဂိုလ်တို့ နှစ်သက်အပ်သည့်အတွက် ယောဂီနန္ဒ အမည်ရှိသော ဤကျမ်းကို စူဠသောတာပန်ဖြစ်ခန်း ခေတ်ကမ္မဋ္ဌာန်း ဟူ၍ ခေါ်ဆိုအပ်ပေသတည်း။

၂၁။ ဣမိနာ ပုညကမ္မေန၊ ဒုတိယေအတ္တသမ္ဘဝေ။
တာဝတိံသေ နိဗ္ဗတ္တိတွာ၊ စတုမဂ္ဂလဒ္ဓဉာဏံ။

ဣမိနာ ပုညကမ္မေန၊ ဤသို့ယခုရေးသားပြုပြင် စီရင်အပ်သော ကုသိုလ်ကံကြောင့်။ ဒုတိယေ၊ ဒုတိယဘဝ၌။ အတ္တသမ္ဘဝေ၊ အတ္တဘောသည် ဖြစ်ရသည်ရှိသော်။ တာဝတိံသေ၊ တာဝတိံသာ ဘုံ၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်ပြီး၍။ စတုမဂ္ဂဉာဏ၊ လေးပါးသောမဂ်ဉာဏ်ကို။ လဒ္ဓံ၊ မုချကေန် ရပါလို၏။

## အဘိဓမ္မာ-တာဝတိံသာ

ကျမ်းပြီးနိဂုံး၌ တာဝတိံသာဘုံကို ဆုတောင်းထားသောကြောင့် တာဝတိံသာ နတ်သားကလေး ဖြစ်ချင်၍ မှတ်တယ်ဟုအထင်ရောက်ကြလိမ့်မည်။ ဤကဲ့သို့မဟုတ်၊ တာဝတိံသာဘုံသည် မြတ်စွာဘုရား အဘိဓမ္မာတရားဟောသောဘုံ ဖြစ်သည်။ ရှေးလွန်လေပြီးသော မြတ်စွာဘုရားတို့လည်း တာဝတိံသာဘုံမှာသာလျှင် အဘိဓမ္မာတရား ဟောတော်မူသည်၊ နောင်ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားတို့လည်း တာဝတိံသာဘုံမှာပင် အဘိဓမ္မာတရားကို ဟောတော်မူမည်။

လူ့ဘုံ၌ အဘိဓမ္မာတရားတော်ကို ဟောတော်မမူ။ အဘယ်ကြောင့် ဟောတော်မမူသနည်းဟူမူ အဘိဓမ္မာတရားတို့သည် အစ-အလယ်-အဆုံး သုံးပါးလုံးကို တထိုင်တည်း နာနိုင်မှသာ

လျှင် နားလည်သည်၊ လူတို့၏အရေအတွက်မှာမူ သုံးလကြာသည်။ တာဝတိံသာနတ်တို့၏ အရေအတွက်မှာမူ တထိုင်စာလောက်ခလေးဖြစ်သည်။လူတို့မှာမူ သုံးလတိတိမထဘဲမနေနိုင်၊ ထသွားလျှင်နားမလည်တော့ပေ။ သို့အတွက်ကြောင့် လူ့ဘုံ၌ အဘိဓမ္မာတရားကိုမဟော။

ဘုံသုံးဆယ့်တစ်တို့တွင်တာဝတိံသာဘုံသည် မြတ်စွာဘုရား အဘိဓမ္မာတရားတော်ကို ဟောရာဖြစ်သော ဘုံဖြစ်ခြင်းကြောင့် အရိယာနတ်သား အများဆုံး ရှိသော ဘုံဖြစ်သည်။ အခြားသောဘုံများနှင့်မတူ၊ ဝိပဿနာတရားကိုယခုက အားထုတ်လျှင် တာဝတိံသာဘုံသို့ ရောက်က ရောက်ရောက်ချင်း အရိယာနတ်သား ဖြစ်နိုင်ခြင်းတရပ်၊နတ်သား အချင်းချင်း မေးမြန်းရှုံနှင့် အရိယာနတ်သားဖြစ်နိုင်ခြင်းတရပ်၊ နတ်တို့၏ တရားသဘင်၌ တရားနာရ၍ အရိယာနတ်သား ဖြစ်နိုင်ခြင်း တရပ်၊ထိုသို့သောအကြောင်းတို့ကြောင့် တာဝတိံသာဘုံကိုသာ ရောက်ပါကအရိယာနတ်သား ဖြစ်တော့မည်ကားမလွဲတော့ပေ။

**မှတ်ချက်**။ ။ဤကျမ်းအလိုရှိပါက မည်သူမဆိုရိုက်နှိပ်ကူးယူနိုင်သည်၊ ခွင့်ပြုထားသော ကျမ်းဖြစ်သောကြောင့် အမှားအမှန်ကို လိုက်၍ မပြင်ဆင်နိုင်၊ သတိထား၍ပြင်ဆင်ဘတ်ရာ၏။

# သံပေါက်လက်ာများ

(၁) မနုဿတ္တ၊ဒုလ္လဘ၊ ကြုံရခဲအခါ။
(၂) ခဲအခါမှ၊ မသိက၊ လားအုံးပါယ်လေးရွာ။
(၃) အသိတရား၊ ဆိုသည်ကား၊ မှတ်ထားနှစ်ခုသာ။
(၄) သညာ–ပညာ၊ ထိုနှစ်ဖြာ၊ မှန်စွာသိတတ်တာ။
(၅) သညာသိ–မှာ၊ ပါယ်လေးရွာ၊ ကေန်မလွတ်ရာ။
(၆) ပညာသိမှ၊ ကေန်ပ၊ မုချလွတ်မည်သာ။
(၇) သိဘို့တရား၊ ဆိုသည်ကား၊ မှတ်ထားသေချာစွာ။
(၈) လိုရင်းကိုပ၊ ပြောဆိုလှ၊ မှတ်ပသေအချာ။
(၉) ရုပ်နာမ်ဆိုလေ့၊ စုံအစေ့၊ လိုက်ရှမသိရာ။
(၁၀) ရုပ်တစ် နာမ်တစ်၊ ထိုနှစ်ဆင့်၊ မှတ်လင့်တော်ပြီပါ။
(၁၁) ထွက်–ဝင်–လေမှာ၊ ရုပ်မှတ်ပါ၊ သေချာမလွဲရာ။
(၁၂) ဝင်လေ–ထွက်လေ၊ ဤနှစ်ထွေ၊ သိပေနာမ်မှတ်ပါ။
(၁၃) ထိုရုပ် ထိုနာမ်၊ မြင်အောင်ကြံ၊ ထပ်မံသုံးသပ်ပါ။
(၁၄) နာမ်ရုပ်နှစ်တန်၊ အားထုတ်ပြန်၊ စိတ်ဉာဏ်မှရှုပ်ရာ။
(၁၅) အားထုတ်ပါမှ၊ ဖြစ်နိုင်လှ၊ မုချစူဋ္ဌသာ။
(၁၆) စူဋ္ဌသောတာ၊ဖြစ်သောခါ၊ခတ်ပါလက်ပန်းပေါင်းသာ။
(၁၇) အပါယ်ဟူက၊ ဘိတ်မကျ၊ မုချလွတ်မည်သာ။
(၁၈) တကြိမ်တခါ၊ အားထုတ်ပါ၊ အတုစူဋ္ဌသာ။
(၁၉) သက်ထက်ဆုံးပ၊ စွဲမြဲက၊ မုချအစစ်သာ။
(၂၀) စူဋ္ဌသောတာ၊ ခေါ်ပြန်ပါ၊ အမှန်သိသူသာ။
(၂၁) သောတစူဋ္ဌ၊ မဖြစ်က၊ လူဖြစ်ရကျိုးမနပ်ပါ။

(၂၂) ဗုဒ္ဓဘာသာ၊ ဆိုသူမှာ၊ ကောန်ဖြစ်နိုင်တာ။
(၂၃) စိတ်ကိုဖန်ဖန်၊ သိဘို့ရန်၊ **အမှန်တိုက်တွန်းပါ။**
(၂၄) မတိုက်တွန်းဘဲ၊ ရှောင်နေလွှဲ၊ လွှဲတော့သာသနာ။
(၂၅) အတိတော ဗုဒ္ဓေါ အနာဂတာ ဗုဒ္ဓါ၊ပစ္စုပ္ပန် ဗုဒ္ဓံ၊
ဤသုံးတန်၊ဟောပြန် ဤတရားသာ။
(၂၆) ဤတရားမှ၊ မဂ်ဖိုလ်ရ၊ လွှဲကမရပါ။
(၂၇) ရလိုပါလျှင်၊ ရုပ်နာမ်လှုလှု၊ သိရလေမအောင်၊
သတိဆောင်၊ ဖြစ်အောင်ကြိုးစားပါ။
(၂၈) ခန္ဓာနာမ်ရုပ်၊ အကောင်ပုပ်၊ ဒုက္ခသစ္စာ-သာ။
(၂၉) ခန္ဓာငါးခု၊ ခင်တွယ်မှု၊ သမုဒယသစ္စာ-သာ၊
(၃၀) ဇာတ်သိမ်းခန္ဓာ၊ ဖြစ်သည့်ခါ၊ နိရောဓသစ္စာ—သာ။
(၃၁) နိဗ္ဗာန်လိုလား၊အားထုတ်ငြား မဂ္ဂသစ္စာ-သာ။
(၃၂) ဖောက်ပြန်ပျက်သွား၊.ရုပ်စုများ၊ ရူပက္ခန္ဓာ-သာ
(၃၃) အာရုံငါးပါး၊ ခံစားငြား၊ ဝေဒနာ က္ခန္ဓာ-သာ၊
(၄၄) အာရုံတရား၊ မှတ်သားငြား၊သညာက္ခန္ဓာ-သာ။
(၃၅) ရုပ်နာမ်တရား၊စေ့ဆော်ငြား၊ သင်္ခါရက္ခန္ဓာသာ။
(၄၆) ရုပ်နာမ်ကိုကား။ သိစေငြား၊ ဝိညာဏ်က္ခန္ဓာသာ။

၁၃ ကြိမ် နှိပ်ခြင်း-အုပ်ရေ - ၂၂၀၀
ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက်အမှတ်-၁၀၆၄၀
ကင်းလွတ်ခွင့်အမှတ်-၀၅၃၇၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၂၉၃
ထုတ်ဝေသူ - ဦးဘလှသိန်း
အမှတ်- ၂၈-/ ဘိုးစိန်လမ်း
ရန်ကုန်မြို့။

ပုံနှိပ်သူ....

ဦးတင်မြ · ဒေါ်လှကြည်

ငွေစံလင်း ပုံနှိပ်တိုက်

အမှတ် ၄၅ [illegible]
[illegible] ရန်ကုန် [illegible]

မှတ်ပုံတင်အမှတ် (၀၇၆၉)။